ဗာဟုသစ္စဥ္စ ဧတံ မင်္ဂလ မုတ္တမံ၊ အကြားအမြင်များခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်၊ ၂၀၀၄ခုနှစ်၊ ဇန်နဝါရီ ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၀၆)

ကြည့်ရှုစစ်ဆေး

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ထားဝယ်တက္ကသိုလ်နားနေဆောင်ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇန်နဝါရီ ၁၁ ရက်က တနင်္သာရီတိုင်း ထားဝယ်မြို့ရှိ ထားဝယ်တက္ကသိုလ် ကျောင်းသား ကျောင်းသူများ နားနေဆောင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထားဝယ်ဒေသကိုအခြေပြုပြီး နိုင်ငံတကာနှင့်ဆက်သွယ်ဆက်ဆံနိုင်မည့်အခြေအနေဖြစ်ပေါ်လာမောင်းမကန်ဒေသသည် ပင်ကိုသဘာဝမပျက်ယွင်းသေးသည့် ပင်လယ်ကမ်းခြေအပန်းဖြေဒေသတစ်ခုဖြစ် အဆင့်မီပင်လယ်ကမ်းခြေအပန်းဖြေစခန်းတစ်ခုဖြစ်လာအောင် အဆင့်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၃

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာကြရာ နံနက် ၈ နာရီခွဲတွင် တနင်္သာရီတိုင်း ထားဝယ်မြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ထားဝယ်လေဆိပ်မှ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် စစ်ဘက်၊ နယ်ဘက်မှ အရာရှိများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ဖြည့်ဆည်းပေး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့် လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် လောင်းလုံးမြို့နယ် ညောပြင်ပင်လယ်ရေနက်ဆိပ်ကမ်းတည်ဆောက်မည့်နေရာသို့ သွားရောက်ကြရာ လမ်းခရီး၌ လောင်းလုံမြို့နယ် အောက်ရေဖြူကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲတွင် ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ စာသင်ခန်းနှင့် ကျောင်းသားများ ပညာသင်ကြားမှုအခြေအနေကို မေးမြန်းကာ အောက်ရေဖြူအထက်တန်းကျောင်းခွဲကို အထက်တန်းကျောင်းအဆင့်တိုးမြှင့်ပေးရေး စီစဉ်ဆောင်ရွက်ပေးပြီး ကျောင်း၏လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

ယနေ့ထုတ်စောင်ရေ
၂၀၂၃၅၅

ထားဝယ်တက္ကသိုလ်အဆောင်များ

တနင်္သာရီတိုင်း ထားဝယ်မြို့ရှိ ထားဝယ်တက္ကသိုလ် အဆောင်များကို ဇန်နဝါရီ ၁၁ ရက်က တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်)

ပြည်ထောင်စုစိတ်ဓာတ် အစဉ်ထွန်းကားပြန့်ပွားရေး တိုင်းရင်းသားအားလုံး ပူးပေါင်းလက်တွဲ ကြိုးပမ်း

နိုင်ငံတော်အစိုးရသည် ပြည်နယ်နှင့်တိုင်း ၁၄ ခုတို့ဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် စနစ်တကျ စီမံဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ကြိုးပမ်းအကောင်အထည်ဖော်ရာတွင် တိုင်းရင်းသားညီအစ်ကိုအားလုံးသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် စည်းလုံးညီညွတ်စွာ အတူတကွ လက်တွဲပါဝင်ဆောင်ရွက်ကြရမည် ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ကို မိမိနိုင်ငံ၏ အတိတ်သမိုင်းကြောင်းပေါ်တွင် အခြေတည်ပြီး မိမိလူမျိုး၏ အမျိုးသားရေး နှုန်းစံများနှင့်အညီ တည်ဆောက်နိုင်မှသာ နိုင်ငံတော် အဓွန့်ရှည်တည်တံ့ခိုင်မြဲနိုင်မည်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးအားလုံးတို့သည် မြန်မာနိုင်ငံအား ကျူးကျော်သူ နယ်ချဲ့များကို ခုခံတိုက်ခိုက်ရာတွင်လည်းကောင်း၊ ဖက်ဆစ်များကို တွန်းလှန်ရာတွင်လည်းကောင်း တညီတညွတ်တည်း အတူလက်တွဲ ပါဝင်ဆင်နွှဲခဲ့ကြသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်ရာတွင် အသက်၊ သွေး၊ ချွေးတို့ဖြင့် ရင်းနှီး၍ စွန့်လွှတ်စွန့်စား ပေးဆပ်ခဲ့ရသော အတိတ်သမိုင်းကြောင်း ရှိခဲ့သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက သမိုင်းသင်ခန်းစာများကိုရယူပြီး အနာဂတ်နိုင်ငံတော်ကြီး တောက်ပြောင်ဝင့်ကြွားနိုင်စေရန် အမျိုးသားစည်းလုံးညီညွတ်ရေးကို ဦးစားပေး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားလမ်းကြောင်းမှန်ပေါ်တွင် အဓိကထား၍ လျှောက်လှမ်းခဲ့ခြင်းဖြစ်သည်။

ယနေ့အချိန်အခါသည် တိုင်းရင်းသား စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် မိမိနိုင်ငံတော်ကို မိမိတည်ဆောက်နိုင်ခဲ့သည့်ကာလသို့ ရောက်ရှိနေပြီဖြစ်သည်။ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးသည် တစ်ဦးနှင့်တစ်ဦးအကြား နားလည်စာနာမှု၊ ရင်းနှီးချစ်ကြည်မှု သဘောထားများထားရှိကာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းလျက်ရှိကြသည်။

နိုင်ငံတော်အစိုးရက နိုင်ငံတော်အတွင်း ဒေသအသီးသီးတွင် မျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရန် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု သတ်မှတ်ပြီး စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ဒေသအလိုက်၊ ကဏ္ဍအလိုက် ဟန်ချက်ညီညီ ဖွံ့ဖြိုးလာရေး ဆောင်ရွက်ရာတွင် ကြုံတွေ့ခဲ့ရသည့် အကန့်အသတ်မျိုးစုံကို ပြည်တွင်းစွမ်းအားစုများကို အခြေပြုပြီး ရင်ဆိုင်ကျော်လွှားနိုင်ခဲ့သည်။

နိုင်ငံနှင့်အဝန်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် လမ်းများ၊ တံတားများကို ကွန်ရက်ယှက်သွယ် တည်ဆောက်ပေးလျက်ရှိသည်။ အခြေခံစီးပွားရေးလုပ်ငန်းဖြစ်သော စိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းစေရန် အခြေခံအဆောက်အအုံများစွာကို ဖြည့်ဆည်းပေးနိုင်ခဲ့သည်။

အထူးသဖြင့် နယ်စပ်ဒေသနယ်မြေများတွင် ဒေသဖွံ့ဖြိုးရေး အခြေခံများဖြစ်သည့် ဆည်မြောင်း တာတမံများ၊ လမ်းများ၊ တံတားများ၊ ဆက်သွယ်ရေးနှင့် စွမ်းအင်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန် တည်ဆောက်ပေးလျက်ရှိသည်။ တစ်ချိန်တည်းတွင် ပညာရေး၊ ကျန်းမာရေး၊ ပြည်သူ့ဆက်ဆံရေး စသည့် လူမှုရေး အခြေခံအဆောက်အအုံများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အတွင်း ယခုကဲ့သို့ စီးပွားရေး၊ လူမှုရေးအခြေခံအဆောက်အအုံများကို အချိန်တိုကာလအတွင်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းသည် ပြည်တွင်းအင်အားစုများဖြစ်သည့် တိုင်းရင်းသားပြည်သူအားလုံး၏ အမျိုးသားရေးစွမ်းအားဖြင့် ကြိုးပမ်းအားထုတ်နိုင်ခဲ့ခြင်းကြောင့် ဖြစ်ပေသည်။

နယ်မြေဒေသများ၏ ငြိမ်းချမ်းသာယာမှုသည် ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံဖြစ်ရာ တိုင်းရင်းသားညီအစ်ကိုများအားလုံးက ရရှိပြီးသော ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ထာဝစဉ် တည်တံ့ခိုင်မြဲနေစေရန် အစဉ်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူအားလုံးက လူနေမှုဘဝမြင့်မားပြီး အေးချမ်းသာယာသော၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီး တည်ဆောက်ရာတွင် ပြည်ထောင်စုစိတ်ဓာတ် အစဉ်ထွန်းကားပြန့်ပွားရေး ဦးတည်လျက် တိုင်းရင်းသားညီအစ်ကို သွေးချင်းများအကြား ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် မိမိတို့ ကျရာအခန်းကဏ္ဍမှ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ပူးပေါင်းလက်တွဲ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ဇန်နဝါရီ ၁၂ရက်က မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်နှင့် နီလာဒံပေါက်နှင့် စားတော်ဆက်၊ မင်္ဂလာသန်းမြင့်စက်မှုကုန်တိုက်တို့ ပူးပေါင်းကျင်းပသည့် အမျိုးသားပတ်လည်အမှတ်ပေး ဟော်ကီပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အဖွဲ့ချုပ်ဥက္ကဋ္ဌ အမှတ်(၂)စစ်ဒေသမှူးနှင့် တပ်မတော်မှတ်တမ်းရုံး တပ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်ထံ ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် နီလာဒံပေါက်နှင့် စားတော်ဆက်ပိုင်ရှင် ဦးတင်မြင့်နီက ကျပ် ၁၀သိန်း၊ မင်္ဂလာသန်းမြင့်စက်မှုကုန်တိုက် မန်နေဂျင်းဒါရိုက်တာ ဦးသန်းဇော်ဦးက ငွေကျပ် ၅ သိန်း ပေးအပ်လှူဒါန်းစဉ်။ (၂၁၀)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ငြိမ်းချမ်းရေး ယာဉ်လိုင်းများ ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်အားအမှူးထား၍ ယာဉ်လိုင်း မိသားစုများ၏ ဘုရားအနေကဇာတင်ခြင်းနှင့် ဘုရားကိုးဆူပူဇော်ပွဲကို ဇန်နဝါရီ ၃ ရက်က ရုံးချုပ်ခန်းမ၌ ပြုလုပ်ရာ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးခင်မောင်လေး (ငြိမ်း)နှင့် အတွင်းရေးမှူး ဦးမောင်စံ(ခ) ဦးဘိုးစံတို့က သံဃာတော်များအား လှူဖွယ်ပစ္စည်း လှူဒါန်းစဉ်။ (၁၂၉)



လုပ်ငန်းများ စည်းကမ်းစနစ်ကျနစွာ လုပ်ကိုင်ဆောင်ရွက် ဝန်ကြီးဗိုလ်ချုပ်လှထွန်း ဘဏ်လုပ်ငန်းများ စစ်ဆေးမှာကြား

ရန်ကုန် ဇန်နဝါရီ ၁၃

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်၊ အထူးအရာရှိ ဗိုလ်မှူးကြီးဆန်းထွန်းနှင့် မြန်မာ့စီးပွားရေးဘဏ်မှ အထွေထွေမန်နေဂျာ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ဝင်းနှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဇန်နဝါရီ ၁၀ ရက်တွင် မန္တလေးမြို့ရှိ မန္တလေးတိုင်း အခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ အဖွဲ့အစည်းများမှ ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ဝန်ကြီးက ပြောကြားရာတွင် မိမိတို့၏ လက်အောက်ခံ ဌာနများအနေဖြင့် ငွေရေးကြေးရေးကိစ္စများနှင့် စာရင်းဇယားများအား အဓိကထား လုပ်ငန်းဆောင်ရွက်နေရသည့် ဌာနဖြစ်သည့်အတွက် ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများကို စည်းကမ်းစနစ်ကျနစွာ လုပ်ကိုင်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ နိုင်ငံတော် ဘဏ္ဍာငွေများကို အဓိကရှာဖွေပေးရသည့် ဌာနဖြစ်သည်နှင့်အညီ ဌာနများ၏ ရည်မှန်းချက်ကို ပြည့်မီစေရေး အဆင့်ဆင့် ကြပ်မတ်ကွပ်ကဲ ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

မှာကြား

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ် ၂၃လမ်းနှင့် ၈၃လမ်းထောင့်ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲ(၂)သို့ သွားရောက်စစ်ဆေးရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ဘဏ်ခွဲအတွင်း ငွေထုတ်၊ ငွေသွင်းလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ဘဏ်လုပ်ငန်းနှင့်ပတ်သက်၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ၈၃ လမ်းရှိမြန်မာ့စီးပွားရေးဘဏ် တိုင်းရုံးချုပ်ကိုလည်းကောင်း၊ အောင်မြေသာစံမြို့နယ် ၂၆လမ်းရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲ ၃ ကိုလည်းကောင်း စစ်ဆေးရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းအလိုက်ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဇန်နဝါရီ ၁၁ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်း အကောက်ခွန်ဦးစီးဌာနရုံးသို့ သွားရောက်စစ်ဆေးရာ တာဝန်ရှိပုဂ္ဂိုလ်များက အကောက်ခွန်လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကွန်ပျူတာစာရင်းကိုင်သင်တန်း ဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၃

ကုမ္ပဏီ လုပ်ငန်းများ၊ ရုံးလုပ်ငန်းများတွင် မရှိမဖြစ် လိုအပ်သော စာရင်းကိုင်ပညာ ဘာသာရပ်ကို ကွန်ပျူတာဖြင့် အသုံးချ ရှင်းတတ်ရန် Computerized Accounting Course ကို ဇန်နဝါရီ ၁၇ ရက်တွင် သင်တန်းဖွင့်လှစ်မည်ဖြစ်သည်။ အဆိုပါ ဘာသာရပ်တွင် Peachtree Accounting Software ကို အဓိကထား သင်ကြားပေးမည်ဖြစ်ပြီး Check Writing, In Depth Inventory, Time & Billing, Invoicing, Payroll, Job Costing စသည့် အပိုင်းများ ပါဝင်သည်။ စီးပွားရေး ဘာသာရပ်ကို အဓိကထားသော တက္ကသိုလ် ကျောင်းသား ကျောင်းသူများ အတွက် အထူးသင့်လျော်ပြီး Basic Course, Desktop Publishing Course, GraphicDesign Course, A+ Hardware and System Maintenance Course (Basic, Advanced), Webpage Design Course (Basic, Advanced), Special Programming Course စသည့်ဘာသာရပ်များ Progr-amming ဘာသာရပ်ကို အဓိကထား၍ Software Development လုပ်ကိုင်သူများအတွက် Software Engineering Course(SE) ဘာသာရပ်များ စသည်တို့ကို ပုံမှန်ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။ အထက်ပါ သင်တန်းများကို စိတ်ပါဝင်စား၍ တက်ရောက်လိုသူများသည် Edulight Computer Centre အမှတ် (၁၁၉/၁၂၁)၊ ငါးထွာ၊ လသာလမ်း (အပေါ်)၊ လသာမြို့နယ်၊ ရန်ကုန်၊ ဖုန်း-၀၁-၃၇၂၆၈၀ သို့ စာရင်းပေးနိုင်ကြောင်း သိရသည်။ **(က-ပ)**

တိုးစံစာပေ အမှတ် ၂၉ သတိပဋ္ဌာန်လမ်း တာမွေမြို့နယ် ရန်ကုန် ဖုန်း-၅၄၆၁၅၀ က ထုတ်ဝေဖြန့်ချိသော ဆရာဦးကံချွန် (ဘောဂဗေဒ)ပြုစုသည့် မျှော်မှန်းမေးခွန်းလွှာ စာအုပ်မျက်နှာဖုံး။ (က-ပ)

မြန်မာ့အသေးစားချေးငွေလုပ်ငန်းရုံးခွဲသစ်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၃

မြန်မာ့အသေးစားချေးငွေလုပ်ငန်းရုံးခွဲသစ်ဖွင့်ပွဲကို ဥမြို့ ကျောင်းတက်လမ်းနှင့် ဦးဥတ္တမ လမ်းထောင့်ရှိ ရုံးအဆောက်အအုံတွင် ဇန်နဝါရီ ၉ ရက်က ပြုလုပ်ရာ မြန်မာ့အသေးစားချေးငွေလုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဦးသန်းညွှန့်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအုန်းတင်တို့က ရုံးခွဲသစ် အဆောက်အအုံနှင့် ချေးငွေ ရုံးခွဲဆိုင်းဘုတ်တို့ကို ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးကြသည်။

(က-ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

အမျိုးသားသင့်မြတ်စည်းလုံးရေး
ဒီမိုကရေစီရေး ရှေးရှုသော အမျိုးသားညီလာခံ

အောင်မိုးခံ

ဒီကနေ့ သဘာဝသိပ္ပံရော လူမှုသိပ္ပံအရာမှာပါ အရာရာတိုင်းဟာ တည်ငြိမ်တဲ့ အနေအထားကိုသာ ရှေးရှုပြုပြင်စီရင်နေကြမြဲ ဖြစ်ပါတယ်။ ကုန်ထုတ်စွမ်းအားစုတွေ ဖွံ့ဖြိုးဝေဆာပြီး တည်ငြိမ်အေးချမ်းတဲ့ဘဝနဲ့ ကုန်ထုတ်စွမ်းအားစုတွေ ပျက်ပြုန်းကုန်ပြီး ဆူပူမငြိမ်သက်တဲ့ ဘဝတို့ရဲ့ အားပြိုင်လွန်ဆွဲပွဲမှာ ပထမတိုးတက်ဖြစ်ပေါ်ရေးတရားဟာ သမိုင်းယာဉ်ရထားပေါ်မှာ ရှိပြီး ဒုတိယဆုတ်ယုတ်ပျက်ပြုန်းမှုဖြစ်စဉ်ကတော့ သမိုင်းရဲ့ အမှိုက်ပုံတွေ၊ ပြတိုက်တွေ ထဲမှာ သိမ်းဆည်းစွန့်ပစ်ခံရတော့မယ် ဖြစ်ပါတယ်။ ဒီကနေ့ ဒုတိယကမ္ဘာစစ်ပြီးခေတ်မှာ လွတ်လပ်ရေးရရှိလာတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများကို ယေဘုယျခြုံကြည့်မယ်ဆိုရင် နှစ်မျိုးနှစ်စား ခွဲခြားနိုင်မယ် ဖြစ်ပါတယ်။ (က) ပထမအမျိုးအစားဟာ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးတွေ မှန်မှန်ကြီး တိုးတက်ဖွံ့ဖြိုးမှုကိုရရှိပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ထိပ်တန်းရောက်လာကြကာ အဲဒီအထဲက အချို့သော စက်မှုနိုင်ငံသစ်များ (Newly Industrialized Countries)အဆင့်ကိုပင် တက်လှမ်းနေကြပြီးဖြစ်တဲ့ နိုင်ငံအမျိုးအစားတွေရယ်၊ (ခ) ဒုတိယအမျိုးအစားကတော့ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးတွေ ကျဆင်းဆုတ်ယုတ်ပြီး အကျပ်အတည်းတွေနဲ့ ကြုံနေရဆဲဖြစ်တဲ့ နိုင်ငံရယ်လို့ ခွဲခြားနိုင်ပါတယ်။ အဲဒီလို သမိုင်းဇာတ်ခုံပေါ်တွင် စိတ်ချမ်းမြေ့စရာဇာတ်လမ်းကို ကနေရတဲ့နိုင်ငံတွေနဲ့ ဝမ်းနည်းစရာအတိပြီးတဲ့ ဇာတ်လမ်းကိုကနေရတဲ့ နိုင်ငံတွေရယ်လို့ ဘဝခြားနေရမှုကို လူမှုသိပ္ပံတရားနဲ့ သုံးသပ်အဖြေရှာကြည့်တဲ့အခါ လူ့သမိုင်းတိုးတက်ဖြစ်ပေါ်ရေး လမ်းကြောင်းမှန်ကို ရွေးချယ်နိုင်မှုနှင့် မရွေးချယ်နိုင်မှုအပေါ် တည်နေတာ တွေ့ရပါတယ်။

ဖွံ့ဖြိုးဆဲ နိုင်ငံတစ်ခုဟာ ဆိုရှယ်လစ်စနစ်ကို ချက်ချင်းမထူထောင်နိုင်ဘဲ အရင်းရှင်စနစ်ကို ဦးစွာထူထောင်ဖွံ့ဖြိုးစေမှသာ နိုင်ငံခေတ်မီတိုးတက်မှုကို ရရှိနိုင်တယ်လို့ ခေတ်သစ်သိပ္ပံ နိုင်ငံရေးဘောဂဗေဒတရားက ဆိုပါတယ်။ ဒီတရားမှန်ကန်ကြောင်းကို ကမ္ဘာမှာ စက်မှုအရင်းရှင်စနစ် ဦးစွာမထူထောင်ဘဲ ဆိုရှယ်လစ်စနစ် လက်ငင်းချက်ချင်း ထူထောင်ခဲ့တဲ့နိုင်ငံတွေ ကျဆုံးကုန်ပြီး အရင်းရှင်စနစ်ရဲ့ ဈေးကွက်စီးပွားရေးကို ဦးစွာထူထောင်ခဲ့တဲ့ နိုင်ငံတွေခေတ်မီ ဖွံ့ဖြိုးတိုးတက်နေမှုတို့က ကိုယ်ထင်ပြလျက်ရှိပါတယ်။ အရင်းရှင်ဈေးကွက်စီးပွားရေးစနစ်ကို ဦးစွာထူထောင်ရာတွင်လည်း မိမိတို့လူမှုဘဝ ရောက်ရှိနေတဲ့ ကာလဒေသပတ်ဝန်းကျင် အခြေအနေတွေအပေါ် ဖောက်ကျူးပြီး လူမျိုးဆက်ပေါင်းများစွာနဲ့ ထူထောင်တိုးတက်လာတဲ့ စက်မှုအရင်းရှင်နိုင်ငံကြီးတွေကို ချက်ချင်း ပုံတူကူးကျင့်သုံးတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများလဲ အခြေမခိုင်ဘဲ ပျက်ပြားသွားခဲ့ကြပါတယ်။ ဒါကြောင့် မိမိတို့ လူမှုဘဝရောက်ရှိနေတဲ့ ကာလဒေသပတ်ဝန်းကျင်နဲ့ ကိုက်ညီမှန်ကန်စွာ အရင်းရှင်စနစ်ရဲ့ ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီကို ကျင့်သုံးလာခဲ့သော ဖော်ပြခဲ့တဲ့ ပထမအမျိုးအစားနိုင်ငံများကသာ မှန်မှန်ကြီး ဖွံ့ဖြိုးတိုးတက်လာခဲ့တာ ဖြစ်ပါတယ်။ ဒီကနေ့ မြန်မာနိုင်ငံဟာ အဲဒီနိုင်ငံများလို လူ့သမိုင်းဖြစ်ပေါ်တိုးတက်ရေး လမ်းမှန်ပေါ်ကို ရောက်လာပြီဖြစ်ပါတယ်။ ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီထူထောင်ရေး လမ်းမှန်ပေါ်ကို ရောက်လာပြီဖြစ်ပါတယ်။ မိမိတို့ လူ့အဖွဲ့အစည်း ပကတိရောက်ရှိနေတဲ့ ကာလဒေသပတ်ဝန်းကျင်နဲ့အညီ ဒီမိုကရေစီနိုင်ငံထူထောင်ရေး ရှေ့လုပ်ငန်းစဉ် ခုနစ်ရပ်ကိုလဲ ချမှတ်ခဲ့ပြီး ဖြစ်ပါတယ်။

အခုလို ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီ ခေတ်ပြောင်းတော်လှန်ရေး ဆင်နွှဲလာတဲ့ တပ်မတော်အစိုးရဟာ အမျိုးသားပြန်လည် သင့်မြတ်ရေးကို ဦးစားပေးကြိုးပမ်းလာခဲ့ပါတယ်။ အဲဒီလို ကြိုးပမ်းရာမှာ လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်လာတဲ့ လက်နက်ကိုင်အဖွဲ့အစည်းများအနေနဲ့ ဟိုတစ်ချိန်က အစိုးရအဆက်ဆက် ခွင့်မပြုခဲ့တဲ့၊ မဆောင်ရွက်နိုင်ခဲ့တဲ့ မိမိတို့ ဒေသအတွင်း လက်နက်များ ကိုင်ဆောင်ထားနိုင်ခွင့်၊ ဒေသဆိုင်ရာ စီးပွားရေး၊ လူမှုရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင် ဆောင်ရွက်ခွင့်များ ပေးထားပြီး အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပေါင်းစည်းရေးကို ချောမွေ့၊ ဝေဒနာနည်းပါးစွာနဲ့ အကောင်အထည်ဖော်နေတာပဲ ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ သက်တမ်းရှည်ကြာသော ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခမီး တောက်လောင်လာခဲ့တဲ့ မြန်မာနိုင်ငံအဖို့ နိုင်ငံကို အခုထက်ပိုပြီး အင်အားကုန်ခန်းဆုတ်ယုတ်စေမှု မဖြစ်စေသင့်တော့ပါ။ ဒီလက်နက်ကိုင် ပဋိပက္ခမျိုးဟာ အချိန်တိုအတွင်း အဆုံးသတ်စေတဲ့ စစ်မက်အင်္ဂါမဟုတ်ဘဲနှစ်ကာလရှည်ကြာစွာ စစ်မက်ဖက်ပြိုင်ကြရတာဖြစ်လို့ ကာယကံရှင်နှစ်ဖက်ရယ်၊ ကြားကမြေစာပင် တိုင်းသူပြည်သားများရယ်တို့ဟာ အကန့်အသတ်မရှိ အဲဒီလက်နက်ကိုင် ပဋိပက္ခမီးတောက် မီးလျှံအတွင်းသို့ သွတ်သွင်းစတေးခံကြရပါတယ်။ တိုင်းပြည်ရှိ သက်ရှိသက်မဲ့ ကုန်လုပ်စွမ်းအားစုတွေ၊ အသက်အိုးအိမ်စည်းစိမ်ဥစ္စာ သားသမီးရတနာကုဋေကုဋာတို့ဟာလဲ တည်ဆောက်ပွားစီးရေးဘက်သို့ ရောက်မလာဘဲ ပျက်စီးပြုန်းတီး ကုန်ကြရတယ်။ အဲဒီလို လူမှုစီးပွားရေးတွေ ကျဆင်းကုန်တာနဲ့ အမျှ လူထုတွေရဲ့ အသိစိတ်ဓာတ်တွေဟာ ခက်ထန်ကြမ်းတမ်းဖောက်ပြန်ယိုယွင်းကုန်တော့တယ်။ ဒီအခါ သာယာညင်းပျောင်းတဲ့ ဥပဒေတွေနဲ့ အုပ်ချုပ်လို့ မရနိုင်တော့ဘဲ တင်းကျပ်ပြင်းထန်တဲ့ ဥပဒေတွေနဲ့ ညှပ်ကွပ်တဲ့ အုပ်ချုပ်ရေးတွေသာ ဖြစ်လာရတော့တယ်။ ဒါကြောင့် အခုလို ရှည်ကြာလာပြီဖြစ်တဲ့ ပြည်တွင်းလက်နက်ကိုင်လမ်းစဉ်ကို အလေးအနက် သုံးသပ်ဆင်ခြင်ဖို့ အချိန်အခါ ကျရောက်လာပြီဖြစ်ပါတယ်။

ကမ္ဘာပေါ်မှာ အခြားသောပြည်တွင်းလက်နက်ကိုင် ပဋိပက္ခရှိနေတဲ့ အာရှ၊ အာဖရိကနိုင်ငံတွေကို ကြည့်ရင်လဲ ဘယ်နိုင်ငံမှာမှ အကောင်းဆိုလို့ ပြစရာမရှိဘဲ ပြည်သူတွေ အကျပ်အတည်း အငတ်ဘေးပင် ဆိုက်ရောက်နေတာ တွေ့နေရပါတယ်။ ကယ်တင်ရှင်ဆိုတဲ့ နိုင်ငံကြီးတွေကလဲ လက်နက်ရောင်းလိုက်၊ ရိက္ခာကူလိုက်နဲ့ မီးစတစ်ဖက် ရေမှုတ်တစ်ဖက်ဆိုသလို စခန်းသွားနေကြတာကို မျက်ဝါးထင်ထင်ပင် ဖြစ်ပါတယ်။

ဒီကနေ့ တပ်မတော်အစိုးရခေတ်တွင် နှစ်ရှည်ကြာစွာ အစိုးရအဆက်ဆက်ကို လက်နက်ကိုင်ပုန်ကန်ခြားနားလာခဲ့တဲ့ လူမျိုးစု တောတွင်း လက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့တို့ ဥပဒေဘောင်တွင်းသို့ ဝင်ရောက်လက်တွဲလာတာဟာ ငြိမ်းချမ်းစွာ ဖြစ်ပေါ်တိုးတက်ရေးစခန်းတစ်ခုသို့ တက်လှမ်းလာမှုဖြစ်ပါတယ်။ လူ့သမိုင်းဖြစ်ပေါ်တိုးတက်ရေးလမ်းမှန်ပေါ်မှာ ပြန်လည်သင့်မြတ်လာခဲ့တာလဲဖြစ်ပါတယ်။ နိုင်ငံရေး အဖွဲ့အစည်းများအနေနဲ့ မိမိတို့ယုံကြည်တဲ့ ဝါဒလမ်းစဉ်ကို အကောင်အထည်ဖော်ရာတွင် နည်းဗျူဟာအမျိုးမျိုး ချမှတ်ကျင့်သုံးရမြဲဖြစ်တယ်။ အဲဒီမှာ လက်နက်ကိုင် တိုက်ပွဲလမ်းစဉ်ဟာ နည်းဗျူဟာတစ်ခုမျှသာဖြစ်ပါတယ်။ ဒါဟာ နိုင်ငံရေးလမ်းစဉ်ရဲ့ လက်အောက်ခံတစ်ခုမျှသာ ဖြစ်ပါတယ်။ ဒီလက်နက်ကိုင်လမ်းစဉ် နည်းဗျူဟာကို ကိုင်စွဲခြင်းဖြင့် တိုင်းပြည်နဲ့ လူမျိုးအကျိုးစီးပွားကိုလဲ ဆုတ်ယုတ်စေမယ်။ မိမိတို့ရည်မှန်းချက်ကို အကောင်အထည်ဖော်ရေးမှာလဲ အတားအဆီးဖြစ်လာမယ်ဆိုရင် အချိန်မီ အခြားသော နည်းဗျူဟာများကို ပြောင်းလဲ ကျင့်သုံးသွားရမည်သာ ဖြစ်ပါတယ်။

တစ်ချိန်က အမေရိကန်နိုင်ငံမှာ အသားအရောင်ခွဲခြားမှုအတွက် တိုက်ပွဲဝင်ခဲ့တဲ့ လူမည်းခေါင်းဆောင် မာတင်လူသာကင်းက "မိမိတို့အနေနဲ့ လူဖြူတွေရဲ့ အသားအရောင် ခွဲခြားဖိနှိပ်မှုက လွတ်မြောက်အောင် ကြိုးပမ်းရာတွင် တိုင်းရင်းသား လူနီ ရက်ဒ်အင်ဒီယန်းတွေရဲ့ လက်နက်ကိုင်တိုက်ပွဲလမ်းစဉ်ကို အတုမယူသင့်ကြောင်း၊ လူနီများဟာ အဲဒီလမ်းစဉ် အမှားကြောင့် နာလန်မထူနိုင်အောင် ဖြစ်ခဲ့ရကြောင်း၊ ဂန္ဒီရဲ့ ဥပဒေတွင်း အကြမ်းမဖက်ရေးလမ်းစဉ်ကိုသာ လိုက်နာသင့်ကြောင်း"ပြောကြားခဲ့တယ်။ ဒါကြောင့် အမေရိကန်သမိုင်းတွင် ၉၄ နှစ်အကြာမှာ လူမည်းများဆန္ဒမဲပေးခွင့်ရရှိပြီး ရက်ဒ်အင်ဒီယန်း လူနီများဟာ ၁၇၂ နှစ်ကြာမှသာ ဆန္ဒမဲပေးခွင့်ရရှိလာတာ တွေ့ရတယ်။ ဘာကြောင့်လဲဆိုတော့ ဘယ်လက်နက်ကိုင် ပဋိပက္ခတိုက်ပွဲမဆို ကုန်လုပ်စွမ်းအားစုတွေရဲ့ သက်ရှိရှေ့ဆောင်လူသားတွေရော ကုန်လုပ်စွမ်းအားစုတွေကိုပါ ဆိုးရွားစွာပျက်စီးဆုတ်ယုတ်လို့ဖြစ်တယ်။

ဒီကနေ့ ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီခေတ်ပြောင်းတော်လှန်ရေး ဆင်နွှဲနေတဲ့ တပ်မတော်အစိုးရဟာ လာမယ့် အမျိုးသားညီလာခံကြီးကတစ်ဆင့် အမျိုးသားပြန်လည်သင့်မြတ်စည်းလုံးရေး၊ ဒီမိုကရေစီရေးသို့ တက်လှမ်းကူးပြောင်းဖို့ ရှေ့လုပ်ငန်းစဉ် ခုနစ်ရပ်ကို ချမှတ်ထားပြီးဖြစ်တယ်။ ဒီအတွက် ဥပဒေတွင်း၊ ဥပဒေပ အမျိုးသားအင်အားစုများနှင့် ပြန်လည်သင့်မြတ်စည်းလုံးရေးကို မနားမနေ ကြိုးပမ်းနေတာ ဖြစ်တယ်။

၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟာ မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ဒီမိုကရေစီထွန်းကားရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှု နောက်ဆက်တွဲ အစီရင်ခံစာတစ်ရပ်ကို ကုလသမဂ္ဂအထွေထွေ ညီလာခံ (၅၈)ကြိမ်မြောက် အစည်းအဝေးသို့ တင်သွင်းခဲ့ပါတယ်။ အဲဒီအစီရင်ခံစာမှာ အတွင်းရေးမှူးချုပ်က မြန်မာအစိုးရ ဝန်ကြီးချုပ်သို့ အကြောင်းပြန်ကြားစာမှာရယ်၊ မြန်မာနိုင်ငံခြားရေးဝန်ကြီးနဲ့ တွေ့ဆုံရာမှာရယ် "မြန်မာအစိုးရရဲ့ အနာဂတ်နိုင်ငံရေးလမ်းစဉ် ခုနစ်ရပ်တို့ဟာ ခိုင်မာတဲ့ပြုပြင်ရေး ခြေလှမ်းတွေဖြစ်ပါကြောင်း၊ တစ်ဖက်တွင်လဲ အဲဒီလမ်းစဉ်များကို အကောင်အထည်ဖော်ရာမှာ မြန်မာနိုင်ငံရေးပါတီများ၊ အမျိုးသားခေါင်းဆောင်များ၊ လူမျိုးစုအဖွဲ့အစည်းများနဲ့လဲ လက်တွဲ အကောင်အထည်ဖော်သွားစေလိုကြောင်း" ဖော်ပြခဲ့တယ်။

အခုလို အခါသမယမျိုးမှာ ငြိမ်းချမ်းတဲ့နည်းနဲ့ တူညီတာတွေ လက်တွဲဆောင်ရွက်ပြီး မတူညီသေးတာတွေကို တိုင်းရင်းသားမိသားစုချင်းသဖွယ် အချိန်ယူညှိနှိုင်းသွားကြဖို့ အလားအလာ အကောင်းဆုံး အချိန်ဖြစ်ပါတယ်။ ဒီအခွင့်အခါကောင်းကို ကိုင်စွဲအကောင်အထည်ဖော်သွားဖို့ လက်နှေးနေတာနဲ့ အမျှ တိုင်းသူပြည်သားတွေရဲ့ တိုင်းပြည်ဖွံ့ဖြိုးမှုအရှိန်အဟုန်တွေလဲ နှေးကွေးနေဦးမယ်ဖြစ်ပါတယ်။ ဝေဒနာ တာရှည်နေဦးမယ် ဖြစ်ပါတယ်။

ဒါကြောင့် အမျိုးသားအင်အားစုများ၊ အထူးသဖြင့် တောတွင်းလက်နက်ကိုင်အင်အားစုများအနေနဲ့ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ပြီး အမျိုးသားသင့်မြတ်စည်းလုံးရေး၊ ဒီမိုကရေစီရေး ရှေးရှုသော အမျိုးသားညီလာခံကြီးတွင် ပါဝင်ကာ အမျိုးသားရေးအကျိုးကို လက်တွဲဆောင်ရွက်သွားဖို့ အထူးတလည် တိုက်တွန်းအပ်ပါတယ်။ ။

ပထဝီဆိုင်ရာသတင်းအချက်အလက်စနစ်နှင့် အဝေးမှုစူးစမ်းလေ့လာသောနည်းပညာဆိုင်ရာစာတမ်းဖတ်

ရန်ကုန် ဇန်နဝါရီ ၁၃

Myanmar INGR Trading Co.,Ltd. က ဦးစီးကျင်းပသော ပထဝီဆိုင်ရာ သတင်းအချက်အလက်စနစ်နှင့် အဝေးမှုစူးစမ်းလေ့လာနည်းပညာဆိုင်ရာ စာတမ်းဖတ်ပွဲဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၈ရက် နံနက်က ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံ၌ ကျင်းပရာ e-National Task Forceဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်လှိုင်၊ e-National Task Forceဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်နှင့် တပ်မတော် အရာရှိကြီးများ၊ ဝန်ကြီးဌာနများအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပညာရှင်များ၊ Myanmar Intergraph မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ e-National Task Force ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် စာတမ်းဖတ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ Image Map Australia Pte Ltd. မှ Technical Consulting Manager, Mr. Eduard D.Bitao က"Land Intergrated Solutions in An Internet Era"စာတမ်းကိုလည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ လက်ထောက်ဌာနမှူး ဒေါ်တင်တင်ပြုံးက "GIS Applications in YCDC" စာတမ်းကိုလည်းကောင်း၊ Intaragrafik Systems Malaysia မှ Senior Application Sepecialist Mr. Desmond Pansiul က"Geo Media Upgrades and Updates Part-1" စာတမ်းကိုလည်းကောင်း၊ Myanmar Intergraph မှ Application Support Manager ဦးဝင်းကိုကိုနှင့် မန္တလေးတက္ကသိုလ်မှ လက်ထောက်ကထိက ဦးသက်တင်ထွန်းတို့က "GIS Education in Myanmar" စာတမ်းကိုလည်းကောင်း ဖတ်ကြားတင်ပြကြပြီး စာတမ်းဖတ်ပွဲ ပထမနေ့ အစီအစဉ်ကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

တာမွေမြို့နယ် အမက(၂၃) မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေး ပညာရည်ချွန်နှင့် ဘက်စုံထူးချွန်ဆုပေးပွဲကို ဇန်နဝါရီ ၇ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမြဦးက မြို့နယ်မူလတန်း အဆင့် စတုတ္ထတန်း ဘက်စုံထူးချွန် တတိယဆုရ မောင်သိန်းထိုက်စိုးအား ဆုချီးမြှင့်စဉ်။ (၁၁၅)

မြဝတီရုပ်မြင်သံကြား

၁၄-၁-၂၀၀၄

(ဗုဒ္ဓဟူးနေ့)နံနက်ပိုင်း၊

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း၊

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၆။ မျိုးချစ်တပ်မတော်
၄:၄၀ ၇။ ကျန်းမာခြင်းသည် နိုင်ငံ့ခွန်အား
၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
(က)ဒုတိယနှစ် (အရှေ့တိုင်းပညာ)
(ခ)ဒုတိယနှစ် (အင်္ဂလိပ်စာ)
၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အချစ်လေပြည်"**(အပိုင်း-၆)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သစ္စာမဏ္ဍိုင်"** (အပိုင်း-၁)

အီရတ်၌ အဖျက်စွမ်းအားကြီးလက်နက်များရှိသည့်အထောက်အထား မိမိတစ်ခါမျှ မတွေ့ဖူးကြောင်း ဘဏ္ဍာရေးဝန်ကြီးဟောင်းပြောဆို

ခရောဖို့ဒ်(တက္ကဆက်) ဇန်နဝါရီ ၁၂

အီရတ်ကိုဆင်နွှဲသည့် စစ်ပွဲတရားမျှတမှုဖြစ်စေရန်အတွက် သမ္မတဘုရှ်၏ အဓိကအကြောင်းပြချက်ဖြစ်သည့် အီရတ်၌ အဖျက်စွမ်းအားကြီးမားသော လက်နက်များရှိသည်ဆိုသော အထောက်အထား တစ်စုံတစ်ရာကို တစ်ခါဖူးမျှ မမြင်တွေ့ခဲ့ကြောင်း ယခင်ဘဏ္ဍာရေးဝန်ကြီး ပေါလ်အိုနီးလ်က ပြောကြားလိုက်သည်။

သမ္မတဘုရှ်၏ ပထမဆုံးအကြိမ် အမျိုးသား လုံခြုံရေးကောင်စီ အစည်းအဝေး၌ အီရတ် ခေါင်းဆောင် ဆက်ဒမ်ဟူစိန်ကို ဖယ်ရှားရေးသည် ထိပ်ဆုံး ဦးစားပေးဖြစ်သည်ဟု အိုနီးလ်က တနင်္ဂနွေနေ့၌ ပြုလုပ်သော စီဘီအက်စ် တွေ့ဆုံ မေးမြန်းခန်း၌ ပြောကြားခဲ့သည်။ နောက်နှစ်ရက်အကြာ၌ ပြုလုပ်သော အမျိုးသား လုံခြုံရေး ကောင်စီ အစည်းအဝေးတွင် အီရတ်ကိစ္စကို ဆက်ဆွေးနွေးခဲ့ပြီး သူ့အား စစ်ပွဲပြီး အီရတ်နိုင်ငံအတွက် အစီအစဉ်တစ်ရပ် အပါအဝင် အတွင်းရေး မှတ်စုများကို ပေးခဲ့ကြောင်းလည်း အိုနီးလ်က စီဘီအက်စ်သို့ ပြောပြသည်။

တွေ့ဆုံခန်း

၂၃လကြာမျှ အီရတ်၌ မိမိရှိခဲ့ကြောင်း အဖျက်စွမ်းအားကြီးသည့် လက်နက်များ အီရတ်၌ရှိသည့် အထောက်အထား တစ်စုံတစ်ရာ မိမိမမြင်ခဲ့ကြောင်း တိုင်းမ်မဂ္ဂဇင်းနှင့် သီးခြားပြုလုပ်သည့် တွေ့ဆုံခန်း၌ ပြောကြားသည်။ **(အင်တာနက်)**

ဝင်ရောက်ရှာဖွေ

ဇန်နဝါရီ ၁၂ ရက်က အီရတ်နိုင်ငံ အာရာမာဒီမြို့တွင် အိမ်တစ်အိမ်အတွင်း ဝင်ရောက်ရှာဖွေနေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဇန်နဝါရီ ၁၂ ရက်က မက္ကဆီကို နိုင်ငံမွန်တာရီမြို့တွင် အမေရိကန် အစိုးရ၏ လုပ်ရပ်နှင့် အီရတ်စစ်ပွဲကို ဆန့်ကျင်ဆန္ဒပြနေသော ပြည်သူများကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးဦးရေ ဗီယက်နမ်စစ်ပွဲ ပထမသုံးနှစ်ကထက် ကျော်လွန်

ဒိုဗာ၊ ဒါလာဝါရီ ဇန်နဝါရီ ၁၂

ရိုက်တာသတင်းဌာနသည် အီရတ်စစ်ပွဲတွင် သေဆုံးရသော အမေရိကန်တပ်ဖွဲ့ဝင်များ၏ စာရင်းကို ပင်တဂွန်စစ်ဌာနချုပ်၏ ထုတ်ပြန်ချက်များမှ ရယူလေ့လာလျက်ရှိသည်။ ထိုလေ့လာမှုများအရ ၂၀၀၃ခုနှစ် နိုဝင်ဘာလအထိ အချိန်အတွင်း အီရတ်စစ်ပွဲ၌ အမေရိကန်တပ်ဖွဲ့ဝင် အသေအပျောက်စာရင်းသည် ဗီယက်နမ်စစ်ပွဲပထမသုံးနှစ်အတွင်း အမေရိကန်တပ်ဖွဲ့ဝင် အသေအပျောက် စာရင်းထက်ပင် ပိုမိုများပြားနေကြောင်း တွေ့ရသည်ဟုဆိုသည်။

ယခုအခါအမေရိကန် လက်ရှိသမ္မတ ဂျော့ဘုရှ်သည် နောက်တစ်ကြိမ် သမ္မတအရွေးခံရရေးအတွက် ပါဝင်ယှဉ်ပြိုင်ရန်ပြင်ဆင်လျက်ရှိသည်။ ထိုအတောအတွင်းတွင် လက်ရှိဖြစ်ပွားနေသော အီရတ်စစ်ပွဲမှာလည်း အမေရိကန်တို့အတွက် စစ်ပွဲကာလ ကြာညောင်းလာပြီး စစ်နွံနစ်မည့် အရေး တွေး၍ပူပင်နေရသည်။ သို့ဖြစ်၍ အီရတ်စစ်ပွဲတွင် အမေရိကန် တပ်ဖွဲ့ဝင် အကျအဆုံးကိန်းဂဏန်းသည် သမ္မတဘုရှ်အပေါ် လူထုထောက်ခံမှုအခြေအနေကို ခြိမ်းခြောက်နိုင်သော အနေအထားတွင် ရှိသည်ဟု ဆိုသည်။

အမေရိကန်ဒိုဗာလေတပ်စခန်းသို့ နိုင်ငံခြားစစ်ပွဲများ၌ သေဆုံးရသော တပ်ဖွဲ့ဝင်များ၏ ရုပ်အလောင်းများကို ပြန်လည်သယ်ယူလာလေ့ရှိသည်။ ထိုသို့သယ်ယူလာသည်ကို သတင်းထောက်များ သတင်းမယူနိုင်စေရန် ယခုသမ္မတ၏ဖခင် သမ္မတဘုရှ် ၁၉၉၁ခုနှစ်ကာလက စတင်၍ ပိတ်ပင်ခဲ့သည်။ ထိုအမိန့်ကို ၎င်း၏ သား သမ္မတဘုရှ်၏ လက်ထက်၌လည်း ယမန်နှစ်မတ်လမှစ၍ ဆက်လက်ကျင့်သုံးခဲ့သည်။

ပိတ်ပင်ထား

ထိုသို့သတင်းမယူနိုင်စေရန် ပိတ်ပင်ထားရခြင်းမှာ သေဆုံးတပ်ဖွဲ့ဝင်များ၏ ဆွေမျိုးသားချင်းများ ဆန္ဒအရ ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း အမေရိကန်စစ်ဌာနချုပ် ပင်တဂွန်မှ အရာရှိများကဆိုသည်။

စိုးရိမ်

သို့ရာတွင် မူဝါဒ လေ့လာဆန်းစစ်သူများက အစိုးရက ယခုကဲ့သို့ တားမြစ်ထားခြင်းမှာ လူထုက သေဆုံးစစ်သည်များကို တွေ့ခွင့်ရကြလျှင် စစ်ပွဲဆိုင်ရာအစိုးရ၏ မူဝါဒပေါ် ထောက်ခံမှုကျလာမည်ကို စိုးရိမ်သောကြောင့် ဖြစ်ကြောင်း ဝေဖန်သုံးသပ်ကြသည်။ **(အင်တာနက်)**

နိုင်ငံခြားသတင်းများ

အီရန်နှင့်ဆက်ဆံရေးထူထောင်မည်ဆိုလျှင် အမေရိကန်၏မူဝါဒပြောင်းလဲရမည်

တီဟီရန် ဇန်နဝါရီ ၁၂

အီရန်နိုင်ငံနှင့် နှစ်နိုင်ငံသဘောထား ဆွေးနွေးပွဲများ ကျင်းပလိုကြောင်း အမေရိကန်သမ္မတဘုရှ်အစိုးရ၏ အရိပ်အမြွက်ပြောကြားချက်ကို အီရန်နိုင်ငံက ငြင်းပယ်လိုက်သည်။ အီရန်နိုင်ငံနှင့် ဆက်ဆံရေးထူထောင်ရန် ချဉ်းကပ်မည်ဆိုလျှင် အမေရိကန်အနေဖြင့် ၎င်း၏ မူဝါဒအချို့ကို ဦးစွာပြောင်းလဲပြင်ဆင်ရမည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး ကမဲလ်ကရာဇီက ပြောကြားခဲ့သည်။

အမေရိကန် အစိုးရက အီရန်နိုင်ငံနှင့် လူ့အခွင့်အရေးကိစ္စ အီရန်၏ နျူကလီးယားအစီအစဉ်နှင့် အရှေ့အလယ်ပိုင်းဒေသ အကြမ်းဖက်မှု ကိစ္စရပ်များကို ဆွေးနွေးလိုကြောင်း သောကြာနေ့က ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။ အမေရိကန်သည် အီရန်နိုင်ငံအား မိစ္ဆာဝင်ရိုးစွန်းအဖွဲ့ဝင်နိုင်ငံအဖြစ် ပြောဆိုခဲ့ဖူးသည်။ **(စီစီတီဗွီ)**

အီရတ်အကျဉ်းသားများကို နှိပ်စက်သည်ဟုစွပ်စွဲခံရသူ ဗြိတိသျှဗိုလ်မှူးကြီး ယခုနှစ်ကုန်ပိုင်း၌ ရာထူးမှ နုတ်ထွက်တော့မည်ဟုဆို

လန်ဒန် ဇန်နဝါရီ ၁၁

လွန်ခဲ့သည့်နှစ် အီရတ်စစ်ပွဲ၏ အကြိုနေ့တွင် တပ်ဖွဲ့ဝင်များကို စိတ်ဓာတ်တက်ကြွစရာ မိန့်ခွန်းပြောကြားခဲ့သည့်အတွက် ချီးကျူးခံခဲ့ရသော်လည်း အကျဉ်းသားများကို မတရားနှိပ်စက်ကြောင်း စွပ်စွဲခံခဲ့ရသည့် ဗြိတိသျှဗိုလ်မှူးကြီးသည် ယခုနှစ်ကုန်ပိုင်း၌ စစ်တပ်မှနုတ်ထွက်တော့မည်ဟု ဗြိတိသျှသတင်းစာတစ်စောင်အား ဇနီးဖြစ်သူက ပြောကြားလိုက်သည်။

နွေရာသီ၌ ရာထူးမှနုတ်ထွက်ရန် ဗိုလ်မှူးကြီးတင်မ်ကောလင်းဆုံးဖြတ်သည့်အဓိကအချက်မှာ အီရတ် အကျဉ်းသားများကို မတရားနှိပ်စက်ကြောင်း စွပ်စွဲခံရချိန်တွင် စစ်တပ်က သူ့အား ချက်ချင်းထောက်ခံမှု မပေးခဲ့ခြင်းကြောင့်ဖြစ်ကြောင်း သူမက ပြောကြားသည်။ တင်မ်ကောလင်းရာထူးမှနုတ်ထွက်ခြင်းသည် ဗြိတိသျှစစ်တပ်နှင့် ဗိုလ်မှူးကြီး ကောလင်းတို့ကြား ပုဂ္ဂလိကအကြောင်းအရာကိစ္စသာဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန ပြောခွင့်ရှိသူက ပြောကြားသည်။ **(အင်တာနက်)**

အီရတ်ပြန်လည်တည်ဆောက်ရေးနှီးနှောပွဲ ဂျော်ဒန်နိုင်ငံ အမ္မန်မြို့တွင် ဖွင့်လှစ်

အမ္မန် ဇန်နဝါရီ ၁၂

အီရတ်ပြန်လည်တည်ဆောက် ရေး ပြခန်းပြပွဲနှင့်အတူ သုံးရက်ကြာ ကျင်းပသော အောက်ရစ်ချ် ၂၀၀၄ နှီးနှောဖလှယ်ပွဲကို အမ္မန်မြို့၌ တနင်္ဂနွေနေ့က ဖွင့်လှစ်လိုက်သည်။ အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေး အကောင်းဆုံးနည်းလမ်းများ ရစေရန် ထိုသို့ ကျင်းပခြင်းဖြစ်သည်။

အဆိုပါ နှီးနှောဖလှယ်ပွဲကို ဝေါလ်ဒ်ချ်၏ ကောလ်မင်းအုပ်စုက စီစဉ်ကျင်းပခြင်းဖြစ်သည်။ အမေရိကန် အခြေစိုက် ပြပွဲ စီမံရေးကုမ္ပဏီသည် နိုင်ငံတကာဆိုင်ရာ ကုန်သွယ်ရေး ပြပွဲအတွေ့အကြုံနှစ် ၄၀ ရှိသည်။

အီရတ်၊ အမေရိကန်ပြည်ထောင်စုနှင့် ဂျော်ဒန်တို့ ပါဝင်လျက် ၂၁ နိုင်ငံမှ ကုမ္ပဏီ ၃၀၀ ခန့်သည် ပြပွဲအတွင်း ယင်းတို့ နောက်ဆုံးထုတ်လုပ်သော ထုတ်ကုန်များနှင့် အထူးဝန်ဆောင်မှုများကို ပြသထားမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ဗင်နီဇွဲလားနိုင်ငံ၏ ပြည်တွင်းရေး ဝင်ရောက်မစွက်ဖက်ရန် သမ္မတဘုရှ်ကို ဗင်နီဇွဲလားသမ္မတ ဝေဖန်ပြောကြား

ကရာကာ့စ်(ဗင်နီဇွဲလား) ဇန်နဝါရီ ၁၂

ဒေသဆိုင်ရာ ထိပ်သီးအစည်းအဝေး မတိုင်မီရက်များက အမေရိကန်ပြည်ထောင်စု၏ ဝေဖန်မှုများကို ပြန်လည်ချေပရာ၌ ဗင်နီဇွဲလားသမ္မတဟူဂိုချာဗက်ဇ်က အမေရိကန်ပြည်ထောင်စုအား မိမိ၏ ပြည်တွင်းရေးတွင် ကိုယ်နှင့်မဆိုင်ဘဲဝင်စွက်ခြင်းကို ရပ်တန့်ရန် စနေနေ့ကပြောကြားလိုက်သည်။

အမေရိကန်ပြည်ထောင်စုအဖို့ ဗင်နီဇွဲလားနိုင်ငံ၏ပြည်တွင်းရေး၌ မဆိုင်ဘဲဝင်စွက်ရန်အကြောင်းမရှိကြောင်း၊ ကိုယ့်ကိစ္စကိုယ်လုပ်ရန်ဖြစ်ကြောင်း ကရာကာ့စ်၌ပြောကြားသော မိန့်ခွန်းတွင် သမ္မတချာဗက်စ်က ပြောကြားသည်။

ဗင်နီဇွဲလားနှင့်ဗင်နီဇွဲလားရေနံကို အများဆုံး ဝယ်ယူသော အမေရိကန်ပြည်ထောင်စုတို့၏ ဆက်ဆံရေးသည် အာဖဂန်နစ္စတန်နှင့် အီရတ်နိုင်ငံ၌ အမေရိကန်ဦးဆောင်ပြီး ဆင်နွှဲသည့် စစ်ပွဲကိုချာဗက်စ်ကဝေဖန်ခဲ့ခြင်းကြောင့် တင်းမာခဲ့သည်။ ချာဗက်စ်နှင့် ဘုရှ်တို့သည် တနင်္လာနေ့၌ စတင်မည့်နှစ်ရက်ကြာ အမေရိကန်နိုင်ငံများ၏ ထိပ်သီးအစည်းအဝေး၌ တက်ရောက်ကြမည့် ခေါင်းဆောင် ၃၀ ကျော်တွင် ပါဝင်မည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း



အချုပ်အခြာအာဏာပြန်ရရေး ပြောက်ကျားတို့ တိုက်ပွဲဝင်ဆဲ

အလုပ်လက်မဲ့ဖြစ်မှု အီရတ်ပြည်သူများ အမေရိကန်တို့ကိုမကျေနပ်

စစ်ပွဲကြောင့် အီရတ်ပြည်သူတို့ ဒုက္ခမျိုးစုံကြုံတွေ့နေ



ဇန်နဝါရီ ၁၂ ရက်က အမေရိကန်အုပ်ချုပ်ရေးရုံးချုပ်ရှေ့၌ အီရတ်လေကြောင်းဆိုင်ရာ အလုပ်သမားများ ဆန္ဒပြလျက်ရှိသည်ကိုတွေ့ရစဉ်။

(လေကြောင်းခရီးစဉ် ပျံသန်းမှုများကို အမေရိကန်တို့က လုံခြုံမှု မပေးနိုင်ခြင်းကြောင့် ဆန္ဒပြကြခြင်းဖြစ်သည်။)

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံအားကျူးကျော်သူ အမေရိကန်နှင့် အပေါင်းပါတပ်များကို အီရတ် ပြောက်ကျား များက ခုခံတိုက်ခိုက်လျက်ရှိသည်။

(ယာပုံမှာ အီရတ်နိုင်ငံ မြောက်ပိုင်း၌ အချုပ်အခြာအာဏာပြန်လည်ရရှိရေး အတွက် တိုက်ပွဲဝင်အီရတ်ခုခံရေးသမားများကို တွေ့ရစဉ်။)

(ဓာတ်ပုံ-အင်တာနက်)

လောင်ကျွမ်း

အောက်ပုံမှာ ဇန်နဝါရီ ၉ ရက်က အီရတ်နိုင်ငံ ဘာကူဘာမြို့၌ မော်တော်ယာဉ်တစ်စီး ဗုံးပေါက်ကွဲပြီးနောက် မီးလောင်ကျွမ်းနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံကိုအမေရိကန်နှင့်အပေါင်းပါတပ်များကျူးကျော်စစ် ဆင်နွှဲခဲ့သည့် စစ်ပွဲကြီး၏ ဆိုးကျိုးများဖြစ်သော ဆင်းရဲချို့တဲ့မှု အကျပ်အတည်းများနှင့် ဘဂ္ဂဒက် မြို့သူ မြို့သားများ နေ့စဉ်တွေ့ကြုံခံစားနေရပြီး ၂၀၀၃ခုနှစ်အတွင်း ကျန်ရှိခဲ့သော အဓိကပြဿနာများကိုလည်း အီရတ်ပြည်သူများက ဆက်လက် ရင်ဆိုင်နေရခြင်းကြောင့် စိတ်မချမ်းမသာ နေထိုင်ရလျက်ရှိကြောင်း သိရသည်။ စစ်ပွဲကြောင့် အီရတ်ပြည်သူ အများစုမှာ ဆင်းရဲဒုက္ခမျိုးစုံ ကြုံတွေ့ကြရသဖြင့် အမေရိကန်တို့အပေါ် မကျေမနပ် ဖြစ်နေကြသည်။ (အောက်ပုံမှာ ဇန်နဝါရီ ၁၁ရက်က ဘဂ္ဂဒက်မြို့၌ မကျေနပ်ချက်များကို ဆန္ဒပြနေသော အီရတ်လူမျိုးများကို တွေ့ရစဉ်။)

(ဓာတ်ပုံ-အင်တာနက်)

ဇန်နဝါရီ ၁၂ ရက်ကဘဂ္ဂဒက်မြို့၌ လမ်းဘေးထောင်ချောက်ဗုံး ပေါက်ကွဲသဖြင့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး၍နှစ်ဦးဒဏ်ရာရရှိသွားပြီးနောက် သံသယရှိသော အီရတ်တစ်ဦးကို အမေရိကန် တပ်ဖွဲ့ဝင် တစ်ဦးက ဖမ်းဆီး ထားစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာ သတင်းများ

ဗြိတိသျှတို့ ပစ်ခတ်မှုကြောင့် လူငါးဦးသေဆုံးရသည့်ကိစ္စ

အမ်မရာမြို့ရှိ အုပ်ချုပ်ရေးရုံးရှေ့၌ လူအုပ်ကြီး စုရုံးဆန္ဒပြ

ဇန်နဝါရီ ၁၂ ရက်က အီရတ်နိုင်ငံ အမ်မရာမြို့ အရှေ့တောင်ပိုင်းရှိ အုပ်ချုပ်ရေးရုံးရှေ့၌ အီရတ်ပြည်သူတို့က ဆက်လက်ဆန္ဒပြလျက်ရှိရာ ဗြိတိသျှတပ်ဖွဲ့ဝင်များနှင့် ရုန်းရင်းဆန်ခတ်ဖြစ်နေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အမ်မရာ ဇန်နဝါရီ ၁၂

အစောပိုင်းတစ်ရက်က အီရတ်ရဲနှင့် ဗြိတိသျှတပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် လူငါးဦးထက်မနည်း သေဆုံးခဲ့ရသည်ကို အမ်မရာရှိ အုပ်ချုပ်ရေးရုံးရှေ့၌ လူအုပ်ကြီးက တနင်္ဂနွေနေ့တွင် ဆက်လက်ပြီး စုရုံးဆန္ဒပြခဲ့ကြသည်။

အလုပ်လက်မဲ့ဖြစ်မှုကို ဆန္ဒပြကြသော လူအုပ်ထဲမှ လက်ပစ်ဗုံးများ၊ ကျောက်ခဲများဖြင့် ပစ်ခတ်သည်ဆိုကာ စနေနေ့တွင် ရဲနှင့်တပ်ဖွဲ့ဝင်များက လူအုပ်ထဲသို့ သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြသည်။ လူခုနစ်ဦးထက်မနည်း ဒဏ်ရာရကြောင်း ဆေးရုံသတင်းရပ်ကွက်များက ပြောကြားသည်။

ဆန္ဒပြ

စနေနေ့၌ သေဆုံးသွားခဲ့ကြသူများ၏ ဆွေမျိုးသားချင်းများက တနင်္ဂနွေနေ့ နံနက်ပိုင်း၌ လျော်ကြေးအတွက် နောက်ထပ် ဆန္ဒပြကြကြောင်း မျက်မြင်တွေ့ရှိသူများက ပြောဆိုသည်။

သတင်းမရ

ဆန္ဒပြမှုများ ငြိမ်းချမ်းစွာစတင်ခဲ့ပြီး ရဲနှင့် ဗြိတိသျှတပ်ဖွဲ့ဝင်များက ခပ်လှမ်းလှမ်းမှစောင့်ကြည့်နေခဲ့ကြသော်လည်း အကြမ်းဖက်မှုဖြစ်ပွားသည့် သတင်းမရရှိဟုဆိုသည်။

လွန်ခဲ့သည့်နှစ်ဧပြီလ၌ ဆက်ဒမ်ဟူစိန်အစိုးရ မရှိခဲ့ချိန်မှစပြီး အီရတ်၌ အလုပ်အကိုင်မရှိ၍ ဆန္ဒပြမှုများ ဖြစ်ပွားခဲ့သည်။

ကမ္ဘာ့ဘဏ်နှင့် ကုလသမဂ္ဂက အောက်တိုဘာ၌ ပူးတွဲထုတ်ပြန်ချက်အရ အလုပ်လက်မဲ့နှင့် အလုပ်အကိုင်ရှိသူ အနည်းအကျဉ်းသည် တိုင်းပြည်လူဦးရေ ၂၆သန်း၏ ၅၀ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ယင်းအနက် အမေရိကန်အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာက ယခင်အီရတ်စစ်တပ်ကို ဖျက်သိမ်းလိုက်သဖြင့် အလုပ်မရှိဖြစ်သွားသော အီရတ်တပ်ဖွဲ့ဝင်ဟောင်း ၄၀၀၀၀၀ ခန့် ရှိသည်။ **အမ်အင်အေ၊ရိုက်တာ**

ယူအက်စ်အက်စ် အင်တာပရိုက်စ်မှ တိုက်လေယာဉ်နှစ်စင်း ဘဂ္ဂဒက်မြောက်ဘက်၌ ဗုံးကြဲ

ပနားမား ဇန်နဝါရီ ၁၂

အမေရိကန်ရေတပ်မှ ဂျက်တိုက်လေယာဉ်နှစ်စင်းသည် အစောပိုင်းနှစ်ရက်၌ ဘဂ္ဂဒက်မြောက်ဘက်ရှိ အီရတ်ပြောက်ကျား အခြေစိုက်စခန်းများကို တိကျမှုရှိသော လမ်းညွှန်ဗုံးပေါင်းနှစ်ထောင်ကို ကြဲချတိုက်ခိုက်ခဲ့ကြောင်း အမေရိကန်ရေတပ်က တနင်္လာနေ့၌ ပြောကြားသည်။

အက်ဖ်အေ-၁၈ဟောနက် တိုက်လေယာဉ်များသည် ပင်လယ်ကွေ့ရှိ ယူအက်စ်အက်စ်အင်တာပရိုက်စ် လေယာဉ်တင်သင်္ဘောကြီးမှပျံတက်ကာ ဘဂ္ဂဒက်မြို့မြောက်ဘက် ဘာလက်ဒ်အနီးရှိ ရန်သူ့စိန်ပြောင်းစခန်းများကို တိုက်ခိုက်ခဲ့ကြောင်း အမေရိကန်တပ် ဗဟိုဌာနချုပ်က ထုတ်ပြန်သော ကြေညာချက်၌ ဖော်ပြထားသည်။

နှစ်သစ်ကူးအစမှစပြီး တိကျသော လမ်းညွှန်ဗုံးများကို လေယာဉ်တင်သင်္ဘောကြီးက ပထမဆုံး အသုံးပြုခြင်းဖြစ်ကြောင်း အမေရိကန်ရေတပ်ဗဟိုစစ်ဌာနချုပ်က ပြောကြားသည်။ ယခုလအစောပိုင်း၌ ဘာလက်ဒ်အနီးရှိ အမေရိကန်အခြေစိုက်စခန်းကို စိန်ပြောင်းဖြင့် တိုက်ခိုက်ခဲ့သဖြင့် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးပြီး အခြားနှစ်ဦး ဒဏ်ရာရခဲ့သည်။ အင်တာပရိုက်စ်သည် ပင်လယ်ကွေ့၌ ဖြန့်ချထားသော အမေရိကန်ရေတပ်၏ တစ်ခုတည်းသော လေယာဉ်တင်သင်္ဘောဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

အီရတ်အနာဂတ်ကိစ္စ ဆွေးနွေးကြမည်

ဘဂ္ဂဒက် ဇန်နဝါရီ ၁၂

နာဂျက်ဖ်ရှိ အီရတ်အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ရှီးယားခေါင်းဆောင် အယာတိုလာအလီ အယ်လ်စစ္စတန်နီတို့ တွေ့ဆုံကာ ဆွေးနွေးပွဲတစ်ရပ် ကျင်းပသည်။

အစိုးရအဖွဲ့သစ် ဖွဲ့စည်းရေးအတွက် ဒေသခံရွေးကောက်ပွဲကော်မတီများက ရွေးကောက်တင်မြှောက်မည်ဖြစ်သည်ဟု အီရတ်အုပ်ချုပ်ရေးကောင်စီက ပြောကြားခဲ့ကြောင်း၊ အီရတ်အနာဂတ် အရေးကိစ္စမှာ ရှုထောင့်အမျိုးမျိုးမှ ဆွေးနွေးညှိနှိုင်းသွားမည်ဖြစ်ကြောင်း အီရတ်အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြောကြားကြောင်း သိရသည်။ **(စီအင်န်အင်န်)**

အီရတ်၏လက်နက်များကို လကမ္ဘာနှင့် အင်္ဂါဂြိုဟ်၌ရှာဖွေရန် ဆန္ဒရှိပုံရ

သမ္မတလောင်းတစ်ဦး ဘုရှ်၏မူဝါဒအပေါ် လှောင်ပြောင်ပြောဆို

ဝါရှင်တန် ဇန်နဝါရီ ၁၃

အမေရိကန်သမ္မတရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် သမ္မတလောင်းများက အီရတ်နိုင်ငံအပေါ် သမ္မတဘုရှ်ထားရှိသည့် မူဝါဒနှင့်ပတ်သက်ပြီး ယမန်နေ့က ဝေဖန်ပြောကြားခဲ့သည်။

ဝေဖန်

အယ်လ်ခိုင်ဒါ အကြမ်းဖက်အဖွဲ့နှင့် ယခင် အီရတ်သမ္မတဆက်ဒမ်ဟူစိန် ဆက်နွယ်မှု တစ်စုံတစ်ရာမတွေ့ရှိရကြောင်း၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်က လွန်ခဲ့သည့်နှစ်ရက်က ပြောကြားခဲ့ကြောင်း၊ သမ္မတဘုရှ်သည် အမေရိကန်ပြည်သူများကို ဘာကြောင့် ဦးဆောင်မှုလွဲမှားနေသနည်းဟု မေးစရာရှိပြီး ယင်းသို့ လွဲမှားနေသည်မှာ နှစ်နှစ်ကြာပြီဖြစ်ကြောင်း သမ္မတလောင်းတစ်ဦးက ဝေဖန်ပြောကြားလိုက်သည်။

လှောင်ပြောင်

ထို့အပြင် အမေရိကန်များသည် အီရတ်မှပင် မထွက်ခွာနိုင်သေးဘဲ လကမ္ဘာနှင့် အင်္ဂါဂြိုဟ်သွားသည့်ကိစ္စကို သမ္မတဘုရှ်ပြောနေခြင်းသည် အံ့သြစရာဖြစ်နေကြောင်း၊ အီရတ်မှာ ရှာဖွေမတွေ့ရှိသော အဖျက်စွမ်းအားကြီးမားသည့် လက်နက်များကို ထိုနေရာ၌ သွားရောက်ရှာဖွေရန် ဆန္ဒရှိပုံရကြောင်း သမ္မတလောင်းတစ်ဦးက လှောင်ပြောင်ပြောကြားခဲ့သည်။ **(စီအင်န်အင်န်)**

ဘီဂဲလ်-၂ နှင့် အဆက်အသွယ်မရသေး

လန်ဒန် ဇန်နဝါရီ ၁၀

ဥရောပ အာကာသအေဂျင်စီက လွှတ်တင်ထားသော အင်္ဂါဂြိုဟ်ဆင်းယာဉ် ဘီဂဲလ်-၂နှင့် အဆက်အသွယ်ရယူရေး ထပ်မံကြိုးပမ်းချက်များ မအောင်မြင်ခဲ့ကြောင်း သိရသည်။

သုတေသီများ၏ ပြောကြားချက်အရ ယမန်နေ့က မားစ်အိပ်စ်ပရက်စ်သည် ဘီဂဲလ်-၂ ဆင်းသက်ရန် ရည်ရွယ်ထားသည့် နေရာအပေါ်မှ ပျံသန်းကာ အဆက်အသွယ်ရရှိရေး နှစ်ကြိမ်တိုင်တိုင် ကြိုးပမ်းခဲ့ကြောင်း သိရသည်။ စနေနေ့နှင့် တနင်္ဂနွေနေ့များတွင် ဥရောပ အာကာသအေဂျင်စီက ထပ်မံကြိုးစားဦးမည်ဖြစ်သည်။ **(စီအင်န်အင်န်)**

မျိုးဆက်သစ်အင်တာနက်ပညာ ဖွံ့ဖြိုးစေရန် ဘရော့ဒ်ဘင်းအင်တာနက် တရုတ်စတင်အသုံးပြု

ဘေဂျင်း ဇန်နဝါရီ ၁၂

တရုတ်၊ အမေရိကန်နှင့် ရုရှားတို့ တည်ဆောက်ခဲ့သော ကမ္ဘာ့ပထမဦးဆုံး အမြန်နှုန်းဖြင့် ဘရော့ဒ်ဘင်း အင်တာနက်ကွန်ရက်ကို တရုတ်နိုင်ငံက စတင်ချိတ်ဆက် အသုံးပြုလိုက်ပြီဖြစ်သည်။

အဆိုပါ ကွန်ရက်သည် မျိုးဆက်သစ်အင်တာနက်နည်းပညာ ဖွံ့ဖြိုးတိုးတက်စေရန် အကြီးအကျယ် တွန်းအားပေးထောက်ပံ့မည်ဖြစ်သကဲ့သို့ အပြည်ပြည်ဆိုင်ရာ သိပ္ပံသုတေသနပြုမှုများကိုလည်း နောက်ထပ်ပြောင်းလဲဆန်းသစ်လာစေဦးမည်ဖြစ်သည်ဟု မျှော်မှန်းထားကြသည်။

အဆိုပါ ဘရော့ဒ်ဘင်းကွန်ရက်သည် အမေရိကန်နိုင်ငံ ချီကာဂိုမှစတင်ကာ နယ်သာလန်နိုင်ငံ အမ်စတာဒမ်သို့ ရောက်ရှိပြီးနောက် အတ္တလန်တိတ်သမုဒ္ဒရာကိုဖြတ်သန်းပြီး ရုရှားနိုင်ငံ၊ မော်စကိုအထိ ပျံ့နှံ့ကာ ထိုကမှတစ်ဆင့် တရုတ်နိုင်ငံ ဘေဂျင်းနှင့် ဟောင်ကောင်တို့အထိ ချိတ်ဆက်ထားခြင်းဖြစ်သည်။ **(စီစီတီဗွီ)**

မီးတောင်ပေါက်ကွဲ

ဇန်နဝါရီ ၉ ရက်က ဂွာတီမာလာနိုင်ငံ မြို့တော် ဂွာတီမာလာမှ မိုင် ၆၀ အကွာရှိ ဒီဖူအီဂိုမီးတောင် ပေါက်ကွဲနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

သီတဂူဓမ္မသဘင်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၃

စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ သပိတ်အိုင်တောရ သဲကုန်းဆရာတော် အရှင် ဒေါက်တာဉာဏိဿရ (D. Litt)၏ အထူးတရားပွဲကို ပုဇွန်တောင်မြို့နယ် ရေကျော်လမ်း အမှတ်(၇၇) ဗုဒ္ဓကလျာဏယုဝ အသင်းရှေ့၌ ဇန်နဝါရီ၁၇ ရက်(စနေနေ့) ညနေ ၆ နာရီတွင်ကျင်းပမည်ဖြစ်ရာ တရားနာ ကြွရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က–ပ)**

စက်မှုစွမ်းအား ခေတ်ကျော်လွှား

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၁၃

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်း(မှန်ဆောင်)ရှိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၊ အတွင်းရေးမှူး ဦးသောင်းညွှန့်၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးခင်မောင်မြင့်၊ တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာသောင်းမြင့်နှင့် လုပ်ငန်းကော်မတီဝင်များ စုံညီစွာတက်ရောက်ကြသည်။

ရှင်းလင်းဆွေးနွေး

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုးက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ်ဦးအေးမောင်နှင့် အတွင်းရေးမှူး ဦးသောင်းညွှန့်တို့က အမျိုးသားညီလာခံဆိုင်ရာကိစ္စများကို ရှင်းလင်းဆွေးနွေး ပြောကြားကြသည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက နိဂုံးချုပ်အမှာစကားပြောကြားပြီး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

သမဝါယမအရောင်းဆိုင်ဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၁၃

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုသောအားဖြင့် အလုံမြို့နယ် သစ်တောလမ်းနှင့် ငုဝါလမ်းထောင့်ရှိ စကားစိမ်းရောင်ဝယ်ရေး သမဝါယမ အသင်းလီမိတက်၏အထူးအရောင်းဆိုင်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ ရန်ကုန်တိုင်းသမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးစိန်ဝင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်၊ မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးသက်မောင်၊မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမြင့်သိန်း၊ အသင်းဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ဝန်ထမ်းများ တက်ရောက်ကြပြီး လူသုံးအိမ်သုံးပစ္စည်းများ၊ အဝတ်အထည်များ၊ စာရေးကိရိယာများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **(က–ပ)**

▼ ကျောဖုံးမှ

အစီအစဉ်အရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်က 'သမဝါယမထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်–၂၀၀၄' ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် သမဝါယမကူးသန်းရောင်းဝယ်ရေး ဗဟိုဌာန (ဆရာစံပလာဇာ) တည်ဆောက်ရေးကော်မတီ အုပ်ချုပ်မှုဒါရိုက်တာ ဦးမောင်မောင်တို့က 'သမဝါယမ ထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်–၂၀၀၄' ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဧည့်သည်တော်များသည် 'သမဝါယမ ထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်–၂၀၀၄' ခင်းကျင်းပြသသည့် ပထမထပ်၊ ဒုတိယထပ်၊ တတိယထပ်၊ မြေညီထပ်နှင့် မြက်ခင်းပြင်တို့တွင် ခင်းကျင်းပြသထားသည့် သမဝါယမ ထုတ်ကုန်ပစ္စည်းအရောင်းပြခန်းတို့ကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

'သမဝါယမ ထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်–၂၀၀၄'တွင် ဝန်ကြီးဌာနများ၊ ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များ၊ ပြည်နယ်နှင့်တိုင်း သမဝါယမ အသင်း ၁၀၉ သင်းတို့သည် မြေညီထပ်တွင် ပြခန်း ၆၃ ခန်း၊ ပထမထပ်တွင် ၇၇ခန်း၊ ဒုတိယထပ်တွင် ပြခန်း၈၆ ခန်းနှင့်မြေကွက်လပ် တွင် ပြခန်း ၄၅ ခန်း စုစုပေါင်း ၂၇၁ ခန်း ဖွင့်လှစ်ကာ သမဝါယမထုတ်ကုန် ပစ္စည်းများကိုခင်းကျင်းပြသထားသည်။

အဆိုပါ သမဝါယမထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်ကို ယနေ့မှစ၍ ဇန်နဝါရီ ၁၉ ရက်ထိ နေ့စဉ် နံနက် ၉ နာရီမှ ည၉ နာရီအတွင်း ခင်းကျင်းပြသသွားမည်ဖြစ်ပြီး တစ်ကိုယ်တော်ဆိုပျော် အစီအစဉ်၊ ဈေးကွက်မြှင့်တင် ကြော်ငြာအစီအစဉ်တို့ကိုပါ ပူးတွဲပြသသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

'သမဝါယမ ထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော် ၂၀၀၄' တွင် KOL Global Co., Ltd. ၏ အီတလီနိုင်ငံလုပ် VENZ အမှတ်တံဆိပ် ရေစုပ်စက်များအရောင်းပြခန်း၌ ပွဲတော်လာ ပြည်သူများ စိတ်ဝင်စားစွာ လေ့လာကြည့်ရှု ဝယ်ယူအားပေးကြစဉ်။ (က–ပ)

(၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့

ကမ္ဘာ့နိုင်ငံများမှ နိုင်ငံ့အကြီးအကဲများ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် ဝန်ကြီးချုပ်များက လွတ်လပ်ရေးနေ့သဝဏ်လွှာများ အသီးသီး ဆက်လက်ပေးပို့လျက်ရှိသည်။

ဗြိတိန်နိုင်ငံ

၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဗြိတိန်နိုင်ငံ ဒုတိယမြောက် အယ်လဇ္ဇဘက်ဘုရင်မထံမှ လွတ်လပ်ရေးနေ့သဝဏ်လွှာ ပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံ ကြီးပွားတိုးတက်စေရန်၊ မြန်မာပြည်သူများ ပျော်ရွှင်ချမ်းမြေ့စေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ဖော်ပြပါရှိသည်။

အစ္စရေးနိုင်ငံ

၂၀၀၄ ခုနှစ် ဇန်နဝါရီလ၄ ရက်တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ အစ္စရေးနိုင်ငံ သမ္မတ မိုရှေကတ်ဆက်ထံမှ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်ကျန်းမာစေရန်နှင့် မြန်မာပြည်သူများ ဆက်လက်တိုးတက်ဖြစ်ထွန်းစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ဖော်ပြပါရှိသည်။

သြစတြေးလျနိုင်ငံ

၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ သြစတြေးလျ ခနသဟာယနိုင်ငံ ဘုရင်ခံချုပ် မိုက်ကယ်ဂျက်ဖရီ ထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိနှင့် သြစတြေးလျပြည်သူများက မြန်မာပြည်သူများထံ ဝမ်းမြောက်ဂုဏ်ယူစွာ သဝဏ်လွှာပေးပို့ပါကြောင်း ဖော်ပြပါရှိသည်။ **(မြန်မာ့အလင်း)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၅ ခုနှစ် ပြာသိုလပြည့်ကျော် ၈ ရက် (ဥပုသ်နေ့)

၁၄–၁–၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၁၀ ၆။ အကပြိုင်ပွဲ
၈:၂၀ ၇။ ကျောက်ကြီးပေါက်တံတား
၈:၃၀ ၈။ International News
၈:၄၅ ၉။ Learning English the Easy and Happy Way for Children and Beginners

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Practice in Reading
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၁၇:၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၃၀ ၇။ ကြံခိုင်ကျန်းမာပြည်မြန်မာ
၁၇:၄၅ ၈။ သီချင်းကြီးပဒေသာ
၁၇:၅၅ ၉။ တေးဂီတအစီအစဉ်
၁၈:၁၀ ၁၀။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၈:၂၀ ၁၁။ Discovery
၁၈:၃၀ ၁၂။ ညနေခင်းသတင်း
၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၄။ Milo Success in Soccer
၁၉:၁၀ ၁၅။ နိုင်ငံ့ဝင်ငွေတိုးပွားစေရာ မြန်မာပြည်အနှံ့စိုက်ပျိုးမှာ
၁၉:၂၅ ၁၆။ တေးဂီတအစီအစဉ်
၁၉:၃၅ ၁၇။ Myanmar ICT Week ဂုဏ်ပြုအစီအစဉ်(အပိုင်း–၂)
၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **"တုံ့မယူလို"** (အပိုင်း–၁၄)
၂၂။ မင်းကွန်းဆရာတော်ဘုရားကြီး ဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

လယ်တွင်းသားစောချစ်၏ ပန်းချစ်သူနေခြည် ဖြန့်ချိ



ရန်ကုန် ဇန်နဝါရီ ၁၃

အမျိုးသားစာပေဆုရ စာရေးဆရာ လယ်တွင်းသားစောချစ်၏ ၃၅ အုပ်မြောက် စာအုပ်အဖြစ် ပန်းချစ်သူနေခြည် လုံးချင်းဝတ္ထုသစ်ကို ပန်းမြိုင်လယ်စာပေက ထုတ်ဝေဖြန့်ချိထားကြောင်း သိရသည်။ **(အပေါ်ပုံ)** **(က–ပ)**

ဒါတွေကိုသိဖို့လိုတယ်

❖ မြောက်တိုင်းလည်း မမြောက်နဲ့
❖ ခြောက်တိုင်းလည်း မကြောက်နဲ့
❖ ချော့တိုင်းလည်း မပျော့နဲ့

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့



● **ရှေ့ဖုံးမှ**

ယင်းနောက် ကျောက်နီမော်တွဲဖက်အထက်တန်းကျောင်းသို့ ရောက်ရှိကာ ဆရာ ဆရာမများအား ကျောင်း၏ပညာသင်ကြားမှုအခြေအနေ၊ ကျောင်းသားနှင့် စာသင်ခန်းမျှတမှုအခြေအနေတို့ကို မေးမြန်းပြီး ကျောက်နီမော်တွဲဖက် အထက်တန်းကျောင်းကို အထက်တန်းကျောင်းခွဲအဆင့်သို့ တိုးမြှင့်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ဆီအုန်းစိုက်ပျိုးမှုကြည့်ရှု

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် လမ်းတစ်လျှောက် လမ်းပန်းဆက်သွယ်မှု အခြေအနေ၊ လမ်း ဝဲ/ယာတစ်လျှောက် ဆီအုန်းများစိုက်ပျိုးထားမှုအခြေအနေနှင့် ပင်လယ်ကမ်းခြေ၏ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ညောပြင်ကျေးရွာသို့ ရောက်ရှိကြရာ မြို့နယ်နှင့်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ၊ ကျောင်းသားကျောင်းသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ ရှင်းလင်းဆောင်၌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက ထားဝယ်မြို့မှ ၄၃မိုင်နှင့် ထားဝယ်မြစ်ဝမှ ၇ ဒသမ ၅မိုင် အကွာရှိ ညောပြင်ကျေးရွာတွင် တန်ချိန် ၅၀၀၀၀ ဆံ့ ပင်လယ်ကူးသင်္ဘောကြီးများဝင်ထွက်သွားလာနိုင်မည့် ညောပြင်ပင်လယ် ရေနက်ဆိပ်ကမ်းတည်ဆောက်နိုင်မည့် အခြေအနေ၊ ကုန်လှောင်ရုံနှင့် စက်မှုဇုန် တည်ဆောက်နိုင်မည့် ပတ်ဝန်းကျင်အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်က အိမ်နီးချင်းနိုင်ငံများ ဒေသအတွင်း အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ညောပြင်ပင်လယ် ရေနက်ဆိပ်ကမ်း တည်ဆောက်နိုင်မည့်အခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အမှာစကားပြောကြားရာတွင် တနင်္သာရီတိုင်းသည် ဒုတိယကမ္ဘာစစ်ကာလက အိမ်နီးချင်းနိုင်ငံနှင့် ဆက်သွယ်သောလမ်းများ၊ ရထားလမ်းများရှိခဲ့သော်လည်း နောက်ပိုင်းကာလများတွင် အကြောင်းအမျိုးမျိုးကြောင့် လမ်းများပျောက်ပျက်သွားခဲ့ရကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဇန်နဝါရီ ၁၁ ရက်က တနင်္သာရီတိုင်း လောင်းလုံးမြို့နယ် ညောပြင်ကျေးရွာ ပင်လယ်ရေနက်ဆိပ်ကမ်း တည်ဆောက်နိုင်မည့်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

တောကျဲရေတံခွန်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇန်နဝါရီ ၁၁ ရက်က တနင်္သာရီတိုင်း လောင်းလုံးမြို့နယ် တောကျဲကျေးရွာရှိ တောကျဲရေတံခွန်နှင့် ရေလှောင်ကန် အခြေအနေကို ကြည့်ရှုစဉ်။
(သတင်းစဉ်)

ထားဝယ်မြို့ ဘူတာရုံ

တနင်္သာရီတိုင်းရှိထားဝယ်မြို့ ဘူတာရုံကို တွေ့ရစဉ်။
(သတင်းစဉ်)

ယခုအခါတွင် မြန်မာနိုင်ငံတော်အနေဖြင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ဆက်သွယ်ဆက်ဆံရေး တိုးတက်ကောင်းမွန်လာသည်နှင့်အညီ နိုင်ငံတကာနှင့် ဆက်သွယ်သည့်လမ်းများ ပြန်လည်တည်ဆောက်ရန် အခြေအနေများဖြစ်ပေါ်လာကြောင်း။

လမ်းမကြီးများဖောက်လုပ်

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသနှင့် တောင်အာရှဒေသတို့၏ အလယ်ဗဟို၌ရှိနေရာ ယနေ့အချိန်အခါကဲ့သို့ ဒေသတွင်းနိုင်ငံများအချင်းချင်း စီးပွားရေး၊ ကုန်သွယ်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးတက်ဖြစ်ထွန်းလာသည့်အချိန်အခါတွင် မြန်မာနိုင်ငံကို ဖြတ်သန်းလျက် ဒေသတွင်းနိုင်ငံများနှင့်ကူးသန်းဆက်သွယ်နိုင်သည့် လမ်းမကြီးများ ဖောက်လုပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း။

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနိုင်ငံများ ပူးပေါင်းလျက်ဒေသတွင်း စီးပွားရေး၊ ကုန်သွယ်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှုကဏ္ဍများ အထူးသဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရေးအတွက် နိုင်ငံများအကြား အစီအမံများချမှတ် ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း။

ဆက်ဆံမှုများတိုးမြှင့်

အလားတူပင် အိန္ဒိယ၊ မြန်မာနှင့်ထိုင်းနိုင်ငံ ဆက်သွယ်မည့်လမ်းမကြီး ဖောက်လုပ်ရေးအပါအဝင် ပူးပေါင်းဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်သွားရန်လည်း မိမိတို့နိုင်ငံများအကြား အစီအမံများချမှတ်ထားပြီးဖြစ်ကြောင်း။

14-1 (8).p65 1 3/25/05, 8:49 PM

စီးပွားကူးသန်း ရှေ့သို့လှမ်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇန်နဝါရီ ၁၁ ရက်က တနင်္သာရီတိုင်း ထားဝယ်မြို့နယ် ကနိုင်းဒါစံပြကျေးရွာ ပိဋကတ်တိုက်ကျောင်း ဆရာတော် ဘဒ္ဒန္တသုန္ဒရ အမှူးပြုသော ဆရာတော်သံဃာတော်များအား ပူဇော်ကန်တော့ကြပြီး သက်န်းဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇန်နဝါရီ ၁၁ ရက်က တနင်္သာရီတိုင်း လောင်းလုံးမြို့နယ် ညှော်ပြင်ကျေးရွာတွင် ဒေသခံရွာသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။ (သတင်းစဉ်)

သို့ဖြစ်၍ တနင်္သာရီတိုင်း ထားဝယ်ဒေသတွင် ပင်လယ်ရေနက်ဆိပ်ကမ်း တည်ဆောက်နိုင်မည့် အခြေအနေ၊ အိမ်နီးချင်းနိုင်ငံနှင့်ဆက်သွယ်မည့် လမ်းမကြီး ဖောက်လုပ်နိုင်မည့်အခြေအနေနှင့် ယင်းအစီအစဉ်များနှင့်အတူ ထားဝယ်ဒေသ အတွင်း စက်မှုလုပ်ငန်းကြီးများ ထူထောင်နိုင်မည့်အခြေအနေတို့ကို မျက်မြင် လေ့လာသိရှိနိုင်ရန်ယခုကဲ့သို့ ထားဝယ်ဒေသသို့လာရောက်ခဲ့ခြင်းဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအာဏာပိုင်များ က နိုင်ငံတော်၏ ရည်မှန်းချက်များအောင်မြင်ပြည့်မြောက်ရေးနှင့် ဒေသတိုး တက်ဖွံ့ဖြိုးရေးအတွက် မိမိတို့ကဏ္ဍအလိုက်ပူးပေါင်းပါဝင်ဆောင်ရွက်ဖွယ်ရာ များကို တက်ညီလက်ညီဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဒေသခံ များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ဒေသ၏ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အခြေအနေများမေးမြန်းကာ ညှော်ပြင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကို မူလတန်းလွန်ကျောင်းအဆင့်တိုးမြှင့်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ညှော်ပြင်ကျေးရွာမှ ပြန်လည်ထွက်ခွာလာကြပြီး လောင်းလုံးမြို့နယ် တောကျဲ ကျေးရွာရှိ တောကျဲရေတံခွန်နှင့် ရေလှောင်ကန်၏အခြေအနေကို ကြည့်ရှု ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ သည် လောင်းလုံးမြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိကြရာ ဆေးရုံအုပ် ဒေါက်တာလှလှကြည်နှင့် ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင် များသည် လူနာဆောင်၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းနှင့်ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လက်ရှိ (၁၆)ခုတင်ဆံ့ဆေးရုံကို (၂၅)ခုတင်ဆံ့ဆေးရုံအဆင့် တိုးမြှင့်ပေးပြီး (၂၅)ခုတင် ဆံ့ဆေးရုံ အင်္ဂါရပ်များနှင့်အညီ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက် ပေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ သည် ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်ရှိ မောင်းမကန်ကမ်းခြေ ဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား မောင်းမကန် ကမ်းခြေရှင်းလင်းဆောင်၌ ထားဝယ် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကြွယ်က မောင်းမကန်ကမ်း ခြေ၏ တည်နေရာနှင့်အကျယ်အဝန်း၊ မောင်းမကန်ကမ်းခြေ၏ လက်ရှိမြေ အသုံးချမှု၊ မောင်းမကန်ကမ်းခြေ ဖွံ့ဖြိုးရေးအတွက် မောင်းမကန် ကမ်းခြေ၊ ကျောက်ဆင် ကမ်းခြေနှင့် မျှော်ရစ်ဘုရားဝန်းကျင်ဟူ၍ အပိုင်း များ ခွဲခြားထားမှု၊ ကမ်းခြေအနေ အထား၊ လမ်းပန်းဆက်သွယ်မှု အခြေ အနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြသည်။

ယင်းနောက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီးဗိုလ်မှူးချုပ်အေးမြင့်ကြူက မောင်းမကန်ကမ်းခြေ၌ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် ဟိုတယ်ဇုန်၌ ပုဂ္ဂလိကလုပ်ငန်းရှင်များ ဟိုတယ် လုပ်ငန်းဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ Maungmakan Developers Group ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးခင်ဇော်တို့က မောင်းမကန်ကမ်းခြေ၌ ဟိုတယ်လုပ်ငန်းများစတင်လုပ်ကိုင်ရန် စီစဉ်ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်က အိမ်နီးချင်း နိုင်ငံများ ဒေသအတွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပြီး မြန်မာ နိုင်ငံ၌ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဆောင်ရွက်နိုင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များ အပေါ်ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အမှာစကားပြောရာတွင် မောင်းမကန်ဒေသ သည် ပင်ကိုသဘာဝ အခြေအနေမပျက်ယွင်းသေးသည့် ညီညာပြန့်ပြူးပြီး သာယာလှပသည့် သဲသောင်ပြင်များရှိသော ပင်လယ်ကမ်းခြေ အပန်းဖြေဒေသ တစ်ခုဖြစ်ကြောင်း။

ယခုအချိန်အခါတွင် နိုင်ငံတကာ၌ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း တွင်ကျယ် ခေတ်စားလာသည့်နည်းတူ မြန်မာနိုင်ငံအနေဖြင့်လည်း ကမ္ဘာလှည့်ခရီးသွား လုပ်ငန်း တိုးတက်ဖြစ်ထွန်းစေရေးအတွက် အားပေးဆောင်ရွက်လျက်ရှိကြောင်း။

ထို့အပြင် ထားဝယ်ဒေသကို အခြေပြုပြီး နိုင်ငံတကာနှင့် ဆက်သွယ် ဆက်ဆံနိုင်မည့် ပယ်လယ်ရေနက်ဆိပ်ကမ်းနှင့် လမ်းမကြီးတစ်ခုဖြစ်ထွန်းလာမည့် အခြေအနေဖြစ်ပေါ်လာရာ ထားဝယ်ဒေသအနေဖြင့် နိုင်ငံတကာနှင့် ဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာတော့မည်ဖြစ်ကြောင်း။

အဆင့်မြှင့်တင်

ထိုသို့သောအချိန်အခါတွင် ပင်ကိုရှိထားပြီးဖြစ်သည့် မောင်းမကန် ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းကို ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတိုးတက် ဖြစ်ထွန်းမှုနှင့် လိုက်လျောညီထွေစွာ အဆင့်မြှင့်တင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ထို့ကြောင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသဆိုင်ရာအာဏာပိုင်များနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များ ပူးပေါင်းညှိနှိုင်းပြီး မောင်းမကန်ဒေသကို အဆင့်မီ ပင်လယ်ကမ်းခြေအပန်းဖြေစခန်းတစ်ခုအဖြစ် ဖြစ်ထွန်းလာစေရအောင် အဆင့် အလိုက်အကောင်အထည်ဖော် ဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင် များသည် ထားဝယ်တက္ကသိုလ်သို့ရောက်ရှိကြရာ ဒုတိယပါမောက္ခချုပ် ဦးကျော်ကျော်ဌေးနှင့် ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများနှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရှင်းလင်းဆောင်၌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က ထားဝယ်တက္ကသိုလ်၏ နောက်ခံသမိုင်း၊ ဖွင့်လှစ်ထားသော မဟာအရည်အချင်းစစ်သင်တန်းများ၊ မဟာဘွဲ့သင်တန်းများ၊ ပထမနှစ်နှင့် ဒုတိယနှစ်သင်တန်းများအခြေအနေ၊ သင်ကြားပို့ချနေသော အထူးပြု ဘာသာရပ်များ၊ ကျောင်းသား ကျောင်းသူဦးရေ၊ ကွန်ပျူတာ ၁၀၅ လုံး အသုံးပြုသင်ကြားပေးလျက်ရှိသော IT Centre Rooms များ၊ ဝန်ထမ်း ဖွဲ့စည်းပုံနှင့် ခန့်ထားပြီးအင်အား၊ တည်ဆောက်ရေးလုပ်ငန်းများအပါအဝင် သင်ကြားစီမံကိန်းရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူး ဦးသိန်းဇောက ထားဝယ်တက္ကသိုလ်၌ ၁၀ ခန်းပါ နှစ်ထပ်စာသင်ဆောင်များ၊ ကျောင်းသား ၃၀၀ ဆံ့ စာသင်ခန်းမ နှစ်လုံး၊ ၁၀ ခန်းပါ နှစ်ထပ်စီမံခန့်ခွဲ ရေးဆောင်၊ အခန်း ၂၀ ပါ ဆရာ ဆရာမဆောင်များ၊ ကျောင်းသား ကျောင်းသူ နားနေဆောင်များတည်ဆောက်ပြီးစီးနေမှုနှင့် ပြင်ပရေ၊လျှပ်စစ်မီး လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်း တင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ထားဝယ် တက္ကသိုလ်၌ ဘွဲ့နှင်းသဘင်ခန်းမပါသော ပင်မဆောင်တည်ဆောက်ရန် စီစဉ်ရေး မှာကြားပြီး ထားဝယ်တက္ကသိုလ်ပရဝဏ်အတွင်းလှည့်လည်၍ စာသင်ဆောင် များ၊ ကျောင်းသူနားနေဆောင်နှင့် အုပ်ချုပ်ရေးရုံးအဆောက်အအုံတို့ကို ကြည့်ရှု စစ်ဆေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင် များသည် ထားဝယ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ဆရာမကြီးဒေါ်မြင့်မြင့်နှင့် ဆရာ ဆရာမများ၊ ကျောင်းသူများက ကြိုဆိုကြသည်။

ထို့နောက် ထားဝယ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အတွက် သင်ထောက်ကူပစ္စည်းနှင့် အလှူငွေပေးအပ်ပွဲကို ကျောင်းခန်းမ၌ ကျင်းပသည်။

ကွန်ပျူတာတစ်စုံပေးအပ်

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ထားဝယ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်း ကျောင်းအတွက် ကွန်ပျူတာတစ်စုံကို ကျောင်းအုပ်ဆရာမကြီးဒေါ်မြင့်မြင့်အား ပေးအပ်သည်။

ယင်းနောက် ထားဝယ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အတွက် ဇေကမ္ဘာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌဒေါက်တာခင်ရွှေက ငွေကျပ်ငါးသိန်း၊ ယုဇနကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဌေးမြင့်က ငွေကျပ်ငါးသိန်းနှင့် Tour Mandalay Co., Ltd.မန်နေဂျင်းဒါရိုက်တာဦးခင်ဇော်က ငွေကျပ်နှစ်သိန်း တို့ကို ကျောင်းအုပ်ဆရာမကြီးဒေါ်မြင့်မြင့်အား ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နှင့်အဖွဲ့ဝင်များသည် ကွန်ပျူတာသင်ထောက်ကူစာသင်ခန်းများကို ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင် များသည် ထားဝယ်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ဆရာမကြီးဒေါ်ဝင်းညွန့်နှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများက ကြိုဆိုကြသည်။

ထို့နောက် ထားဝယ်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း အတွက် သင်ထောက်ကူပစ္စည်းနှင့် အလှူငွေပေးအပ်ပွဲကို ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ထားဝယ်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်း ကျောင်းအတွက် ကွန်ပျူတာတစ်စုံကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းညွန့်အား ပေးအပ်သည်။

ထို့နောက် ထားဝယ်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်က ငွေကျပ်ငါးသိန်း၊ ဇေကမ္ဘာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ငွေကျပ်ငါးသိန်း၊ ယုဇနကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဌေးမြင့်က ငွေကျပ်ငါးသိန်းနှင့် Tour Mandalay Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးခင်ဇော်က ငွေကျပ်နှစ်သိန်းတို့ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းညွန့်အား ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Computer Application & Computer Aided Instruction Room ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည်။ ထားဝယ်မြို့ လောကသရဖူ လျောင်းတော်မူဘုရားကြီးကို သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အာရုံခံတန်ဆောင်းအတွင်း၌ ထားဝယ်မြို့နယ် ကနိုင်းဒါစံပြကျေးရွာ ပိဋကတ်တိုက်ကျောင်း ဆရာတော် ဘဒ္ဒန္တသုန္ဒရ အမှူးပြုသော ဆရာတော် သံဃာတော်တို့အား ပူဇော်ကန်တော့ကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သင်္ကန်းများ ဆက်ကပ် လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လောကသရဖူလျောင်းတော်မူဘုရားကြီး ဘက်စုံ လုပ်ငန်းအတွက် အလှူငွေများကိုလည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက စုပေါင်း လှူဒါန်းငွေများကိုလည်းကောင်း ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် အာရုံခံတန်ဆောင်းအတွင်း အပူဇော်ခံထားသော လောကသရဖူလျောင်းတော်မူဘုရားကြီး၏ နဖူးသင်းကျစ်တော်နှင့် ဥဏ္ဏာလုံမွေးရှင်တော်တို့အား အပူဇော် ကြည်ညိုကြပြီး ဘုရားကြီးဘက်စုံပြုပြင်မွမ်းမံမှုလုပ်ငန်းများကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ထားဝယ်ဘူတာရုံသို့ရောက်ရှိကြရာ မြန်မာ့မီးရထား တိုင်းအင်ဂျင်နီယာဦးဌေးလှိုင်နှင့်တာဝန်ရှိသူများက ကြိုဆိုကြပြီး မော်လမြိုင်–ထားဝယ်ရထားပြေးဆွဲနေမှု အခြေအနေကို ရှင်းလင်းတင်ပြရာ လိုအပ်မှုများမှာကြားပြီး ထားဝယ်ဘူတာရုံကြီးကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ထားဝယ်မြို့ ဟိန္ဒာရိပ်သာသို့ ရောက်ရှိရပ်နားကြသည်။ **(သတင်းစဉ်)**

ကျပန်းစကားပြောပြိုင်

ရန်ကုန် ဇန်နဝါရီ ၁၃

တပ်မတော်နေ့အထိမ်းအမှတ် မြို့နယ်အဆင့် ကျပန်းစကားပြောပြိုင်ပွဲကို ဒီဇင်ဘာ ၂၂ရက် နံနက်က ကောလင်းမြို့ အခြေခံပညာ အထက်တန်းကျောင်း သဇင်ခန်းမတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြင့်ဝေနှင့် ကျောင်းအုပ်ဆရာကြီး ဦးသိန်းဇော်ဝင်းတို့က အမှာစကားပြောကြားသည်။

ပြိုင်ပွဲသို့ ကျောင်းသူကျောင်းသား ၁၁ဦး ဝင်ရောက် ယှဉ်ပြိုင်ကြပြီး ဆုရသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။ **(ဝ၂၆)**

သားငါးပွံ့ဖြိုး ပြည်အကျိုး

မောင်စာဆို မြှတစ်ခဲမှာဖြင့်

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာပေထုတ်ဝေရေးနှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၉ရက် မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် စာပေဗိမာန်အဆောက်အအုံရှိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့သည်။

အဆိုပါ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ နှီးနှောဖလှယ်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးမျိုးသန့်(မောင်ဆုရှင်)နှင့် လုပ်ငန်းကော်မတီဝင်များ၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးသောင်းဟန်၊ မြန်မာနိုင်ငံ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေး(ဖိုးသောကြာ)နှင့် စာတမ်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်)နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ဒေါ်ခင်သန်းဝင်း(ကြူကြူသင်း)တို့က ဆောင်ရွက်ကြသည်။

စာပေဗိမာန်ခန်းမတစ်ခုလုံး ငြိမ်သက်တိတ်ဆိတ်နေသည်။ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးက မြန်မာစာပေဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားနေသည်။ ပရိသတ်ကြီးမှာ စိတ်ဝင်စားလွန်းသဖြင့် ငြိမ်သက်စွာနားထောင်နေကြသည်။

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အဖွင့်အမှာစကားပြောကြားရာတွင်–

“စာပေဖွံ့ဖြိုးရေးအတွက် စာတမ်းဖတ်ပွဲများနှင့် စာပေနှီးနှောဖလှယ်ပွဲများကို ၁၉၆၅ ခုနှစ်ကစပြီး ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပခဲ့ရာ (၂၅)ကြိမ်ရှိခဲ့ပြီဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် နှီးနှောဖလှယ်ပွဲသည် ပြုစုသူ၊ ပြင်ဆင်သူ၊ ပုံနှိပ်သူနှင့် ထုတ်ဝေသူအားလုံး စုစည်းညီညွတ်စွာ အတွေးအမြင်ဖော်ထုတ်သည့် စာပေဖွံ့ဖြိုးရေး နှီးနှောဖလှယ်ပွဲကြီးဖြစ်ကြောင်း။

“မြန်မာစာပေသမိုင်းတစ်လျှောက်တွင် စာပေပညာရှင်များ၊ ထုတ်ဝေသူများ၏ အားထုတ်ကြိုးပမ်းမှုကြောင့် အရည်အသွေးရှိသည့်၊ ပြည်သူကို အလင်းရောင်ပေးသည့် စာအုပ်များထွက်ပေါ်ခဲ့ပြီး အမျိုးသားရေးလက္ခဏာ ထည်ဝါစွာဖြင့် ရပ်တည်နိုင်ခဲ့ကြောင်း၊ မိမိတို့မြန်မာစာပေတွင် ဂုဏ်ယူလောက်သည့် စာပေလက်ရာများ သမိုင်းအဆက်ဆက်က ကြွယ်ဝစွာတည်ဆောက်ပေးခဲ့ပြီးဖြစ်၍ မြန်မာစာပေ သမိုင်းကြောင်းကို အစဉ်အလာမပျက် ဆက်လက်ထွန်းပြောင်အောင် ခေတ်မီပုံနှိပ်နည်းပညာများကို အသုံးပြုဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

“မြန်မာစာပေသည် အတွေးအခေါ်နှင့် အဖွဲ့အနွဲ့များမှာပါ အဆင့်အတန်းရှိကြောင်းကို ပြည်ပအထိ ထိုးဖောက်ပျံ့နှံ့သိရှိအောင် စာပေလောကသားများက ဝိုင်းဝန်းကြိုးပမ်းကြရန် လိုအပ်ကြောင်း၊ ရေးသားထုတ်ဝေသည့် စာကောင်းပေမွန်များကို နိုင်ငံတကာသုံး ဘာသာစကားများနှင့်ပါ ဘာသာပြန်ဆိုထုတ်ဆေနိုင်ရေး ကြိုးပမ်းကြစေလိုကြောင်း” ဟူ၍ တိုက်တွန်းပြောကြားသွားရာ တက်ရောက်လာကြသော စာပေပညာရှင်များကလည်း မြန်မာစာပေဖွံ့ဖြိုးရေးအတွက် ဘက်ပေါင်းစုံက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း သန္နိဋ္ဌာန်ချမှတ်ခဲ့ကြသည်။

ယင်းအခမ်းအနားသို့ စာရေးသူလည်း တက်ရောက်ခဲ့သည်။ မြန်မာစာပေသမိုင်းကြောင်း၏ မြင့်မားရှည်လျားစွာ ရှင်သန်စီးဆင်းမှုကို ပြန်ပြောင်းစဉ်းစားမိသည်။

မြန်မာတို့သည် သမိုင်းခေတ်အသီးသီးကို ဖြတ်ကျော်လာခဲ့ပြီးဖြစ်သည်။ သမိုင်းခေတ်နှင့် စာပေယဉ်ကျေးမှုတို့သည် ယှဉ်တွဲစီးဆင်းလျက်ရှိသည်။ ပထမဦးဆုံး ဗိသနိုးခေတ်(အေဒီ ၁ရာစုခန့်)၊ ဟန်လင်းခေတ်(အေဒီ ၄ရာစု–၉ရာစု)၊ သရေခေတ္တရာခေတ် (အေဒီ ၄ ရာစု– ၁၀ ရာစု)ခေတ်တို့ ဖြစ်သော ပျူခေတ်ကြီးမှ စာပေယဉ်ကျေးမှုကို ဖော်ထုတ်တင်ပြလိုသည်။

ပျူစာ ခင်ဘရွှေပေချပ်၂၀တွင် အကြောင်းအရာရှစ်ခုကို ပါဠိတော်မှထုတ်နုတ်ရေးသွင်းထားခြင်းဖြစ်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် တင်ပြ နိုင်ခဲ့ပါပြီ။

ပျူစာ ခင်ဘ ရွှေပေချပ်ဆိုင်ရာ ပါဠိတော်မြန်မာပြန်ဆိုချက်များအရ ပျူတို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး စာပေယဉ်ကျေးမှုအဆင့်အတန်း အလွန်တရာ မြင့်မားသူများဖြစ်ကြောင်း ထင်ရှားပေါ်လွင်လျက်ရှိသည်ကို တွေ့ရှိရသည်။

အလှကိုမြင်ချင်လေ၍
အဆင်ပြေ မျှော်ချင်သေးလျှင်ဖြင့်
လူ့ရေးစုံ အထွေထွေနဲ့
လူ့ပြေမှာ အနေရဲလိုက်ပါ့
မောင်စာဆို မြှတစ်ခဲမှာဖြင့်
ကဲလိမ့်စိတ်ကူး။ ။

(ဆရာဇော်ဂျီ)

မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စာပေလောကသားများနှင့် စာပေပညာရှင်များ၏ အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ **“စာပေပညာရှင်များအားလုံး စုစည်းခိုင်မာသော အမျိုးသားစာပေအင်အားစုကြီးအဖြစ် ခိုင်ခိုင်မြဲမြဲ ရပ်တည်ပြီး အမျိုးသားရေးမူဝါဒဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အပေါ် အခြေခံထားသည့် အမျိုးသားရေးဦးတည်ချက်များ အောင်မြင်စွာ အကောင်အထည်ပေါ်လာအောင် စာပေစွမ်းပကားဖြင့် စွမ်းဆောင်ပေးကြပါ။ တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်လွှမ်းမိုးမှု၊ တိုင်းတစ်ပါး လူနေမှုစနစ်နှင့် လူမှုရေးတန်ဖိုးများ ဖွတ်အတင်းသွတ်သွင်းလာမှုကို ကြံ့ကြံ့ခံ ချေဖျက်နိုင်ရေးအတွက် ပြည်သူများ၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့်တကွ အမျိုးသားရေးစိတ်ဓာတ် ကိုယ်ခံစွမ်းအားများ တိုးပွားခိုင်ခံ့စေရအောင် စာပေစွမ်းပကားဖြင့် ကြိုးပမ်းစွမ်းဆောင်ပေးကြပါ။**

အမျိုးသားရေးစရိုက်လက္ခဏာများ၊ အမျိုးသားယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းမြှင့်တင်ရင်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ကာကွယ်နိုင်မည့် အမျိုးသားစာပေ၏စွမ်းအား ပိုမိုထက်မြက်ခိုင်မာအောင် ကြိုးပမ်းစွမ်းဆောင်ပေးကြပါ။

စာပေလောကသားအားလုံးက မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီး၏ ဦးဆောင်မှုအောက်တွင် ခိုင်မာတောင့်တင်းသော အမျိုးသားရေးစွမ်းအားစုတစ်ရပ်အဖြစ် စုစည်းညီညွတ်စွာ ရပ်တည်ရင်း အမျိုးသားရေး အကျိုးစီးပွားကို မျက်ခြည်မပြတ် ကာကွယ်စောင့်ရှောက်မြှင့်တင်ပေးကြပါ” ဟု တိုက်တွန်းပြောကြားထားပြီးဖြစ်သည်။

စာပေဖူးငုံ
ပန်းစုံပွင့်ရာ၊ စာကဗျာသည်
ချိန်ခါမယွင်း၊ ကြိုင်လှိုင်သင်းမို့
ပြည်တွင်းမှာလည်း မွှေးပျံ့တည်
ပြည်ပမှာလည်း ရနံ့တည်
စာပေမည်ပန်း ဂုဏ်မြင့်ရည်။ ။

အံပွား(စလေ)

ပျူခေတ်ယဉ်ကျေးမှု အမွေအနှစ်များသည် အရှေ့တောင်အာရှတွင် ထင်ရှားကျော်ကြား၍ သီးခြားတည်ရှိခဲ့သည်။ ပျူတို့၏ အတွေးအခေါ်၊ အယူအဆ၊ ဆင်ခြင်တုံတရား၊ စာပေရေးသားမှု၊ ဘာသာတရားကိုင်းရှိုင်းမှု၊ အနုပညာထွန်းကားမှု၊ မြို့ပြတည်ဆောက်မှု စသည်တို့ကို ပျူတို့၏ ရှေးဟောင်းမြို့တော်များဖြစ်သည့် ဗိသနိုး၊ ဟန်လင်း၊ သရေခေတ္တရာမြို့များ တူးဖော်ရရှိခြင်းတို့က သက်သေပြလျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မိန့်မှာသည့်အတိုင်း စာပေလောကသားအားလုံးသည် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီး၏ဦးဆောင်မှုအောက်တွင် ခိုင်မာတောင့်တင်းသော အမျိုးသားရေးစွမ်းအားစု တစ်ရပ်အဖြစ် စုစည်းညီညွတ်စွာ ရပ်တည်ရင်း အမျိုးသားရေး အကျိုးစီးပွားကို မျက်ခြည်မပြတ် ကာကွယ်စောင့်ရှောက်မြှင့်တင်ပေးနိုင်ရန်အတွက် ကဏ္ဍတစ်ရပ်အနေဖြင့် ဤအခမ်းအနားကို မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က ဦးဆောင်ကျင်းပခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီး၏ စာပေဦးဆောင်မှု သမိုင်းကြောင်းကို ဖော်ပြသည်။

နှီးနှောဖလှယ်ပွဲ ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဦးမျိုးသန့်(မောင်ဆုရှင်)က တင်ပြဆွေးနွေးကြမည့် ဘာသာရပ်များနှင့် စပ်လျဉ်း၍ စာပေထုတ်ဝေရေးခရီး၏ အကြမ်းခွဲခြားနိုင်သော အဓိကလုပ်ငန်းနယ်ပယ်ကြီး ခုနစ်ရပ်တွင် စာရေးသူတို့က အသိပညာနှင့် စေတနာထည့်သွင်းနိုင်မှု၊ တည်းဖြတ်သူတို့၏ စာပေအရာတွင်ကျွမ်းကျင်မှုတို့က စက်ပစ္စည်းနှင့် နည်းပညာပေါင်းစပ်လျက် စာအုပ်အဆင်အပြင် သပ်ရပ်လှပစွာ ပုံနှိပ်ချုပ်လုပ်ပေးမှု၊ ထုတ်ဝေသူတို့က အရင်းအနှီးနှင့် စိတ်ကူးစေတနာပေါင်းစပ်ကာ ကြီးကြပ်စီစဉ်ထုတ်ဝေမှု၊ ရောင်းချသူတို့၏ အကျိုးအမြတ် မျှတစွာထောက်ချင့်၍ ကွန်ရက်ဖြန့်ကြက် ထိရောက်စွာ ဖြန့်ဝေနိုင်မှုနှင့် စာကြည့်တိုက်မှူးတို့၏ ပညာဘဏ်တိုက် တံခါးသော့ချက်ကို ပိုင်နိုင်စွာသုံးစွဲထိန်းသိမ်းနိုင်မှုတို့ကို တက်ညီလက်ညီဖြစ်စေရန် လိုအပ်ကြောင်းဖြင့် မိတ်ဆက်ရှင်းလင်းစကားပြောကြားခဲ့သည်။

ပျူတို့သည် အေဒီ၅ရာစုကာလကတည်းကပင် စာပေတတ်မြောက်မှုရှိနေသောလူမျိုးဖြစ်သည်။ ကမ္ဘာပေါ်တွင် ထင်ရှားခိုင်မြဲသော ထေရဝါဒဗုဒ္ဓဘာသာကို ပျူတို့ကိုးကွယ်သက်ဝင်ယုံကြည်နေခဲ့ကြခြင်းမှာလည်း ယဉ်ကျေးမှုအဆင့်အတန်း များစွာမြင့်မားခဲ့ခြင်းကြောင့် ဖြစ်သည်။

ပုဂံမြို့ဟောင်းရှိ မြစေတီကျောက်စာသည်လည်းကောင်း၊ ရွှေစည်းခုံမွန်ကျောက်စာသည်လည်းကောင်း၊ ကျစ္စမင်းကြီး၏လက်ထက်၌ ရေးသားသော မြကန်ဘွဲ့လင်္ကာသည်လည်းကောင်း၊ ယင်းကဲ့သို့ ကျောက်စာများ၊ ကဗျာလင်္ကာများသည်လည်းကောင်း မြန်မာစာပေယဉ်ကျေးမှုကို ကိုယ်စားပြု၍ ရပ်တည်သက်သေပြလျက်ရှိသည်။

ထိုအခမ်းအနားတွင် ကဗျာဆရာကြီး ထီလာစစ်သူ၊ ဆရာကြီး ဦးသန်းဦး၊ စာရေးဆရာမကြီး ဒေါ်စောမုံညင်း၊ ဆရာတက္ကသိုလ်တင်ခ၊ ဆရာလှထွန်း(တွံတေး)၊ ဆရာခင်မောင်ထွန်း (လမ်းမတော်)တို့နှင့် တွေ့ဆုံခဲ့ရ၍ မှတ်တမ်းတင် မော်ကွန်းဝင်ဆောင်းပါးများ ရေးသားနည်းနှင့်စပ်လျဉ်း၍ စာရေးသူတစေ့တစောင်း လေ့လာမှတ်သားခဲ့ရသည်။

အခမ်းအနားသဘာပတိအဖြစ် ဒေါက်တာကျော်စိန်၊ သဘာပတိအဖွဲ့ဝင်များအဖြစ် ဒေါ်ခင်ခင်(ကလျာ–ဝိဇ္ဇာ/သိပ္ပံ)နှင့်ဒေါ်ခင်ခင်စိန်(ယုဝတီခင်စိန်လှိုင်)တို့က ဆောင်ရွက်ကြသည်။ ရှေးဦးစွာ သဘာပတိ ဒေါက်တာကျော်စိန်က ‘ရေးဖွဲ့သူကဏ္ဍ’တွင်ပါဝင်သည့် ဝတ္ထု၊ ဘာသာပြန် စာတမ်းများနှင့်ပတ်သက်၍ မိတ်ဆက်ပေးသည်။ ရေးဖွဲ့သူကဏ္ဍတွင် ဝတ္ထုနှင့်ပတ်သက်သော စာတမ်းကို ဆရာမကြီး ဒေါ်ခင်ဆွေဦးက ဖတ်ကြားတင်ပြသည်။ ဆက်လက်၍ ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်)ကလည်း ၁၀နှစ်တာဘာသာပြန်စာပေခရီးစာတမ်းကို ဖတ်ကြားတင်ပြသည်။ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီးက ကြီးမှူးကျင်းပသော စာပေထုတ်ဝေရေး နှီးနှောဖလှယ်ပွဲကို ငါးရက်တိုင်တိုင် ကျင်းပခဲ့သည်။

မြန်မာလူမျိုးတို့သည် စာအရေးအသားကို လွန်ခဲ့သောနှစ်ပေါင်း ၁၅၀၀ ကျော်လောက်ကတည်းက ပိုင်ပိုင်နိုင်နိုင် တတ်ကျွမ်းခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။ အက္ခရာများကို အသုံးပြုပြီး ပါဠိစာ၊ သက္ကတစာ၊ ပျူစာ၊ မွန်စာများကို ရေးသားနိုင်ခဲ့ကြပြီဖြစ်သည်ဟု သုတေသနစာတမ်းများအရ သိရှိရကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

မြို့မကျောင်းသားဟောင်းအသင်း ထမနဲပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၃

မြို့မကျောင်းသားကျောင်းသူဟောင်းအသင်းက ကြီးမှူး၍ အစဉ်အလာမပျက် (၈)ကြိမ်မြောက် ထမနဲပွဲကို (၁၃၆၅ ခုနှစ် တပို့တွဲလဆန်း ၁၄ ရက်) ဗုဒ္ဓဟူးနေ့ ညနေ ၃နာရီမှ ၆နာရီခွဲအထိ အသင်းတိုက်တည်ရာ အမှတ် ၆၈ စကားဝါလမ်း ဒဂုံမြို့နယ်ရှိ မြက်ခင်းပြင်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်၍ မြို့မကျောင်းသားကျောင်းသူဟောင်းများသည် မိမိတို့၏ မိသားစုနှင့်အတူ ပျော်ပါးစွာ တက်ရောက်ဆင်နွှဲကြရန် ဖိတ်ကြားထားသည်။

အိမ်အပြန်တွင်လည်း လက်ဆောင်ပါးမည်ဖြစ်၍ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် မိမိတို့ သဒ္ဒါတတ်အားသရွေ့ အသင်းတိုက် ဖုန်း–၂၅၀၁၅၃ နှင့် ဆက်သွယ်ပြီး လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ဇန်နဝါရီ ၁၁ ရက်က ဒဂုံ အထက(၁)တွင် ကျင်းပသော (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲ၌ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခင်သက်ဌေး အမှာစကားပြောကြားစဉ်။

(မြန်မာ့အလင်း)

နိုင်ငံတော်အကြီးအကဲက ရဲတပ်ဖွဲ့ကို နိုင်ငံတော်ကာကွယ်ရေး အရန်အင်အားအဖြစ်ပြောင်းလဲသွားရန် လမ်းညွှန်ထား အသွင်သဏ္ဍာန်ရော အနှစ်သာရပါပြည့်ဝသော ရဲတပ်ဖွဲ့ကြီးဖြစ်ရေး ဝိုင်းဝန်းကြိုးပမ်း

ရန်ကုန် ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးကော်မတီ (၁၄)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၊ တရားသူကြီးချုပ်၊ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှု စနစ်ပြုပြင်ပြောင်းလဲရေး ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကား ပြောကြားသည်။

ယနေ့အစည်းအဝေးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ်ပြုပြင်ပြောင်းလဲရေး ကော်မတီ (၁၄)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း၊ ဤကော်မတီသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏လုပ်ငန်းများ တိုးတက်အောင်မြင်မှု၊ အားနည်းချက် အားသာချက်များကို သုံးသပ် ဆွေးနွေးပြီး ရှေ့ဆက်လုပ်မည့် လုပ်ငန်း စဉ်များကိုလည်း ချမှတ်ပေးလျက်ရှိကြောင်း။

ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး တာဝန်နှစ်ရပ်ကို ရဲတပ်ဖွဲ့က အဓိက တာဝန်ယူဆောင်ရွက်ရခြင်း ဖြစ်သည့်အတွက် ရဲတပ်ဖွဲ့၏တာဝန်မှာ ကြီးမားလှကြောင်း၊ ထို့ကြောင့် ကိုလိုနီခေတ်က ပေါက်ဖွားလာခဲ့ရသည့် ရဲတပ်ဖွဲ့ကို ခေတ်စနစ်နှင့်အညီ ပြုပြင်ပြောင်းလဲ တိုးတက်ရန် အရေးကြီးကြောင်း။

နိုင်ငံတော်အကြီးအကဲက ရဲတပ်ဖွဲ့ကြီးကို စည်းစနစ်ကျနသော ပြည်သူချစ်သော ရဲတပ်ဖွဲ့ဖြစ်အောင်၊ နိုင်ငံတော်ကာကွယ်ရေးအရန်အင်အားလည်းဖြစ်အောင် ပြုပြင်ပြောင်းလဲသွားရန် လမ်းညွှန်မှုပြုခဲ့ပြီး ဖြစ်ကြောင်း။

ရဲတပ်ဖွဲ့သည် မျိုးချစ်စိတ်ရှိပြီး စွမ်း ရည်ပြည့်ဝ၊ ခေတ်မီရမှာ ဖြစ်ကြောင်း။

ထို့ကြောင့်လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေး ကော်မတီကို ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း။

ပြီးခဲ့သည့်(၁၃)ကြိမ်မြောက်အစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းတို့က ကော်မတီ၏နာယကများအဖြစ် လည်းကောင်း၊ မိမိက ကော်မတီ၏ ဥက္ကဋ္ဌအဖြစ် လည်းကောင်း တာဝန်ယူ ဆောင်ရွက်သွားရန် လမ်းညွှန်ခဲ့သည့်အတွက် ယခု(၁၄)ကြိမ်မြောက် အစည်းအဝေး၌ ဥက္ကဋ္ဌအဖြစ် မိမိ စတင်တာဝန်ယူဆောင်ရွက်ရခြင်း ဖြစ်ကြောင်း။

ကော်မတီ၏ဆုံးဖြတ်ချက်များနှင့် ပတ်သက်ပြီး ပြန်လည် သုံးသပ်မည်ဆိုလျှင်—

- ရပ်ရွာအေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသားပြည်သူများ တရားဥပဒေ၏ အကာအကွယ်အောက်၌ စိတ်ချမ်းမြေ့လွတ်လပ်စွာ ပရိယေသနဝမ်းစာရှာမှီးနိုင်ရေးတို့အတွက် ရဲတပ်ဖွဲ့တစ်ခုလုံးက မှန်ကန်ခြင်း၊ တရားမျှတခြင်း၊ စာနာထောက်ထားခြင်း တရားများလက်ကိုင်ထားပြီး အဂတိတရားလေးပါး၊ တံစိုးသုံးပါး ရှောင်ကြဉ်ကြရန်။
- ရဲအရာရှိများ အမှုစုံစမ်းထောက်လှမ်းရာတွင် အခင်းဖြစ်အရပ်ကို ကိုယ်တိုင်သွားရောက်ကြည့်ရှုခြင်း၊ သဲလွန်စ အထောက်အထားများ၊ သက်သေခံပစ္စည်းများ စနစ်တကျ သိမ်းဆည်းခြင်း၊ သက်သေများ စုံလင်စွာ စစ်ဆေးခြင်း၊ ပြစ်မှုကျူးလွန်သူအစစ်အမှန်ကို ဖော်ထုတ်ခြင်းနှင့် ထိရောက်ဟန့်တားသည့် ပြစ်ဒဏ်ရရှိရေးအတွက် ရဲလုပ်ငန်းများကို မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ပြည့်ပြည့်စုံစုံ ဖြစ်အောင် ဆောင်ရွက်ရန်။
- ရဲတပ်ဖွဲ့ဝင်များသည် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆက်ဆံ ဆောင်ရွက်ပြီး တရားစီရင်ရေး မဏ္ဍိုင် တည့်မတ် မှန်ကန်နေစေရေးအတွက် ပူးပေါင်း ကူညီဆောင်ရွက်ရန်၊
- ပြစ်မှုကျူးလွန်သူ၏ စိတ်ပိုင်းဆိုင်ရာကို သိရှိ နားလည်ပြီး အကောင်းဘက်ကို ဦးတည်စေနိုင်သော အပြုအမူဖြင့် ဆက်ဆံကြရန်၊
- အရေးကြုံလာလျှင် နိုင်ငံတော်ကာကွယ်ရေး အရန်တာဝန်ကို ပြည့်ဝစွာ ထမ်းဆောင်နိုင်ရန်၊
- ပြည်သူနှင့်တစ်သားတည်း၊ တစ်စိတ် တစ်ဝမ်းတည်းဖြစ်အောင် နေထိုင်ကျင့်ကြံရန်၊
- လူမှောင်ခိုကုန်ကူးမှုတားဆီး ကာကွယ်နှိမ်နင်းရေးနှင့် မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်း အောင်မြင်မှုရှိအောင် ဆောင်ရွက်နိုင်ရန်နှင့်
- အသွင်သဏ္ဍာန်ရော အနှစ်သာရပါ ပြည့်ဝသော ရဲတပ်ဖွဲ့ဖြစ်ရေး ကြိုးပမ်းဆောင်ရွက်ရန်

စသည့် အဓိက ဆုံးဖြတ်ချက်များ ချမှတ်ထားသည်ကို တွေ့ရှိရမှာ ဖြစ်ကြောင်း။

ယင်းဆုံးဖြတ်ချက်များကို ရာနှုန်းပြည့် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေဖြင့်လည်း ယခုကဲ့သို့ ပြုပြင်ပြောင်းလဲရေးများပြုလုပ်ပေးနေသည့်အချိန်ကောင်း၊ အခါကောင်း၌ အမှန်တကယ်အနှစ်သာရရှိပြီး အသွင်သဏ္ဍာန်ရော အနှစ်သာရပါပြည့်ဝသော ရဲတပ်ဖွဲ့ကြီးဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ကော်မတီဝင်များအနေဖြင့်လည်း ရဲတပ်ဖွဲ့ကြီး၏ စီမံခန့်ခွဲမှုစနစ်များနှင့် ပတ်သက်ပြီး မည်ကဲ့သို့ ပြုပြင်ပြောင်းလဲ ဆောင်ရွက်သင့်သည် ဆိုသည်ကို ဆက်လက် အကြံပြုကြရန် မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ နိုင်ငံတော် အကြီးအကဲကိုယ်တိုင် အမြော်အမြင်ကြီးမားစွာဖြင့် လုပ်ငန်းလမ်းညွှန်ချက်များ၊ မူဝါဒများ ချမှတ်ပေးထားသည့်အတိုင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းကို နိုင်ငံအကျိုး၊ တပ်ဖွဲ့ အကျိုးအတွက် အောင်မြင်သည်ထက် အောင်မြင်အောင် ဝိုင်းဝန်း ဆောင်ရွက်ကြပါ၊ ရဲတပ်ဖွဲ့ဝင်များကလည်း စည်းကမ်းပြည့်ဝသော၊ စိတ်ဓာတ် ကောင်းမွန်သော၊ ကျစ်လျစ်ခိုင်မာသော၊ သတ္တိရှိသော၊ လုပ်ငန်းစွမ်းရည်ပြည့်ဝ သောအဖွဲ့အစည်းဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြပါ၊ နိုင်ငံတော်၏ အခြေအနေအရပ်ရပ်ကို သိမြင်ပြီး အုပ်ချုပ်ရေးယန္တရားကြီးအောင်မြင်စွာ လည်ပတ်နိုင်အောင် တက်တက်ကြွကြွ ကြိုးကြိုးစားစား ဆောင်ရွက်ပေးကြပါဟု မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထဲရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က ဆွေးနွေးတင်ပြရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စီမံခန့်ခွဲမှု ကော်မတီ၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်မှုများထဲမှ အဓိကကျသော အချက်များကို အကျဉ်းချုံးပြီး တင်ပြသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပြုပြင်ပြောင်းလဲရေး ကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်မှာ ၁၀နှစ်တာ ကာလကို ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း၊ ယင်း ၁၀ နှစ်တာ ကာလအတွင်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်၊ ဆပ်ကော်မတီခေါင်းရပ်၏ အကြံကောင်း ဉာဏ်ကောင်းများ၊ ပူးပေါင်းဆောင်ရွက်မှုများကို ရယူဆောင်ရွက်ခဲ့သည့်အတွက် အောင်မြင်မှုများ ရရှိခဲ့ကြောင်း၊ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ချမှတ်ပေးထားသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် မျိုးချစ်စိတ်ဓာတ်ရှိရမည်၊ စွမ်းရည်ပြည့်ဝရမည်၊ ခေတ်မီရမည် ဆိုသည့် အရည်အချင်းသုံးရပ် ပြည့်ဝရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင်မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် မိမိတို့တပ်ဖွဲ့ကို အသွင်သဏ္ဍာန်ရော အနှစ်သာရပါ အရည်အချင်းပြည့်ဝပြီး ပြည်သူချစ်သော ရဲတပ်ဖွဲ့ဝင်ဖြစ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တိုးတက်မှုများစွာ ရရှိနေပြီဖြစ်ကြောင်း။

ဆက်လက်ပြီး မှုခင်းကျဆင်းရေး ဆောင်ရွက်ချက်နှင့်ပတ်သက်ပြီးတင်ပြလိုကြောင်း၊ မှုခင်းကျဆင်းရေးအတွက်လည်း ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုသည် အဓိကကျသဖြင့် ပြည်သူလူထုများ ပူးပေါင်း ပါဝင်လာစေရန် မှုခင်းကျဆင်းရေး လုပ်ငန်းစဉ်ငါးရပ်ကို ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ နယ်မြေလူထုများ ပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ်နှင့် အကောင်အထည်ဖော်ရာတွင် နယ်မြေရဲကင်းများတိုးချဲ့ ဖွင့်လှစ်ပြီး ရဲလုပ်ငန်းများ ဆောင်ရွက်နိုင်မှုကြောင့် မှုခင်းများ ဖြစ်ပွားမှု လျော့နည်းကျဆင်းအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ လုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် လုပ်ငန်းတာဝန်တိုင်းကို အမြင်ငါးမြင်ဖြင့် ရဲလုပ်ငန်းသာမက ဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့ အုပ်ချုပ်ရေးကိစ္စများမှာပါ ပါဝင် ဆောင်ရွက်လျက်ရှိပြီး လမ်းညွှန်ချက်များနှင့်အညီ လယ်ယာလုပ်ငန်းလုံခြုံရေး၊စက်မှုလုပ်ငန်းများ လုံခြုံရေးနှင့် ကုန်စည်ပို့ဆောင်မှု လုံခြုံရေးလုပ်ငန်းတာဝန်များကိုလည်း ဘက်ပေါင်းစုံမှ ထိရောက်စွာ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နောက်ဆုံးအနေဖြင့် တင်ပြလိုသည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများသည် အရှိန်အဟုန်မြင့် တက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ခေတ်မီသော၊ မျိုးချစ်စိတ်ဓာတ်ရှိသော၊ သစ္စာရှိသော တပ်ဖွဲ့ဖြစ်အောင် ကြိုးစား ဆောင်ရွက်လျက် ရှိကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှု စနစ်ပြုပြင်ပြောင်းလဲရေး ကော်မတီ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီက မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေး ကော်မတီ (၁၃) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုတို့ကို ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ ထောက်လှမ်းရေးဆိုင်ရာ ဆပ်ကော်မတီ၊ စီမံခန့်ခွဲရေးဆိုင်ရာ ဆပ်ကော်မတီ၊ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရေး ဆပ်ကော်မတီ၊ တရားရေးဆိုင်ရာ ဆပ်ကော်မတီ၊ ဥပဒေရေးဆိုင်ရာ ဆပ်ကော်မတီနှင့် လေ့ကျင့်ရေးဆိုင်ရာ ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူတို့က မိမိတို့ ဆပ်ကော်မတီအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေသည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ်ပြုပြင်ပြောင်းလဲရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ရှင်းလင်းတင်ပြချက်များ အပေါ် ပြန်လည်ဆွေးနွေးမှာကြားပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ ညှိနှိုင်း အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မဟာဝိသုဒ္ဓါရုံရွှေကျောင်းတိုက်သစ် (၄၅)နှစ်ပြည့်ပူဇော်ပွဲနှင့် တရားပွဲများကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၃

၁၃၂၀ပြည့်နှစ်တွင် သဗ္ဗမင်္ဂလ ဓမ္မဒေသနာကျမ်းအပြုအကျော် ဘဒ္ဒန္တ ဝါသဝါဘိဝံသဆရာတော်ကြီး တည်ထောင်ခဲ့၍ ယခုအခါ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော်ကြီး စီမံအုပ်ချုပ်လျက်ရှိသော ရန်ကုန် ဗဟန်း နန္ဒဝန်လမ်းရှိ မဟာဝိသုဒ္ဓါရုံ ရွှေကျောင်းတိုက်သစ်၌ (၄၅)နှစ်ပြည့် အထိမ်းအမှတ် ပူဇော်ပွဲနှင့် စာအောင်သံဃာပူဇော်ပွဲကို ၁၃၆၅ခုနှစ် ပြာသိုလပြည့်ကျော်၁၂ရက် (ဇန်နဝါရီ၁၈ရက်) တနင်္ဂနွေနေ့ နံနက်ရနာရီခွဲတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ပြီး ဇန်နဝါရီ၁၈ရက်တွင် ရွှေပါရမီတောရ အရှင်ဆန္ဒာဓိက၊ ၁၉ရက်တွင် ဓမ္မဒူတအရှင်ဆေကိန္ဒ၊ ၂၀ရက်တွင် သာကေတ ပါဠိကာရီဆရာတော် ဘဒ္ဒန္တအင်္ဂီသ၊ ၂၁ရက်တွင် စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ သပိတ်အိုင်တောရ သဲကုန်းဆရာတော်ဒေါက်တာဘဒ္ဒန္တဉာဏိဿရ ဆရာတော်တို့က ကျောင်းတိုက်တည် (၄၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ညစဉ်တရားတော်များကို ဟောကြားမည်ဟုသိရသည်။ **(က-ပ)**

ပြည်သူများသုံးစွဲရန်မသင့်သော တိုင်းရင်းဆေးများ

ရန်ကုန် ဇန်နဝါရီ ၁၃

ဝိဇ္ဇာဓရနယနည်းဖြင့် ဖော်စပ်ထားပြီး ကိုယ်ခံအားတိုးစေရန်အတွက်လည်းကောင်း၊ ရောဂါကာကွယ်စေရန်အတွက်လည်းကောင်း၊ ခွန်အားတိုးစေရန်အတွက်လည်းကောင်း၊ ကုသရာ၌ သုံးစွဲလျက်ရှိသော တိုင်းရင်းဆေးများတွင် ပါဝင်ဖော်စပ်ထားသည့် ဓာတ်သတ္တုမှာ (Heavy Metals) ပမာဏများမှာ ပါဝင်သင့်သည့် ခွင့်ပြုပမာဏထက် များစွာပါဝင်နေသည်ကို ကျန်းမာရေးဝန်ကြီးဌာနက စစ်ဆေးတွေ့ရှိသည့်အတွက် ပြည်သူလူထု သုံးစွဲရန် အန္တရာယ်ရှိသော ဆေးဝါးများဖြစ်ကြောင်းနှင့် ပြည်သူများ သုံးစွဲရန်မသင့်ကြောင်း သိရှိရသည်။

ယင်းဆေးများမှာ ရသာယနဆေးမှုန့်၊ သံပြာဆေးမှုန့်၊ ကျောက်ဆေးဒါန်းဆေးမှုန့်၊ ဘေသဇ္ဇ ရွှေပြာမှုန့်၊ ရသာယန စိန်ရတနာဆေးပြား နှင့် ရွှေပျားရည်တို့ဖြစ်ပြီး ၎င်းဆေးများသည် ခွင့်ပြုထားသော ဓာတ်သတ္တုမှာများ (Heavy Metals) သတ်မှတ်ပမာဏထက် ပိုမိုပါဝင်နေသည့် ခဲ၊ စိန်နှင့် ပြဒါးတို့ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာပေထုတ်ဝေရေးနှီးနှော ဖလှယ်ပွဲခန်းသိမ်းအခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲသို့ ပြန်ကြားရေးဒုတိယဝန်ကြီးတက်ရောက်ချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ စာပေထုတ်ဝေရေးနှီးနှောဖလှယ်ပွဲ ပဥ္စမနေ့ စခန်းသိမ်းအခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲကို ယနေ့ညနေ ၆နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံရှိ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်း တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ နှီးနှောဖလှယ်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌဦးမျိုးသန့်(မောင်ဆုရှင်)နှင့် ကော်မတီဝင်များ၊ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌဦးသောင်းဟန်၊စာတမ်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာပေထုတ်ဝေရေးနှီးနှောဖလှယ်ပွဲ ပဥ္စမနေ့စခန်းသိမ်းအခမ်းအနားတွင် ဦးဆောင်သဘာပတိအဖြစ် ဦးလှမြိုင်(ကိုဆောင်း)၊သဘာပတိအဖွဲ့ဝင်များအဖြစ် ဦးသော်ကောင်းနှင့် ဦးတင်ခ(တက္ကသိုလ်တင်ခ)တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်)က ဆောင်ရွက်သည်။

အစီအစဉ်အရဦးဆောင်သဘာပတိ ဦးလှမြိုင်(ကိုဆောင်း)က စာပေထုတ်ဝေရေးနှီးနှောဖလှယ်ပွဲစခန်းသိမ်း အခမ်းအနားအဖွင့်အမှာစကားပြောကြားပြီး စာပေထုတ်ဝေရေး နှီးနှောဖလှယ်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌဦးမျိုးသန့်(မောင်ဆုရှင်)က ကျင်းပရေးလုပ်ငန်းကော်မတီ၏သုံးသပ်တွေ့ရှိချက် အစီရင်ခံစာမူကြမ်းကို ဖတ်ကြားတင်ပြသည်။

ယင်းနောက်သုတစွယ်စုံစာအုပ်တိုက် စာတည်းမှူးချုပ်ဒေါက်တာတင်ထွန်းဦးက စာပေထုတ်ဝေရေးနှီးနှောဖလှယ်ပွဲသဘာပတိများ၊ စာတမ်းရှင်များနှင့်အခမ်းအနားမှူးများကို ဂုဏ်ပြုလက်ဆောင်များပေးအပ်သည်။

ထို့နောက် ဦးဆောင်သဘာပတိ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က ကျေးဇူးတင်စကားနှင့် နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင်တက်ရောက်လာသူများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

လက်ဆောင်များပေးအပ်

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ စာပေထုတ်ဝေရေးနှီးနှောဖလှယ်ပွဲ ပဥ္စမနေ့စခန်းသိမ်းအခမ်းအနားနှင့်ဂုဏ်ပြုညစာစားပွဲတွင် သုတစွယ်စုံစာအုပ်တိုက် စာတည်းမှူးချုပ် ဒေါက်တာတင်ထွန်းဦးက သဘာပတိများ၊ စာတမ်းရှင်များနှင့် အခမ်းအနားမှူးများကို ဂုဏ်ပြုလက်ဆောင်များပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာ ICT ရက်သတ္တပတ်

၂၀၀၄ ခုနှစ်

(၂၁-၁-၂၀၀၄)ရက်မှ (၂၄-၁-၂၀၀၄)ရက်ထိ

MICT Park၊ ရန်ကုန်မြို့

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ ကာကွယ်ရေးက ပို့ဆောင်ရေးကိုနိုင်

ရန်ကုန် ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃-၂၀၀၄ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ ကာကွယ်ရေးအသင်းက ပို့ဆောင်ရေးအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ကာကွယ်ရေးအသင်းအတွက် ဂိုးများကို ပထမပိုင်း၌ သွင်းယူခဲ့ပြီး ဒုတိယပိုင်းတွင် ပို့ဆောင်ရေးအသင်းက နှစ်သိမ့်ဂိုးတစ်ဂိုးပြန်သွင်းခဲ့ခြင်းဖြစ်သည်။ ကာကွယ်ရေးအသင်းအတွက် ပထမဂိုးကို ၅ မိနစ်တွင် သက်နိုင်ကလည်းကောင်း၊ ဒုတိယဂိုးကို ၂၈ မိနစ်တွင် ထွန်းမင်းနိုင်ကလည်းကောင်း၊ တတိယဂိုးကို၄၃မိနစ်တွင် အောင်မိုးဦးကလည်းကောင်း၊ စတုတ္ထဂိုးကို ၄၅မိနစ်တွင် စန်းမောင်က ပယ်နယ်တီပြစ်ဒဏ်ဘောမှ လည်းကောင်းသွင်းယူပေးသည်။

ပို့ဆောင်ရေးအသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ၇၄ မိနစ်တွင် မြတ်မင်းဦးက သွင်းယူသည်။ ပွဲစဉ်အလိုက်အကောင်းဆုံးဆုကို ကာကွယ်ရေးအသင်းမှ စန်းမောင်က ရရှိသည်။

ယနေ့ပွဲ

ဇန်နဝါရီ ၁၄ရက်(ယနေ့) ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဘဏ္ဍာ/အခွန် အသင်းနှင့် ဆောက်လုပ်ရေးအသင်းတို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၃

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံ ဆံတော်ရှင်စေတီတော်မြတ်ကြီး၏ အရှေ့ဘက်ရှိ သတ္တဌာနရုပ်ပွားတော်များ တည်ရှိရာ သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက်ကြီး၌ (၃၃)ကြိမ်မြောက် ဂိုဏ်းပေါင်းစုံ မဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲကို ဇန်နဝါရီ၁၄ရက်(ဗုဒ္ဓဟူးနေ့)မှ ၁၈ရက်(တနင်္ဂနွေနေ့)ထိ ငါးရက်တိုင်တိုင်ကျင်းပမည်ဖြစ်ရာ အလှူရှင်များ ဖုန်း-၅၆၀၇၁၀သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

တိမ်အသင့်အတင့်

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

❀ **အရည်အသွေးမှ**

တွင် ရှိရေးစသော စီးပွားရေးဦးတည်ချက်လေးရပ်ကို နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ပေသည်။ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစေရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ဝန်ကြီးဌာနနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် "မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ-၂၀၀၄"ကို ရန်ကုန် ကုန်သွယ်မှုဗဟိုဌာန၌ ဖွင့်လှစ်ပြသလျက်ရှိသည်။

မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲသည် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ကျင်းပသော ပြပွဲဖြစ်သည်။ထိုပြပွဲမျိုးသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံမှ စက်မှုနိုင်ငံဖြစ်စေရန် လုပ်ဆောင်သည့်နေရာတွင် တွန်းအားတစ်ခုလည်းဖြစ်သည်။ ထို့ပြင် ပြည်တွင်းကဆန်စက်နှင့်အပိုပစ္စည်းထုတ်လုပ်သူလုပ်ငန်းရှင်များ၏ သွင်းကုန်အစားထိုးစက်ကိရိယာပစ္စည်းများကို ပြသသည့်ပြပွဲလည်းဖြစ်သည်။

ပြပွဲတွင် ပြည်တွင်းပြည်ပကုမ္ပဏီများနှင့် ပြည်ပနိုင်ငံများဖြစ်သော တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ ကိုရီးယား၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့မှ ကုမ္ပဏီစုစုပေါင်း ၃၆ ခုတို့က ပြခန်းပေါင်း ၁၅၀ တို့ဖြင့် ဆန်စက်အမျိုးမျိုး၊ ဆန်စက်နှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုးနှင့် ဆန်စက်လက်တွေ့လည်ပတ်ကြိတ်ခွဲပုံကို ဗဟုသုတဖြစ်ဖွယ်၊ စိတ်ဝင်စားဖွယ်ရာ ခင်းကျင်းပြသထားသည်။

မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲကျင်းပရာ ရန်ကုန် ကုန်သွယ်မှုဗဟိုဌာနသို့ မြန်မာ့အလင်းသတင်းအဖွဲ့က သွားရောက်တွေ့ဆုံရာ ရှေ့ဦးစွာ မြန်မာ့လယ်ယာထွက်ကုန်ရောင်းဝယ်ရေးအထွေထွေမန်နေဂျာ ဦးမျိုးဦးကပြောကြားရာတွင် "ဒီပြပွဲဟာ ဆန်စက်လုပ်ငန်းကိုသာ သီးခြားပြသတဲ့ ပြပွဲဖြစ်ပါတယ်၊ ပြပွဲနှင့်အတူ အလုပ်ရုံဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများကိုလည်း ကျင်းပပေးနိုင်ခဲ့ပါတယ်၊ ဒါ့ပြင် ပြပွဲကျင်းပရေးကော်မတီမှ ဆန်စက်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီကို ဖွဲ့စည်းနိုင်ခဲ့ပြီး ဦးဆောင်ကော်မတီ၏အောက်တွင် ရော်ဘာကြိတ်လုံး၊ စပါးအခွံချွတ်စက်နှင့် ဆန်ဖြူကျောက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊ Wet Polisherနှင့် Colour Sorterတီထွင်ထုတ်လုပ်ရေးလုပ်ငန်းကော်မတီ၊ ဆန်စပါးလုပ်ငန်းဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ရေးလုပ်ငန်းကော်မတီ၊ ဆန်စပါးလုပ်ငန်းဆိုင်ရာ ပညာပေးရေးနှင့် သတင်းဖြန့်ချိရေးလုပ်ငန်းကော်မတီ၊ စွမ်းအားပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီနှင့် ဘိလပ်ဆန်ခါ၊ ဆန်ခါလုံးတီထွင် ထုတ်လုပ်ရေးလုပ်ငန်းကော်မတီခြောက်ခု ဖွဲ့စည်းခဲ့ပါတယ်၊ ဒီကော်မတီများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊လယ်ယာထွက်ကုန်မှအင်ဂျင်နီယာများ၊ပြင်ပကျွမ်းကျင်သူများနှင့် ဆန်စက်ပစ္စည်းများထုတ်လုပ်သူ စက်မှုလက်မှုလုပ်ငန်းရှင်တို့ဖြင့် ဖွဲ့စည်းထားပါတယ်။

ဒီလို လုပ်ငန်းကော်မတီများကို ဖွဲ့စည်းသည့်အတွက် အဖွဲ့ဝင်အချင်းချင်း ပူးပေါင်းဆောင်ရွက်ပြီး နည်းပညာဖလှယ်ကာ လက်ရှိထုတ်လုပ်နေသော ဆန်စက်ပစ္စည်းများကို လေ့လာသုံးသပ်ပြီး ပိုမိုခေတ်မီသော ဆန်စက်ပစ္စည်းများထုတ်လုပ်ရန်အတွက် အကြံဉာဏ်နှင့်အကူအညီပေးရေး၊ မြန်မာနိုင်ငံတွင် မထုတ်ရသေးသော ခေတ်မီဆန်စက်ပစ္စည်းများ ထုတ်လုပ်နိုင်အောင် နည်းပညာလိုအပ်သည့်အကူအညီများ ပံ့ပိုးပေးရေး၊ ဆန်စပါးလုပ်ငန်းဆိုင်ရာ စံချိန်စံညွှန်းများသတ်မှတ်ရေးအတွက် လေ့လာသုံးသပ်ပြီး အကြံပြုတင်ပြရေး၊ ဆန်စပါးဆိုင်ရာပညာပေးရေး၊ သတင်းဖြန့်ချိရေးလုပ်ငန်းဆောင်ရွက်ရန်၊ ဆန်စက်နှင့်

ဆုဖလားနှင့်အတူ

မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲတွင် အကောင်းဆုံးဆန်စက်ပြခန်းပထမဆုနှင့်အကောင်းဆုံးဆန်စက်အပိုပစ္စည်းပြခန်း ပထမဆုရရှိသူ ဦးသောင်းဝင်း(သောင်းဝင်းစက်မှုလက်မှု)ကို ဆုဖလားနှင့်အတူတွေ့ရစဉ်။

ဓာတ်ပုံ-သိန်းဝင်းလေး

(မြန်မာ့အလင်း)

ပတ်သက်သော စွမ်းအင်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့လာသုံးသပ်၍ လိုအပ်သည်များကို ကူညီပံ့ပိုးရန်ပူးပေါင်းဆောင်ရွက်သည့်အတွက် တစ်ဦး၏လိုအပ်ချက်၊ အားနည်းချက်များ ကျန်တစ်ဦးက ဖြည့်ဆည်းနိုင်ခြင်းဖြင့် ပိုမိုခေတ်မီသော အရည်အသွေးမြင့် ဆန်စက်ကြီးများ ပေါ်ထွန်းလာမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ဆက်လက်ပြီး စစ်ကိုင်းတိုင်း ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ သိန်းသန်းဝေဆန်စက်ပိုင်ရှင် ဦးသန်းထွန်း(ရွှေဘို)နှင့် တွေ့ဆုံရာတွင် "ဒီပြပွဲကို လာရောက်လေ့လာတဲ့အခါမှာ ဆန်စက်ပိုင်ရှင် အနေနဲ့ နည်းပညာအသစ်အဆန်းများကို တစ်စုတစ်စည်းတည်း တွေ့မြင်ရတဲ့အတွက် အလွန်ပဲဝမ်းမြောက်မိပါတယ်။ ဒီပြပွဲကို လေးရက်စလုံး ကြည့်ရှုလေ့လာရတာ ကြည့်၍မဝလေ့လာ၍မကုန်နိုင်တဲ့အချိန်မှာ ပြပွဲရက်ကို တိုးမြှင့်ပြသသည့်အတွက် လိုအင်ဆန္ဒပြည့်ခဲ့ရပါတယ်။

ယခုလို ဒေသဆိုင်ရာ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုဆန်စက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မယ်၊ ဆန်စက်လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှ အရည်အသွေးမြင့်မားသော ဆန်များထုတ်လုပ်နိုင်မယ်၊ အရည်အသွေးမြင့် ဆန်များထုတ်နိုင်မှ အပြည်ပြည်ဆိုင်ရာဆန်ဈေးကွက်မှာ မြန်မာ့ဆန် ပြန်လည်နေရာရှိပြီး ဈေးကွက်ကိုထိန်းထားနိုင်မယ်"ဖြစ်ကြောင်း မြန်မာ့အလင်းသို့ ပြောကြားသွားသည်။

ထို့ပြင် ဦးသောင်းဝင်း(သောင်းဝင်းစက်မှုလက်မှု)နှင့် တွေ့ဆုံရာတွင် ဦးသောင်းဝင်းက "ခေတ်မီဆန်အရည်အသွေးမြှင့်တင်ရေး စက်ရုံများပေါ်ပေါက်စေရန် နိုင်ငံခြားဖြစ် ခေတ်မီစက်များကိုသာ အားကိုးမနေဘဲ မိမိနိုင်ငံ၏ထွက်ကုန်စပါးအရည်အသွေးနှင့်ကိုက်ညီသည့် ခေတ်မီဆန်စက်ပစ္စည်းများကို ပြည်တွင်းတွင် ရရှိနိုင်သော ကုန်ကြမ်းကုန်ချောများနှင့်ရာနှုန်းပြည့် ထုတ်လုပ်နိုင်ရန်ရည်ရွယ်ပြီး သောင်းဝင်းစက်မှုလက်မှုကို တည်ထောင်ခဲ့ပါတယ်။

ဆန်စက်များကို ခေတ်မီစက်ကြီးများဖြစ်အောင် ကြိုးစားခဲ့တာ သုံးနှစ်ရှိပါပြီ။ ခေတ်မီဆန်စက်ကိုထုတ်လုပ်ရန် တစ်ဦးကောင်းတစ်ယောက်ကောင်းရှိသလို၊ အားနည်းချက်များလည်း ရှိတဲ့အတွက်ကြောင့် ပူးပေါင်းဆောင်ရွက်ပြီး နည်းပညာဖလှယ်ခြင်းအားဖြင့်ခေတ်မီစက်များပေါ်ပေါက်လာမှာဖြစ်သည့်အပြင် ပြည်တွင်းမှခေတ်မီစက်များဖြင့် ပြည်ပသွင်းကုန်အစားထိုးနိုင်မှာဖြစ်ပါတယ်။

ဒီမြန်မာ့ဆန်စက်လုပ်ငန်းပြပွဲတွင် သောင်းဝင်းစက်မှုလက်မှုမှထုတ်လုပ်သော ဆန်စက်မှာအကောင်းဆုံးဆန်စက်ပြခန်းပထမဆုနဲ့အကောင်းဆုံးဆန်စက်အပိုပစ္စည်းပြခန်း ပထမဆုချီးမြှင့်ခံရပါတယ်"ဟူ၍ ပြောကြားသည်။

မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲကို နိုင်ငံတော်၏ ပံ့ပိုးကူညီမှု၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုကြောင့် စီးပွား/ကူးသန်းဝန်ကြီးဌာနနှင့် ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်စပါးကုန်သည်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်တို့ ပူးပေါင်းဖွဲ့စည်းပြီး အတတ်ပညာ၊ နည်းပညာများဖလှယ်ကာ ခေတ်မီဖွံ့ဖြိုး အရည်အသွေးပြည့်မီသောဆန်စက်များ ပေါ်ထွန်းလာတော့မည်ဖြစ်သည်။

မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲသို့ သွားရောက်ကြည့်ရှုလေ့လာခြင်းအားဖြင့် ခေတ်အဆက်ဆက် အသုံးပြုခဲ့သော ဆန်ကြိတ်ခွဲပုံ အဆင့်ဆင့်ကို (မောင်းထောင်း၊ ဆန်ဖွပ်သည်ကအစ ယနေ့ခေတ်ဆန်စက်အထိ)ကို တစ်နေရာတည်း၊ တစ်စုတစ်ဝေးတည်းတွေ့မြင်ရသည့်အတွက် စိတ်ဝင်စားဖွယ်၊ ဗဟုသုတဖြစ်ဖွယ်ကောင်းသောပြပွဲဟု ဆိုချင်ပါသည်။

"ဆန်စက်ဖွံ့ဖြိုးတိုးပြည်ကျိုး"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပြည်တွင်းတွင် ရှိသည့်ဆန်စက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံခြားသို့ အရည်အသွေးမြင့်မားတိုးတက် ကောင်းမွန်သော ဆန်များပိုမိုတင်ပို့ရောင်းချနိုင်ပြီး နိုင်ငံတော်အတွက်များစွာ အကျိုးပြုဖြစ်ထွန်းလာမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

အသက်(၁၄)နှစ်နှင့်အောက်အာရှဇုန်(၂)ပထမအကျော့တင်းနစ်ပြိုင်ပွဲ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယကဗိုလ်ချုပ်ကျော်ဝင်းကြည့်ရှုအားပေး မြန်မာတင်းနစ်အားကစားသမားများအကြိုဗိုလ်လုပွဲအဆင့်တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၁၃

အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ် (ITF)နှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်(TFM)တို့ ကြီးမှူးကျင်းပသော အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂)ပထမအကျော့ တင်းနစ်ပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်း၊ ဥက္ကဋ္ဌ ဦးဇော်ဇော်(Max Myanmar Co., Ltd.)နှင့် အတွင်းရေးမှူးဒေါက်တာတင်အောင်လင်း(Aung Mingalar Co.,Ltd.)နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံရုံးများမှ သံတမန်များ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်မှ ဥက္ကဋ္ဌဟောင်းများနှင့် အတွင်းရေးမှူးဟောင်းများ၊ လက်ရွေးစင်ဟောင်းများ၊ တင်းနစ်ဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။



အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) ပထမအကျော့ပွဲစဉ် အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် မလေးရှားနှင့် သီရိလင်္ကာတို့အတွဲကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသော မြန်မာနိုင်ငံမှ (ဝဲမှယာ) ဖြိုးမင်းသာနှင့် ဝင်းထက်ပိုင်တို့အတွဲကို တွေ့ရစဉ်။
(မြန်မာ့အလင်း)

ယနေ့ကျင်းပသည့် အမျိုးသားတစ်ဦး ချင်းပွဲစဉ်များနှင့် နှစ်ယောက်တွဲ ကွာတားဖိုင်နယ်ပွဲစဉ်များတွင် မြန်မာအသင်းမှ တင်းနစ်အားကစားသမားများ အကြိုဗိုလ်လုပွဲ အဆင့်သို့ အသီးသီးတက်ရောက်သွားကြသည်။

အမျိုးသားတစ်ဦးချင်း ကွာတားဖိုင်နယ်ပွဲစဉ်များတွင် မြန်မာအသင်းမှ ဖြိုးမင်းသာက ပါကစ္စတန်မှ Babar ကို ၆-၂၊ ၇-၅ ဖြင့်လည်းကောင်း၊ မြန်မာအသင်းမှဇင်ဘိုက မလေးရှားမှ Kwang ကို ၆-၄ ဖြင့် တစ်ပွဲအနိုင်ရရှိပြီး ဒုတိယပွဲငယ်တွင် Kwang မှာ ဒဏ်ရာရရှိကာ ဆက်လက်မယှဉ်ပြိုင် နိုင်တော့သဖြင့်(W/O) ဖြင့် လည်းကောင်း အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အခြားကွာတားဖိုင်နယ်ပွဲစဉ်တွင် မလေးရှားမှ Shanmugam က မြန်မာအသင်းမှ အိုက်ကျောက်ကို ၆-၃၊ ၇-၅ ဖြင့်လည်းကောင်း၊ သီရိလင်္ကာမှ Dinesh Kanthan က မြန်မာအသင်းမှ ဝင်းထက်ပိုင်ကို ၆-၄၊ ၃-၆၊ ၆-၄ ဖြင့် လည်းကောင်း အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အမျိုးသမီးတစ်ဦးချင်းကွာတားဖိုင်နယ်ပွဲစဉ်တွင်သီရိလင်္ကာမှ Arud-pagasam က မြန်မာအသင်းမှ မိုးချစ်သဲကို ၆-၂၊ ၆-၃ ဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အမျိုးသားနှစ်ယောက်တွဲ ကွာတားဖိုင်နယ်ပွဲစဉ်များတွင် မြန်မာအသင်းမှ ဖြိုးမင်းသာနှင့် ဝင်းထက်ပိုင်တို့အတွဲက မလေးရှားနှင့် သီရိလင်္ကာတို့အတွဲကို ၆-၃၊ ၆-၁ ဖြင့် လည်းကောင်း၊ မြန်မာအသင်းမှ ဇင်ဘိုနှင့် အောင်ကျော်နိုင်တို့အတွဲက သီရိလင်္ကာမှအတွဲ ဒဏ်ရာရရှိပြီး ဆက်လက်မယှဉ်ပြိုင်နိုင်တော့သဖြင့်(W/O)ဖြင့် လည်းကောင်း အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

အကြိုဗိုလ်လုပွဲ ပွဲစဉ်များကို ဇန်နဝါရီ ၁၄ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူ တင်းနစ်ကွင်း၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ ယနေ့ကျင်းပသော ပထမအကျော့ ပြိုင်ပွဲ ကွာတား ဖိုင်နယ်ပွဲစဉ်များမှာ သူတစ်ပြန်ကိုယ်တစ်ပြန်ဖြင့် အကြိတ်အနယ်ရှိသော ပွဲစဉ်များဖြစ်၍ မြန်မာတင်းနစ် ပရိသတ်များအကြိုက်တွေ့ လျက်ရှိကြရာ ရန်ကုန်မြို့ သိမ်ဖြူ တင်းနစ် ကွင်းတွင် ပရိသတ်များဖြင့် စည်ကား လျက်ရှိသည်။

(သတင်းစဉ်)

ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလဆောက်တည်ကြသည့် ဥပုသ်နေ့ ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများ အတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

မိတ္ထီလာအမှတ်(၃)အထက်တန်းကျောင်း နှစ်(၅၀)ရွှေရတုသဘင်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၃

မိတ္ထီလာမြို့ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း(ယခင်တပ်မတော်ကျောင်း)၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင် အခမ်းအနားကို ဇန်နဝါရီ၃ရက်က ယင်းကျောင်းခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ အထက(၃) နှစ်(၅၀) ပြည့် ရွှေရတုသဘင်ဆိုင်းဘုတ်ကို ကျောင်းအုပ်ချုပ်မှုတာဝန်ခံ အရာရှိ ဗိုလ်မှူးလှိုင်မြင့်နှင့် မြို့နယ်ပညာရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ရွှေရတုသဘင်ဖွင့်ပွဲတွင် ကျောင်းသူကျောင်းသားများက ကဗျာလွတ်အက၊ ပန်းဖွားအကနှင့် ဘင်ခရာတပ်ဖွဲ့တို့က တီးမှုတ်ဖျော်ဖြေကြပြီး ထီလာမောင်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ အဆိုတော်ဒေါ်စန္ဒာသန်းက ရွှေရတုသဘင်ဂုဏ်ပြုပိုဒ်စုံရတုတေးထပ်ဖြင့် သီဆိုဖျော်ဖြေသည်။

ထို့နောက် ပထမဆုံး ကျောင်းအုပ်ကြီး ဗိုလ်မှူးသန်းရွှေ(ငြိမ်း)က ကျောင်းသမိုင်းကို ရှင်းလင်းပြောကြားသည်။ ကျောင်းသူ ကျောင်းသားဟောင်းများက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ကျောင်းကို ၁၉၅၃ ခုနှစ်က စတင်တည်ထောင်ပြီး ယခု ၂၀၀၃ခုနှစ်တွင် နှစ်(၅၀)ပြည့် ရွှေရတုသဘင်အခမ်းအနားကို ကျင်းပခြင်း ဖြစ်သည်။ **(၄၁၄)**

ရွှေမြင့်မိုရ်ဆရာတော် မိုးကုတ်တရားစခန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၃

မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်မှ ကမ္ဘာ့ဌာနာစရိယပိဋကတ်တစ်ပုံဆောင် ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာနနာယကဆရာတော် အရှင်သောဘဏ (ဒီဃနိကာယကောဝိဒ သာသနဓဇ သိရီပဝရဓမ္မာစရိယ)သည် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ ဇန်နဝါရီ ၁၈ ရက်မှ ၂၇ ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများအနေဖြင့် ဇန်နဝါရီ ၁၇ ရက် နောက်ဆုံးထား၍ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၅၇၁၂၅၈ သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။ **(က-ပ)**

တရုတ်နိုင်ငံသား မူးယစ်တရားခံပြေးကျောက်ကွမ်းမြင့်(ခ)ကျောက်ကောင်းမြင့်အားပြန်လည် လွှဲပြောင်း ပေးအပ်စဉ်။
(သတင်းစဉ်)

မူးယစ်တရားခံပြေးလွှဲပြောင်းပေးအပ်

ရန်ကုန် ဇန်နဝါရီ ၁၃

နယ်မြေခံထောက်လှမ်းရေးတပ်မှ တပ်ဖွဲ့ဝင်များသည် ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၂၄ ရက် ည ၁၁ နာရီခွဲတွင် လောက်ကိုင်မြို့ ဇာမဏီမြို့ ကျင်းပိုင်ဟိုတယ်သို့ သတင်းအရ ဝင်ရောက်ရှာဖွေရာ တရုတ်နိုင်ငံသား မူးယစ်တရားခံပြေး ကျောက်ကွမ်းမြင့်(ခ) ကျောက်ကောင်းမြင့်အား ဘိန်းဖြူ ၁၇ ဂရမ်၊ စိတ်ကြွရူးသွပ် ဆေးပြား ၈၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ တရုတ်နိုင်ငံသား မူးယစ်တရားခံပြေး ကျောက်ကွမ်းမြင့်(ခ) ကျောက်ကောင်းမြင့်အား ပြန်လည်လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ညနေ ၃ နာရီတွင် လောက်ကိုင်မြို့ ရန်လုံကျိုင်းတိုက်နယ်ရှိ ကျင်းသူဟိုတယ်၌ ကျင်းပရာ လောက်ကိုင်တပ်နယ်မှ ဒုတိယ ဗိုလ်မှူးကြီး အေးလွင် ဦးစီးသောအဖွဲ့ဝင်များနှင့် တရုတ်နိုင်ငံ ကျိန်းခမ်းခရိုင် ရဲဌာန၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအဖွဲ့ ဒုတိယ ဌာနမှူး ဒုတိယရဲမှူးကြီး ပယ်ကွမ်းရှီဦးစီးသောအဖွဲ့ဝင်များ တက်ရောက်ကြသည်။

လွှဲပြောင်းပေးအပ်

အခမ်းအနားတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်နှင့် တရုတ်ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်တို့က တရားခံလွှဲပြောင်းပေးအပ်ရခြင်းနှင့် ပတ်သက်၍ အမှာစကား ပြောကြားကြသည်။ ယင်းနောက် လောက်ကိုင်ခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်မြင့်က တရုတ်နိုင်ငံ ကျိန်းခမ်းခရိုင် ရဲဌာန ဒုတိယ ဌာနမှူး ဒုတိယရဲမှူးကြီး ပယ်ကွမ်းရှီသို့ တရားခံလွှဲပြောင်းပေးအပ်သည့် စာရွက်စာတမ်းများတွင် လက်မှတ် ရေးထိုး လွှဲပြောင်းပေးအပ်ပြီး ညနေ၃ နာရီခွဲတွင် နှစ်နိုင်ငံနယ်စပ်ရန်လုံကျိုင်းတံတားပေါ်၌ တရုတ်နိုင်ငံသား (ဘ)ဦးကျောက်ပေါင်းချန်၏ သားအသက် (၄၇)နှစ်ရှိ တရားခံကျောက်ကွမ်းမြင့် (ခ)ကျောက်ကောင်းမြင့် မြန်မာကိုယ်စားလှယ်အဖွဲ့က တရုတ်ကိုယ်စားလှယ်အဖွဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပထမတန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းအနိုင်ရ

ရန်ကုန် ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃-၂၀၀၄ခုနှစ် ဘောလုံးရာသီ ပထမတန်းအမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃ နာရီတွင် စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်း၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းက တပ်မတော်ကြည်း(ခ)အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းအတွက် အဖွင့်ဂိုးကို မိနစ် ၄၀တွင် သိန်းထွန်းက သွင်းယူပေးသည်။ တပ်မတော်ကြည်း(ခ)အသင်းအတွက် ချေပဂိုး တစ်ဂိုးကို မိနစ် ၇၀တွင် ကျော်စွာလင်းကသွင်းယူသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းအတွက် အနိုင်ဂိုးနှင့် ဒုတိယဂိုးကို ၇၅ မိနစ်တွင် သော်ဇင်ကသွင်းယူသည်။

ယနေ့ပွဲ

ဇန်နဝါရီ ၁၄ ရက်(ယနေ့)ညနေ ၃ နာရီခွဲတွင် စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်း၌ တပ်မတော်(ရေ)အသင်းနှင့် လယ်ယာ/ထွက်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စစ်သံမှူး Senior Colonel Xu Shulai သည် ၎င်းက တာဝန်ခံကျင်းပသော Dean Cup Invitational Golf Tournament အား ဒဂုန်ဂေါက်ကွင်း၌ ကျင်းပ ကစားစဉ် ယနေ့ ညနေ ၃ နာရီခွဲတွင် ကျင်းအမှတ်(၁၃)ကို (၁၅၀)ကိုက်အကွာအဝေးမှ Titleist Honma Twin Marks No. (6) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားသည်။

ထိုအခါ၌ ကစားဖော်များအဖြစ် ထိုင်းစစ်သံမှူး Colonel Kasem Nakpun၊ ရုရှားစစ်သံမှူး Colonel Victor S. Timoshkovနှင့် ဒုတိယဗိုလ်မှူးကြီးမျိုးအောင်တို့ ရှိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူးယစ်ဆေးဝါးနှင့်လက်နက်ဖမ်းဆီးရမိ

ရန်ကုန် ဇန်နဝါရီ ၁၃

နယ်မြေခံတပ်၊ နယ်မြေခံထောက်လှမ်းရေးတပ်နှင့် တာချီလိတ်မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် တာချီလိတ်မြို့ လွယ်တော်ခမ်းကျေးရွာအုပ်စု၊ အဒီးရွာနေ အားဘယ်၏ နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းခုတင်အောက်မှ ဒဗလျူဝိုင်စာတန်းပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀၊ အမေရိကန်နိုင်ငံလုပ် ရီမင်တန်တစ်လုံး၊ ထိုးသေနတ် တစ်လက်၊ ၁၂ ဘို့ကျည် ၁၈ တောင့်၊ ချက်နိုင်ငံလုပ် ပွိုင့် ၂၂ သေနတ်တစ်လက်၊ အမေရိကန်နိုင်ငံလုပ် ၉မမ ပစ္စတိုတစ်လက်၊ ၎င်းကျည်တောင့် ၅၀၊ ၁၂ ဘို့ကျည်ဖြင့် ပစ်ရသော တစ်လုံးထိုး လုပ်သေနတ်တစ်လက်တို့ကို ဖမ်းဆီးရမိခဲ့သည်။

အလားတူ နယ်မြေခံထောက်လှမ်း ရေးတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်နှင့် တာချီလိတ်မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု၊ အဒီးရွာနေ စိုးနိုင်(ခ)အားဂွမ်၏ နေအိမ်ကိုရှာဖွေရာ ၎င်းအားမတွေ့ရှိဘဲ နေအိမ်တွင် ရောက်ရှိနေသူ အားဂျယ်(ခ)ဇော်ထွန်း၏ ခါးကြားအတွင်းမှ ဒဗလျူဝိုင်စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၅၅၀ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖမ်းဆီးရမိမှုများနှင့် ပတ်သက်၍ တရားခံများကို သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းများက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွားထံ အလှူရှင် သီရိသုဓမ္မမဏိဇောတဓရ ဦးနေဝင်းထွန်း ဥက္ကဋ္ဌ (Ruby Dragon Jade and Gems Co.,Ltd.)ဇနီး ဒေါ်နန်းအေးအေးမြင့်နှင့် သားသမီးမိသားစုတို့က လူမှုဝန်ထမ်းဦးစီးဌာန မျက်မမြင်ကျောင်းနှင့် မသန်စွမ်းကျောင်းများအတွက် အလှူငွေကျပ်သိန်း ၄၀ ကို ပေးအပ်လှူဒါန်းစဉ်။ (လူမှုဝန်ထမ်း)

လူမှုဝန်ထမ်းဦးစီးဌာနအတွက် ငွေလှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသို့ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကြည့်မြင်တိုင်မြို့နယ် ပန်းပင်ကြီးလမ်းရှိ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း ဂီတအနုပညာခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွား တက်ရောက်၍ အလှူငွေများ လက်ခံရယူသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများနှင့် အလှူရှင်မိသားစုများ၊ မျက်မမြင်ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ အလှူရှင် ရှမ်းပြည်နယ် (တောင်ပိုင်း) အထူးဒေသ(၆) ပအိုဝ်း ငြိမ်းချမ်းရေးအဖွဲ့ ဗဟိုကော်မတီ အထူးစီးပွားရေးတာဝန်ခံ သီရိသုဓမ္မမဏိဇောတဓရ ဦးနေဝင်းထွန်း ဥက္ကဋ္ဌ (Ruby Dragon Jade and Gems Co.,Ltd.ကျောက်စိမ်းနဂါးကုမ္ပဏီ)၊ ဇနီးဒေါ်နန်းအေးအေးမြင့်နှင့် သား၊ သမီးများဖြစ်ကြသော မောင်ကောင်းမြတ်သူ၊မမြင့်မြတ်သူ၊ မောင်ရဲမြတ်သူ၊ မောင်မင်းမြတ်သူ မိသားစုတို့က လူမှုဝန်ထမ်းဦးစီးဌာန၊ ကြည့်မြင်တိုင် မျက်မမြင်ကျောင်းသို့ ငွေပဒေသာပင်အတွက် ကျပ် ၁၀သိန်း၊ မန္တလေး နားမကြားသော ကလေးများကျောင်းနှင့် အခြားသင်တန်းကျောင်းများအတွက် အလှူငွေ ကျပ်သိန်း ၃၀ တို့ကို ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှကျောင်းသားကျောင်းသူကလေးများက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြပြီး ငွေလှူဒါန်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အထူးအရာရှိနှင့် တာဝန်ရှိသူများ၊ အလှူရှင်မိသားစုများက မျက်မမြင်ကျောင်းအတွင်းရှိ မျက်မမြင်ကွန်ပျူတာခန်း၊ လက်မှုကြိမ်ထိုးပညာသင်ခန်း၊ အနှိပ်ပညာသင်ခန်း၊ မျက်မမြင်စာပေ သင်ကြားမှုအခန်းများကိုကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာစရိယပူဇော်

ရန်ကုန် ဇန်နဝါရီ ၁၃

အခြေခံပညာအလယ်တန်းကျောင်း အမှတ်(၃)တာမွေနှင့် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၅) မင်္ဂလာတောင်ညွန့်(ယခင်စိန့်မိုက်ကယ်) ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲကို ယမန်နေ့နံနက်ပိုင်းက စင်ထရယ်ဟိုတယ်တွင် ကျင်းပသည်။ပူဇော်ပွဲတွင် အငြိမ်းစားဆရာ ဆရာမကြီး ၄၈ ဦးတို့အား တပည့်များက ကန်တော့ကြပြီး ဆရာကြီး ဦးကြည်ဝင်းနှင့် ဆရာမကြီး ဒေါ်အောင်ကြည်တို့က ဆုံးမဩဝါဒစကားပြောကြားကြသည်။ **(က-ပ)**

စိန့်အဲဂနက်(ကလော)ကျောင်းသားကျောင်းသူဟောင်းများမိတ်ဆုံပွဲ

st-Agnes Convent(ကလော)ကျောင်းသူ ကျောင်းသားများ၏ တတိယအကြိမ်မြောက် မိတ်ဆုံစားပွဲကို ၁၈-၁-၂၀၀၄ ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ပါသဖြင့် ကျောင်းသူကျောင်းသားဟောင်းများအားလုံး မပျက်မကွက်ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်အချိန်	။ ။	ညနေ ၆:၃၀ နာရီ
ကျင်းပမည့်နေ့ရက်	။ ။	၁၈-၁-၂၀၀၄(တနင်္ဂနွေနေ့)
ကျင်းပမည့်နေရာ	။ ။	The Princess Restaurant (ဝါးတန်းဆိပ်ကမ်း)

ဆက်သွယ်ရန် –
Violet Tin Hla ဒေါ်တင်မျိုးအေး ဖုန်း-၀၁-၆၆၃၀၁၄
Rose Marie Bo ဒေါ်တင်တင်ဦး ဖုန်း-၀၁-၅၂၇၄၄၀
Emma Myat Dr. ဒေါ်ခင်တာတာ ဖုန်း-၀၁-၂၈၄၀၆၀
Winnie Cho Tun Dr. ဒေါ်ဝင်းဝင်းချို ဖုန်း-၀၁-၃၇၁၂၈၅
Dora Soe ဒေါ်မြင့်မြင့်မိုး ဖုန်း-၀၁-၆၆၀၀၃၄

စတုဘုမ္မိက မဂ္ဂင်ရိပ်သာ ဆရာတော်တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၁၃

ရန်ကုန်တိုင်း သင်္ဃန်းကျွန်း စတုဘုမ္မိက မဂ္ဂင်ရိပ်သာ ပဓာနနာယက အရှင်ကုမာရ (ကောလင်း) သည် ဇန်နဝါရီ ၁၅ ရက်တွင် သာကေတ ခိုင်ရွှေဝါ(၂)လမ်း၌ လည်းကောင်း၊ ၂၃ရက်တွင် တောင်ဥက္ကလာ သာသနဟိတဓမ္မာရုံ ၌လည်းကောင်း၊ ၂၄ရက်တွင် လက်ပံတန်းခမုံ၌ လည်းကောင်း တရားဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မသက်ဆိုင်ပါကြောင်း

ကျွန်မဒေါ်လှနွဲ့ AC-၀၀၈၂၅၈၏ခင်ပွန်း ဦးထွန်းရှိန် CG-၀၈၄၇၀၅သည် ကျွန်မအား စိတ်ဆင်းရဲမှုအမျိုးမျိုးပြုလုပ်၍ ၂၀-၉-၂၀၀၁ရက်တွင် မိမိသဘောအလျောက်ဆင်းသွားပါသဖြင့် ကျွန်မနှင့်လုံးဝမသက်ဆိုင်တော့ပါ။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စများ တာဝန်မယူပါ။

ဒေါ်လှနွဲ့
အငြိမ်းစား-ကစလ
ဒဂုံမြို့သစ်(မြောက်ပိုင်း)။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊နည်းဥပဒေ-၂၀)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ်(၁၅)

ဒေါ်မြနှင်းရီ	**နှင့်**	**ဦးစောအော်ဒီ**
အမှတ် ၈၈၊၄လွှာ၊ ၄၉ လမ်း ပုဇွန်တောင်မြို့နယ်၊ရန်ကုန်မြို့ တရားလို		**အမှတ်(၅၁)၊ ဟိုက်ပတ်လမ်း အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ တရားပြိုင်**

အင်းစိန်မြို့နယ်၊ ဟိုက်ပတ်လမ်း၊ အမှတ် ၅၁ နေ ဦးစောအော်ဒီ(ယခုလိပ်စာမသိ) သိစေရမည်။ သင်တို့အပေါ် တရားလိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှေ့နေ အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် အမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်(၁၃၆၅ ခုနှစ် ပြာသိုလပြည့်ကျော် ၁၀ ရက်)မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားစွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးသို့လာရောက် ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များထုတ်နုတ်၍ တဖက်သတ်စစ်ဆေး ဆောင်ရွက်မည်ဖြစ်ကြောင်း အကြောင်းကြားပါသည်။ ၎င်းအပြင် ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည် သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်သွင်းပို့လိုက်ရမည်။ သင်ကထုချေရာတွင် တင်သွင်းလိုလျှင် အမှုမတိုင်မီ ၄ ရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ဤတိုင်းတရားရုံးတံဆိပ်ရိုက်နှိပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

လုဝင်း
တွဲဖက်တိုင်းတရားသူကြီး(၈)
ရန်ကုန်တိုင်းတရားရုံး။



Gold Uni Golf Classic ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၃

Myanmar PGA နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ Gold Uni Golf Classic ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၂၇ ရက်မှ ၃၀ ရက်အထိ ရန်ကုန်ဂေါက်ကလပ် ဒညင်းကုန်း၌ ကျင်းပမည်ဖြစ်သည်။

Gold Uni Golf Classicပြိုင်ပွဲသည် ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၁၂ရက်မှ ၁၅ရက်အထိကျင်းပမည့် Myanmar Open 2004ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် နောက်ဆုံးအဆင့် လက်ရည်စစ်ပြိုင်ပွဲဖြစ်သည်။

အဆိုပါ လက်ရည်စစ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပထမဆုကို ငွေကျပ်ရှစ်သိန်းသတ်မှတ်ထားပြီးMyanmar Professional ဂေါက်သီးရိုက် အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြမည့်အပြင် ၂၀၀၃ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲမှ ထိပ်တန်းမြန်မာအပျော်တမ်း ဂေါက်သီးရိုက် အားကစားသမားခြောက်ဦး ပါဝင်ယှဉ်ပြိုင်ခွင့်ပြုထားသည်။

ယင်းလက်ရည်စစ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် Myanmar Professional ဂေါက်သီးရိုက် အားကစားသမားများနှင့် ခွင့်ပြုထားသည့် မြန်မာအပျော်တမ်း ဂေါက်သီးရိုက် အားကစားသမားခြောက်ဦးတို့သည် ဇန်နဝါရီ ၂၅ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ Han Event Management ဖုန်း-၇၂၃၂၂၁နှင့် ၅၄၄၀၄၀ တို့သို့ အမည်စာရင်းပေးသွင်းရမည်ဖြစ်သည်။

ယင်းဂေါက်သီးရိုက်ပြိုင်ပွဲကို Gold Uni Jewellery Co.,Ltd. နှင့် Xie Family တို့နှင့်အတူ Imperial Jade Purified Drinking Water တို့က ပံ့ပိုးကူညီကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြောက်ဥက္ကလာပမြို့နယ် အမက(၂၇) ပညာရေးစုံညီပွဲတော် နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် သူငယ်တန်း(င) မှ ဘက်စုံထူးချွန်ဆုရ မအိရွှေစင်စိုးအား ကျောင်းအုပ်ဆရာကြီး ဦးအေးလွင် ဇန်နဝါရီ ၁၁ ရက်က ဆုချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

အမျိုးသမီးအားကစားကော်မတီနာယကဒိုင်း ဘောလုံးပြိုင်ပွဲဖွင့်

တောင်ကြီး ဇန်နဝါရီ ၁၀

၂၀၀၃ ခုနှစ် ရှမ်းပြည်နယ်(တောင်ပိုင်း)အမျိုးသမီး အားကစားကော်မတီနာယကဒိုင်း မြို့နယ်ပေါင်းစုံအမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက်က တောင်ကြီးမြို့ ပြည်နယ်အားကစား ပြိုင်ကွင်းတွင် ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသမီးအားကစားကော်မတီနာယကတိုင်းမှူး၏ ဇနီး ဒေါ်ဝင်းဝင်းနု၊ အမျိုးသမီးရေးရာကော်မတီဝင်များနှင့် ပြိုင်ပွဲဝင် အသင်း ၁၃ သင်းမှ အမျိုးသမီးဘောလုံး အားကစားသမားများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)အမျိုးသမီးအားကစားကော်မတီနာယက ဒေါ်ဝင်းဝင်းနုက အမှာစကားပြောကြားပြီး **(အောက်ပုံ)** ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲ ပွဲဦးထွက်အဖြစ် ဖယ်ခုံမြို့နယ်အမျိုးသမီးဘောလုံးအသင်းနှင့် ဆီဆိုင်မြို့နယ် အမျိုးသမီးဘောလုံးအသင်းတို့ယှဉ်ပြိုင်ကစားကြရာ ဖယ်ခုံမြို့နယ်အသင်းက ခြောက်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

(က–ပ)

နမ့်ခမ်းမြို့ ကိုယ့်အားကိုယ်ကိုး မီးသတ်တပ်ဖွဲ့တာဝန်ခံ ဦးစိုင်းစံညွန့်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ ဇန်နဝါရီ ၄ ရက်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ရပ်ကွက်တိုင်း မီးသတိမူရေးနှင့် မီးသတ်ကားများ ကွဲ့နိုင်မှုကို **စစ်ဆေးစဉ်။** (မြို့နယ် ပြန်/ဆက်)

ကလေးပြပွဲ ပြိုင်ပွဲနှင့် စံပြမိခင်ပြိုင်ပွဲကျင်းပ

ပုသိမ် ဇန်နဝါရီ ၆

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပုသိမ်မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ကလေးပြပွဲ ပြိုင်ပွဲနှင့် စံပြမိခင်ပြိုင်ပွဲကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၇–၂၈ ရက်က မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတွင် ကျင်းပသည်။

ပြိုင်ပွဲသို့ အနောက်တောင်တိုင်းစစ်ဌာနချုပ်ရှိ တပ်ရင်းတပ်ဖွဲ့များနှင့် ရပ်ကွက်များမှ မွေးစမှ သတ်မှတ်ထားသော အသက်အပိုင်းအခြားအလိုက် နှစ်နှစ်အရွယ်ကလေးများအထိ ကလေး ငါးရာကျော် လာရောက်ယှဉ်ပြိုင်ကြရာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ကလေးများအတွက် အာဟာရမှုန့်၊ အိုင်အိုဒင်းဆား၊ ကလေးအားတိုးဆေးများနှင့် ဆပ်ပြာမှုန့်များ ဝေငှပေးသည်။ (က–ပ)



မိုးစပါး တစ်ကေတင်း ၁၀၀ ထွက်ရှိရေး အလုပ်ရုံဆွေးနွေးပွဲ မကွေး၌ကျင်းပ

မကွေး ဇန်နဝါရီ ၁၀

မကွေးတိုင်း ၂၀၀၃ ခုနှစ် မိုးစပါး တစ်ကေလျှင် စပါးတင်း ၁၀၀ ထွက်ရှိရေးစိုက်ပျိုးမှုနှင့်ပတ်သက်သည့်အလုပ်ရုံ ဆွေးနွေးပွဲကို ဇန်နဝါရီ ၅ ရက် နံနက်က တိုင်းမြန်မာ့စိုက်ပျိုးရေး လုပ်ငန်းအစည်းအဝေးခန်းမတွင်ကျင်းပရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဇော်မင်းနှင့် တိုင်းအဖွဲ့ဝင်များ၊ တိုင်းစိုက်ကြပ်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်ဥက္ကဋ္ဌများ၊ မကွေးတိုင်း မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာဦးကျော်မောင်နှင့် ခရိုင်၊ မြို့နယ်မန်နေဂျာများ တက်ရောက်ကြသည်။

ဆွေးနွေး

ရှေးဦးစွာ တိုင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းက အမှာစကားပြောကြားပြီး ခရိုင်နှင့် မြို့နယ်မန်နေဂျာများက စိုက်ကေ၊မျိုးစပါး၊နည်းစနစ် မြေဩဇာသုံးစွဲမှု၊ စပါးထွက်ရှိမှု စာတမ်းတို့ကို ဖတ်ကြားဆွေးနွေးပြီး တိုင်းမန်နေဂျာ ဦးကျော်မောင်က အားသာချက်၊ အားနည်းချက်တို့အပေါ် ဖြည့်စွက် တင်ပြဆွေးနွေးသည်။

(၄၀၅)

အမြို့မြို့ အနယ်နယ် သတင်းများ

မြန်မာ့အသံ

၁၅–၁–၂၀၀၄

(ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇:၀၀ မင်းကွန်းဆရာတော်ကြီး၏ မောရသုတ်နှင့် ဝဋ္ဋသုတ်တရားတော်

နေ့လယ်ပိုင်း

၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (လင်းအောင်ကုမ္ပဏီနှင့် အအေးခန်းစက်ရုံ)

၁၁:၃၅ စာအုပ်စာပေလူ့မိတ်ဆွေ (၁)ရွက်ကြွေတောကတရားသံ–အရှင်ပဏ္ဍိတ(မေဒါရီဂူတောရ) (၂)နည်းသစ်အင်္ဂလိပ်သဒ္ဒါ၊ လေ့ကျင့်ခန်းများအဖြေလွှာ– ဦးသောင်းလွင်(ဘီအေ၊ ဓမ္မာစရိယဝဋ္ဋသကာ)

၁၂:၀၀ သိပ္ပံပညာသိကောင်းစရာ (စက်မှုနည်းနာဖြင့် ရောဂါစမ်းသပ်ကုသခြင်း–မောင်ဆုရှင်)

၁၂:၃၀ အစာနှင့်အာဟာရ (မြိတ်ကတ်ကြေးကိုက်)

ညနေပိုင်း

၁၆:၁၅ ဟောပြောချက် (ကယားပြည်နယ်ဖွံ့ဖြိုးတိုးတက်မှု)

၁၆:၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၇:၀၀ တပ်မတော်စာတိုက်

၁၇:၁၅ သုတရေးရာဖြေကြားလွှာ

၁၉:၁၅ ဇာတ်လမ်းပမာနားဆင်စရာ (မပြောပေမယ့်သိပါတယ်)

သာယာဝတီမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်စိုးမိုး ဆုချီးမြှင့်စဉ်။ (ခရိုင်ပြန်/ဆက်)

၂၀၀၃–၂၀၀၄ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော သီပေါမြို့နယ် စံလောင်း–နောင်လျှံ မြေသားလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက်က လမ်းထိပ်မုခ်ဦး၌ကျင်းပရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်၊ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးအောင်၊ အမှုဆောင်အရာရှိ ဦးဌေးဝင်းနှင့် စံလောင်းကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစိုင်းပန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံသားကတ်ပြားပေးအပ်

ရမည်းသင်း ဇန်နဝါရီ ၁၀

မန္တလေးတိုင်း ရမည်းသင်းမြို့နယ် ကန့်အောက်ကျေးရွာအုပ်စု နိုင်ငံသားအရည်အချင်းပြည့်မီသူ ကျေးလက်ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲကို ဒီဇင်ဘာ ၂၂ရက်က ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးသိန်းထွန်းက ကျေးရွာဥက္ကဋ္ဌ ဦးကျော်လှိုင်ထံ နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပေးအပ်သည်။

(ခရိုင် ပြန်/ဆက်)

မအူပင်မြို့နယ် ပန်းပင်စုကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ အသက်(၁၀)နှစ်နှင့်အထက် နိုင်ငံသားအရည်အချင်းပြည့်မီသူ နိုင်ငံသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၃၀ရက်က ပန်းပင်စုကျေးရွာအုပ်စုတွင်ကျင်းပရာ ခရိုင်ဦးစီးဌာနမှူး ဦးဝင်းလှိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (မြို့နယ်လဝက)

စလင်းမြို့သာယာရေး ကွင်းဆင်းဆောင်ရွက်

စလင်း ဇန်နဝါရီ ၅

မကွေးတိုင်း စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေး၊ မြို့တွင်းလမ်းများ ပိုမိုကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် အဖွဲ့ စိတ္တသုခလမ်းတွင် အရှည် ပေ ၁၀၅၀၊ အကျယ် ၁၂ ပေရှိ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းခွင်ကို ဒီဇင်ဘာ ၁၇ ရက်က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးကြသည်။

(မြို့နယ် ပြန်/ဆက်)

ချမ်းအေးဓမ္မစာပေပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၃

မြတ်ဗုဒ္ဓသာသနာတော် အရှည်တည်တံ့ ပြန့်ပွားစေရေးအတွက် တစ်ထောင့်တစ်နေရာမှ ကူညီပံ့ပိုးသောအားဖြင့် ချမ်းအေးဆရာတော် ဘဒ္ဒန္တနာဂ သေနာဘိဝံသထေရ်၏ လမ်းညွှန်စီစဉ်မှုဖြင့် ဓမ္မစာပေ(ဆောင်းပါး) ပြိုင်ပွဲ ကျင်းပမည်ဖြစ်ရာ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြသည်။ ယခုနှစ်ပြိုင်ပွဲ၏ ခေါင်းစဉ်အမည်မှာ ဓမ္မဂုဏ်ရည်ဖြစ်သည်။ ပြိုင်ပွဲဝင် ဓမ္မစာပေ ပညာရှင်များသည် စည်းကမ်းချက်များနှင့်အညီ ရေးသားပေးပို့ကြရမည်ဖြစ်သည်။

ရေးသားပို့ရာတွင် လျှောက်လွှာ စာမျက်နှာ ၄၀မှ ၅၀ အတွင်းဖြစ်ရမည်။ အခြားမည်သည့် မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်တွင်မျှ ရေးသားဖော်ပြဖူးခြင်း မရှိစေရပါ။ ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံကတိပါရှိရမည်။ စာမူအတွက် အရုပ် အရှင်း ပြသနာတစ်စုံတစ်ရာ ပေါ် ပေါက်လာပါက ယှဉ်ပြိုင်သူမှသာ အလုံးစုံတာဝန်ယူရမည်။ပြိုင်ပွဲဝင်စာမူ များနှင့်ပတ်သက်၍ ချမ်းအေးဓမ္မစာပေ ပြိုင်ပွဲရွေးချယ်ရေးအဖွဲ့က စိစစ်ရွေး ချယ်မှုသာ အတည်ဖြစ်ရမည်။

ပထမ၊ ဒုတိယ၊ တတိယဆုများနှင့် အထူးဆုများရွေးချယ်ကာ ဉာဏ်ပူဇော်ခကိုလည်း ထိုက်တန်စွာ ချီးမြှင့်သွားမည်။ ရွေးချယ်စိစစ်ပြီးသော ဆုရစာမူများ ကို ချမ်းအေးဓမ္မစာပေ ပြိုင်ပွဲရွေးချယ် ချီးမြှင့်ရေးအဖွဲ့မှ အခါအခွင့်သင့်သည့် အချိန်တွင် စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေသွားမည် ဖြစ်သည်။

အမည်၊ ကလောင်အမည်၊ မှတ်ပုံတင် အမှတ်၊ နေရပ်လိပ်စာ အပြည့်အစုံ၊ အလုပ်အကိုင်နှင့် ဓာတ်ပုံ နှစ်ပုံတို့ကို ပြိုင်ပွဲဝင်စာမူနှင့် အတူ ပူးတွဲပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများကို မတ်လ၃၁ရက်နောက်ဆုံးထား၍ ဝေမိုး(ကျွန်းလှ) ချမ်းအေးရိပ်သာ သုဝဏ္ဏ သဃ်န်းကျွန်းမြို့နယ်၊ ချစ်ဦးညို ၅၄(ပထမထပ်) ၄၄ လမ်း ဗိုလ်တထောင်မြို့နယ်၊ ဦးကျော်ခင်မြင့်(၁၃၄) ရွှေဘုံသာလမ်း စိန်ရတနာ ရွှေဆိုင်၊ ဦးကြိုင်မြင့်(ဝါမိုးအောင်စာပေ) (၅၀)၊ ၄၃ လမ်း ဗိုလ်တထောင်မြို့နယ်တို့သို့ ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ **(က-ပ)**



ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်) သင်းလုံးကျွတ်အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၁၃

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ၅၇/အာဇာနည်လမ်း ဗဟန်းမြို့နယ် မင်္ဂလာမဏ္ဍိုင် ကျောင်းတိုက်ဝင်းအတွင်းရှိ ဒေးဒရဲမြို့နယ်အသင်း (ရန်ကုန်) ဓမ္မာရုံကြီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ကန်တော့ခံ သက်ကြီးများ၊ ၂၀၀၂-၂၀၀၃ အခြေခံပညာ အထက်တန်း စာမေးပွဲ အောင်မြင်သူများ၊ နိုင်ငံတော်က ချီးမြှင့်သည့် ဘွဲ့ထူးဂုဏ်ထူးရရှိသူများသည် ဒုတိယဥက္ကဋ္ဌဦးမျိုးလွင် ဖုန်း-၅၄၄၂၇၃၊ ဘဏ္ဍာရေးမှူးဦးဇော်လွင် ဖုန်း-၀၉၈၀-၃၁၇၄၈၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးစိုးသိန်း ဖုန်း-၂၄၅၉၂၃၊ အမှုဆောင် ဒေါ်ခင်စောလှ ဖုန်း-၇၀၅၇၀၁တို့သို့ ဇန်နဝါရီ၁၈ရက် နောက်ဆုံး ထား၍ စာရင်းပေးသွင်းကြရန်နှင့် အခမ်းအနားသို့ ဒေးဒရဲမြို့နယ်သူ၊ မြို့နယ်သားများ၊ အသင်းသူအသင်းသားများ ကြွရောက်ကြရန် ဖိတ်ကြားထားသည်။

(က-ပ)

ဇန်နဝါရီ ၁၀ရက်က ရန်ကုန်တိုင်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန တတိယအကြိမ်မြောက် ဝန်ထမ်းမိသားစု ဝတ်စွတ်ပြိုင်ပွဲကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဓမ္မာရုံတွင် ပြုလုပ်ရာ တိုင်းအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူ အမှာစကားပြောကြားစဉ်။ (က-ပ)

ရန်ကုန်ကုန်စည်ပြပွဲ '၂၀၀၄' စည်ကားသိုက်မြိုက်စွာကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၃

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ခွင့်ပြုပံ့ပိုးကူညီမှုဖြင့် ရန်ကုန် ကုန်စည်ပြပွဲ "၂၀၀၄" ကို ဇန်နဝါရီ ၃၀ရက်မှ ဖေဖော်ဝါရီ ၂ရက်အထိ ရန်ကုန်မြို့ အထက် ပုဇွန်တောင် လမ်းမရှိ ရန်ကုန်ကုန်သွယ်မှု ဗဟိုဌာန Yangon Trade Centre တွင် Quartz International Co.,Ltdမှ အထူးစည်ကား သိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ကျင်းပမည်

အဆိုပါ ပြပွဲတွင် ပြည်တွင်းပြည်ပမှ အလုကုန်နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းအမျိုးမျိုး၊ ပလတ်စတစ်ပစ္စည်းအမျိုးမျိုး၊စားသောက်ကုန်ပစ္စည်းအမျိုးမျိုး၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းအမျိုးမျိုး၊ ဆောက်လုပ်ရေးပစ္စည်းအမျိုးမျိုး၊ အိမ်သုံးကုန်ပစ္စည်းအမျိုးမျိုး၊စက္ကူစာရေး ကိရိယာနှင့် ထုပ်ပိုးပစ္စည်းအမျိုးမျိုး၊ အသေးစား စက်ပစ္စည်းနှင့် တပ်ဆင်ပစ္စည်းအမျိုးမျိုး၊ တိုင်းရင်းဆေးနှင့် ဆေးဝါးပစ္စည်းအမျိုးမျိုး၊ ဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုးတို့ကို ပြပွဲလာရောက်သူများအတွက် ကံစမ်းမဲအစီအစဉ်၊ ပြခန်းအလှဆုံးပြင်ဆင်မှု ရွေးချယ်ခြင်းနှင့် Star Entertainment ၏ ကုန်ပစ္စည်းဆိုင်ရာ သရုပ်ပြပွဲ၊ ဖျော်ဖြေရေးအစီအစဉ်များဖြင့် ကျင်းပမည်ဖြစ်သည်။

(က-ပ)

စကားသည်လောကကိုစိုးမိုး၏ စာအုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၃

စကား၏အရင်းအမြစ်၊ စကား၏သဘောသဘာဝ၊ စကား၏အလုပ်တာဝန်၊ စကား၏အစွမ်းသတ္တိနှင့် စကားပရိယာယ်အသွယ်သွယ်တို့ကို သုတေသနပြု ရေးသားထားသော ငွေးမောင်၏ စကားသည် လောကကိုစိုးမိုး၏ စာအုပ်ကို မြတ်ပန်းရဂုံစာပေ အမှတ် ၄၇၃ (က)နီလာဗလမ်း (ဂ) ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့က အပြင်အဆင် ကောင်းကောင်းဖြင့် ထုတ်ဝေဖြန့်ချိ ထားကြောင်း သိရသည်။ **(အောက်ပုံ)**

(က-ပ)

မင်္ဂလာဒုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ခြင်း၊မူခင်းကျဆင်းရေး ပညာပေးဟောပြောခြင်းနှင့်တရားရေးဆိုင်ရာ ပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၉ ရက်က မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီး စံပြကျေးရွာတွင် ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်သန်းက မှုခင်းကျဆင်းရေးဆိုင်ရာများ ဟောပြောစဉ်။ (မြို့နယ် ပြန်/ဆက်)

ဆုချီးမြှင့်

အင်းစိန် အလက(၄)ကျောင်းသားစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ရက်က ကျောင်းရှေ့၌ ကျင်းပရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်ညွှန့်ကြည်က အဋ္ဌမတန်း မြို့နယ်ထူးချွန်ဆုရ မချောစုမွန်အား ဆုချီးမြှင့်စဉ်။ (၀၄၆)

ကောင်းသန့်စာပေ အမှတ် ၂၀၉/ ပထပ်(ယာ) ၃၈လမ်း(ထက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၇၂၂၀၅၃ က ထုတ်ဝေသော ဆရာမကြီး ဒေါ်နုယဉ်၏ မေတို့အတွက်တာ သိမှတ်စရာ စာအုပ်မျက်နှာဖုံး။ (က-ပ)

ဂျီစီအီးဝင်ခွင့်နှင့် အင်္ဂလိပ်စာသင်တန်း

ရန်ကုန် ဇန်နဝါရီ ၁၃

Aung Language Centre မှ နိုင်ငံတကာ တက္ကသိုလ်များဝင်ခွင့်အတွက် အထောက်အကူပြုသည့် (G.C.E)သင်တန်းကို ဖေဖော်ဝါရီ ၇ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

ထို့အတူ အင်္ဂလိပ်စကားပြောနှင့် သဒ္ဒါသင်တန်းများကို တစ်ပြိုင်နက် ဖွင့်လှစ်မည်ဖြစ်ရာ အရှေ့ရန်ကင်းတိုက်(၂၈၂) အခန်း(၁)ရန်ကင်း ကြားမှတ်တိုင်အနီး ရန်ကင်းသဲကွင်းအနီး အမှတ်(၂)ရပ်ကွက် ဖုန်း-၅၅၅၉၈၂ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

အင်တာနက် အခြေခံနှင့် အီးမေးလ် သင်တန်းများဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၃

ပြည်တွင်းပြည်ပ ကုမ္ပဏီပေါင်းများစွာအတွက် Softwareများဖန်တီးရေးသားပေးနေသော Myanmar Information Technology Pte., Ltd. က Internet အခြေခံသင်တန်းများ၊ ကွန်ပျူတာအခြေခံ သင်တန်းများ၊ ကွန်ပျူတာ အသုံးချ စာရင်းကိုင်သင်တန်းများအပြင် အထူးအစီအစဉ်များအနေဖြင့် အချိန်တိုတိုအတွင်း လွယ်ကူလျင်မြန်စွာ လေ့လာနိုင်သော Internet နှင့်e-mailရက်တို (ရက်သတ္တပတ်)သင်တန်း၊ Power Pointကို အသုံးပြု၍ Presentationပေးနည်း ရက်တို (ရက်သတ္တပတ်)သင်တန်း ဖွင့်လှစ်ထားရှိပြီး ကျွမ်းကျင်ဝန်ထမ်းများက သင်ကြားပေးသည်။

သင်တန်းပြီးသူများနှင့် Internetကြည့်လိုသည့် ဝါသနာရှင်များအတွက် Cyber Cafeကို ဖွင့်လှစ်ထားရှိပြီး e- mail လျှောက်ထားလိုသူများအတွက်လည်း Mail 4 u Reseller အဖြစ်လည်းကောင်း၊ Access Prepaid Dial-Upkit Resellerအဖြစ်လည်းကောင်း လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ အသေးစိတ်သိရှိလိုပါက အမှတ် ၁၁၂ အခန်း ၁၀ ရှစ်မိုင် မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၆၆၈၇၇၉၊ ၆၆၈၂၅၉ နှင့် ၆၅၀၁၂၄တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ဇန်နဝါရီ၁၀ရက်က ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမက(၇) ၂၀၀၂- ၂၀၀၃ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ဝင်းက ဒုတိယတန်းဘက်စုံ ပထမဆု၊ ပထမတန်း ပထမဆုရရှိသူ မောင်ဇော်ရဲထွန်းအား ဆုချီးမြှင့်စဉ်။ (၁၉၂)

သုံးနှစ်ပြည့် မွေးနေ့ဆုတောင်း

တစ်ဦးတည်းသော သားဦးရတနာ မင်းသန့်ကျော်ဇင်၏ ၁၄–၁–၂၀၀၄ ရက် သုံးနှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်း(၁၂၀)တိုင်အောင် လိုအင်ဆန္ဒ ပြီးပြည့်စုံတဲ့ ဘဝလေးတစ်ခု ပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်

ဖေဖေ – ဗိုလ်မှူးဇော်မျိုးသန့်
မေမေ – ဒေါ်ဝါဝါဝေလွင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
ကြော်ငြာစာအမှတ် ၃/၂၀၀၄
(၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်)
လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးအတွက် လျှောက်လွှာများ အလိုရှိပါသည်–

ရာထူး	ပညာအရည်အချင်း	လစ်လပ်
သုတေသနအရာရှိ (ကာကွယ်ဆေးစက်ရုံ)	တိရစ္ဆာန်ဆေးသိပ္ပံဘွဲ့(သို့မဟုတ်) တိရစ္ဆာန်ဆေးပညာဘွဲ့	၁ နေရာ

၂။ လျှောက်ထားသူသည်–
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) ၄–၂–၂၀၀၄ နေ့တွင် အသက် ၃၅ နှစ်(ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၄–၂–၂၀၀၄ နေ့အရောက်ပေးပို့ရမည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ဝင်ကြေးငွေ ၅ဝိ/– ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက် အမှတ် ၁/၉၁ ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့လျှောက်လွှာ တင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်သည်။

၅။ **ရန်ကုန်မြို့နှင့်မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲစာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသော စာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာဖော်ပြရမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့်ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၄–၂–၂၀၀၄ နေ့အရောက်ပေးပို့ရမည်။** လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၁၄–၂–၂၀၀၄ နေ့နှင့် ၁၅–၂–၂၀၀၄ နေ့များတွင် အရည်အချင်းစစ်ရေးဖြေစာမေးပွဲ ကျင်းပမည်။ ၁၂–၂–၂၀၀၄ နေ့မှစ၍ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

၈။ စုံစမ်းမေးမြန်းလိုပါက ပြည်နယ်/တိုင်း၊ ခရိုင်နှင့်မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၊ ပြည်နယ်/တိုင်း မြို့နယ်အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနရုံးများတွင်ဖြစ်စေ၊ ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းအမှတ်(၃၇၈၁၆၃)သို့ ဖြစ်စေဆက်သွယ်နိုင်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
ကြော်ငြာစာအမှတ် ၄/၂၀၀၄
(၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်)
လျှောက်လွှာခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးအတွက် လျှောက်လွှာများအလိုရှိပါသည်–

ရာထူး	ပညာအရည်အချင်း	လစ်လပ်
ဦးစီးအရာရှိ (စက်မှု)	ကွန်ပျူတာသိပ္ပံဘွဲ့	၁ နေရာ

၂။ လျှောက်ထားသူသည်–
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်၊
(ခ) ၄–၂–၂၀၀၄ နေ့တွင် အသက် ၃၅ နှစ်(ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်)ထက်မကျော်လွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၄–၂–၂၀၀၄ နေ့အရောက်ပေးပို့ရမည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ဝင်ကြေးငွေ ၅ဝိ/– ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေစစ်ဆေးမှုအတွက်လေ့လာရန်လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက် အမှတ် ၁/၉၁ဖြင့် ထုတ်ပြန်ထားသော**ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၅။ **ရန်ကုန်မြို့နှင့်မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲစာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသော စာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာဖော်ပြရမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၄–၂–၂၀၀၄ နေ့အရောက်ပေးပို့ရမည်။** လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၁၄–၂–၂၀၀၄ နေ့နှင့် ၁၅–၂–၂၀၀၄ နေ့များတွင် အရည်အချင်းစစ်ရေးဖြေစာမေးပွဲကျင်းပမည်။ ၁၂–၂–၂၀၀၄ နေ့မှစ၍ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဤအဖွဲ့ရုံးတွင် ဖြေဆိုခွင့်ကတ်ပြားများ ထုတ်ပေးမည်။

၈။ စုံစမ်းမေးမြန်းလိုပါက ပြည်နယ်/တိုင်း၊ ခရိုင်နှင့်မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၊ ပြည်နယ်/တိုင်း မြို့နယ်အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနရုံးများ တွင်ဖြစ်စေ၊ ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းအမှတ်(၃၇၈၁၆၃)သို့ ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၆ဒီ (၁၄၊၁၅၊၁၆) မြေကွက်အမှတ် ၈၉၊ ဧရိယာ ဝဒသမ ဝ၇၉ဧကရှိ (အစိုးရမြေ)၊ အမှတ် ၁၂ဝ၊ ၃လမ်း၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်ဟုခေါ်တွင်သော မြေကွက်ကို ဦးလှမြင့်အား မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနက နှစ်၆ဝ မြေငှားစာချုပ် ထုတ်ပေးမည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်နေ့မှစပြီး (နှစ်ပတ်အတွင်း) ဤဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများ တင်ပြ၍ ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့

အမည်ပြောင်း ဦးဝင်းတင်၏သား အထက(၆)အလုံ အဋ္ဌမတန်း(က)မှ မောင်ရဲလင်းဖြိုးအား မောင်ဖြိုးသီဟကောင်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဖြိုးသီဟကောင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ(Sealed Tender)များ ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ(Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်–

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	12(T)20/MR(ML) 2003-2004	Round Nose Tools	200- Nos
2.	12(T)21/MR(ML) 2003-2004	Insert Tools	480-Nos
3.	12(T)22/MR(ML) 2003-2004	Spare Parts for Locomotives Engine(MTU 6V,12V,16V 396 TC 11/12/13/14)	1-Lot
4.	12(T)26/MR(ML) 2003-2004	DC Air Compressor Motor (10.4)KW	10-Nos

တင်ဒါပိတ်ရက်နှင့်အချိန် – ၂၇–၁–၂၀၀၄ (အင်္ဂါနေ့) ၁၂:ဝဝနာရီ
တင်ဒါဖွင့်ဖောက်မည့်ရက်နှင့်အချိန် – ၂၇–၁–၂၀၀၄ (အင်္ဂါနေ့) ၁၄:ဝဝနာရီ } စဉ်(၁)နှင့်(၂)အတွက်
တင်ဒါပိတ်ရက်နှင့်အချိန် – ၁၉–၂–၂၀၀၄ (ကြာသပတေးနေ့) ၁၂:ဝဝနာရီ
တင်ဒါဖွင့်ဖောက်မည့်ရက်နှင့်အချိန် – ၁၉–၂–၂၀၀၄ (ကြာသပတေးနေ့) ၁၄:ဝဝနာရီ } စဉ်(၃)နှင့်(၄)အတွက်

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၃–၁–၂၀၀၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့် ၅၁လမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့
ဖုန်း– ၂၉၁၉၈၂၊၂၀၁၅၅၅–လိုင်းခွဲ–၆ဝ၂၊၆ဝ၅၊၆ဝ၂

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ကျောက်မျက်ရတနာသတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက် အဆိုပြုလွှာများ တင်သွင်းရန်
ကြေညာချက် (၁/၂၀၀၄)
ရန်ကုန်မြို့၊ ၁၃၆၅ ခုနှစ် ပြာသိုလပြည့်ကျော် ၂ ရက်
(၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၈ ရက်)

၁။ ကျောက်မျက်ရတနာနယ်မြေများတွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ တူးဖော်ထုတ်လုပ်နေသည့် ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအနက်မှ ၂၀၀၄ ခုနှစ် (ဧပြီ၊ မေ၊ ဇွန်လ)များအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များနှင့် ဖော် ထုတ်လုပ်ကွက်များ၊ လစ်လပ်သတ်မှတ်လုပ်ကွက်များနှင့် လစ်လပ်ဖော်ထုတ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ-၁၂၊ ပုဒ်မ-၁၃၊ ပုဒ်မ-၁၅ တို့နှင့်အညီ နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများအား ဈေးပြိုင်စနစ်ဖြင့် တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်များ ထုတ်ပေးရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ ကျောက်မျက်ရတနာလုပ်ကွက်များအား ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင် (လုပ်ကွက်တစ်ကွက်) အတွက် အာမခံစပေါ်ငွေ (Deposit) ကျပ်တစ်သိန်း ပေးသွင်းရပါမည်။ အာမခံစပေါ်ငွေများအား ခွင့်ပြုမိန့်ထုတ်ပေးမည့် လုပ်ကွက်အတွက် အဆိုပြုငွေများ ပေးသွင်းရာတွင် အဆိုပြုငွေမှ ခုနှိမ်ပေးသွင်းခြင်း၊ ခွင့်ပြုမိန့်မရသူများအား ပြန်လည်ထုတ်ပေးခြင်းစသည်တို့အား ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေး လုပ်ငန်းကော်မတီမှ သတ်မှတ်ချက်များ နှင့်အညီ သက်ဆိုင်ရာလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်မည် ဖြစ်ပါသည်။

၃။ ကျောက်မျက်ရတနာတူးဖော်လုပ်ကိုင်လိုသည့် ကုမ္ပဏီများသည် သင်းဖွဲ့မှတ်တမ်းအရလည်းကောင်း၊ သမဝါယမအသင်းများသည် အသင်းစည်းကမ်းအရလည်းကောင်း၊ ကျောက်မျက်ရတနာတူးဖော်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိမည့်အပြင် ကုမ္ပဏီ၊ အသင်းသည် ရန်ကုန်မြို့၌ ရှိရပါမည်။ ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် လျှောက်ထားဆဲဖြစ်ပါက သက်ဆိုင်ရာအထောက်အထား စာရွက်စာတမ်းများ တင်ပြလျှောက်ထားနိုင်ပါသည်။ ၎င်းအပြင် ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ၊ အသင်းများအနေဖြင့် ခွင့်ပြုမိန့်ရရှိထားသည့် ကျောက်မျက်ရတနာလုပ်ကွက်များကို တရားမဝင်လွှဲပြောင်းခြင်း မပြုရန်နှင့် သတ္တုတွင်းဝန်ကြီးဌာနမှ ၁၉၉၉ ခုနှစ် အောက်တိုဘာလ ၁ ရက်တွင် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ်(၁၂၃/၉၉)အတိုင်း လိုက်နာ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ သတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက်တစ်ကွက်အတွက် မြေအကျယ်အဝန်းမှာ တစ်ဧကဖြစ်သည်။ သို့ရာတွင် တူးဖော်ထုတ်လုပ်ပြီး သတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက်များ၊တူးဖော်ထုတ်လုပ်ဆဲ သတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက်များအနေဖြင့် တူးဖော်မှုနှင့် ရာသီဥတုကြောင့် လုပ်ကွက်နယ်မြေအကျယ်အဝန်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက သတ္တုတွင်းဝန်ကြီးဌာန ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီက ညှိနှိုင်းဆုံးဖြတ်ခြင်းကို လိုက်နာဆောင်ရွက် ရမည်ဖြစ်ပါသည်။ သတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက်များအတွက် ခွင့်ပြုသက်တမ်းကာလမှာ သုံးနှစ်ဖြစ်ပြီး အနည်းဆုံးပေးသွင်းရမည့် အဆိုပြုငွေမှာ ကျပ် ၁၀ သိန်းဖြစ်ပါသည်။ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးမည်ဖြစ်၍ အဆိုပြုလွှာတင်သွင်းရာတွင် ပေးသွင်းမည့် အဆိုပြုငွေကို ဂဏန်းဖြင့်သာမကဘဲ စာသားဖြင့်ပါ တိတိကျကျဖော်ပြရမည်ဖြစ်ပါသည်။

၅။ မိမိတို့ တူးဖော်လိုသည့် သတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက်များကို လုပ်ကိုင်မည့်ပုဂ္ဂိုလ်များကိုယ်တိုင် ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီးမှသာ လုပ်ကိုင်မည့်သူကိုယ်တိုင် လက်မှတ်ရေးထိုး၍ အဆိုပြုလွှာများ တင်သွင်းရန်ဖြစ်ပါသည်။ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိပြီးနောက်မှ ကျောက်မျက်တူးဖော်ထုတ်လုပ်ရန် မြေမှန်မရှိခြင်းနှင့် အခြားအကြောင်းအမျိုးမျိုးဖော်ပြ၍ ကြိုတင်ပေးသွင်းထားသည့် အာမခံစပေါ်ငွေများနှင့် နိုင်ငံတော်သို့ပေးသွင်းပြီးသော အဆိုပြုငွေများကို ပြန်လည်ထုတ်ပေးရန်၊ လုပ်ကွက်နေရာပြောင်းလဲပေးရန် တင်ပြခြင်းများကို ခွင့်ပြုမည်မဟုတ်ပါ။ ၎င်းအပြင် အဆိုပြုလွှာများ တင်သွင်းရာတွင် လုပ်ငန်းမှတ်ပုံတင်ခြင်းမရှိသည့် အဆိုပြုလွှာများနှင့် ပြည့်ပြည့်စုံစုံဖော်ပြခြင်း မပြုသည့် အဆိုပြုလွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည် တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့်ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာများထုတ်ယူခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည်၂၀၀၄ခုနှစ် ဇန်နဝါရီလ ၁၂ရက်မှစ၍ အမှတ်(၆၆) ကမ္ဘာအေးစေတီလမ်း၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာများ ထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာ တင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ (မကလ-၂)နှင့် ပုံစံ (သမ-၁)တို့ တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ (မကလ-၅)နှင့် ပူးတွဲပုံစံ (ဖထ-၁)တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံ ရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ် နှစ်ထပ်တွင် အတွင်းအပြင်ချိပ်ထိုးပြီး ၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၁၂ရက်မှ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) အမှတ် (၆၆) ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၇။ အသေးစိတ်သိလိုသည်များကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) ရန်ကုန်မြို့တွင်လည်းကောင်း၊ မိုးကုတ်နှင့် လုံးခင်းတွင် အခြေပြုသည့် ကျောက်မျက်၊ ကျောက်စိမ်းတူးဖော်ရေးဌာနများ၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးနှင့် မိုင်းရှူး/လွိုင်ဆောင်ထောက်တွင် အခြေပြုသည့် ကျောက်မျက်ကျောက်စိမ်းစခန်းရုံးများတွင်လည်းကောင်း ဆက်သွယ်စုံစမ်း နိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊
စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ

ကျေးဇူးဆပ်ပါမည်

ကျွန်မ ဒေါ်တင်လှသိန်းသည် အစိမ်းရောင် ဖိုင်တွဲအတွင်း၌ မှတ်ပုံတင်နှင့် တကွ စာရွက်စာတမ်းများ ပါရှိသွားပါသဖြင့် လက်ဝယ်ရရှိပါက အောက်ပါလိပ်စာအတိုင်း ပြန်လည်ပေးပို့ပါ။ ကျေးဇူးဆပ်ပါမည်။

ဒေါ်တင်လှသိန်း
ဖုန်း-၂၈၅၉၇၄

ရောင်းချရန်ကြော်ငြာစာ
တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆
လားရှိုးခရိုင်တရားရုံး
၂၀၀၃ ခုနှစ် တရားမဇာရီမှု အမှတ် ၆

မန်နေဂျာ	နှင့်	၁။ ဦးစိန်ဝင်း
မြန်မာ့စီးပွားရေးဘဏ်		၂။ ဒေါ်တင်တင်ဝင်း
လားရှိုးမြို့		
တရားနိုင်		**တရားရှုံး**

လားရှိုးခရိုင်တရားရုံး တရားမကြီးမှုအမှတ် ၁၇/၂၀၀၁ အမှုတွင် ၁၄-၇-၂၀၀၃ ရက်က ချမှတ်သော အပေါင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင် ဖော်ပြထားသောပစ္စည်းကို ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက် (၁၃၆၅ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၁ ရက်) နံနက် ၁၀နာရီအချိန်တွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော် လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်ခုခု ပေါ်ပေါက်ပါက တရားရုံးမှ တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်သူအား လေလံဆွဲဝယ်ယူသူအဖြစ်သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိကထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချခြင်းကို ရောင်းချသူအရာရှိက ရွှေ့ဆိုင်း ဆောင်ရွက်ခွင့်ရှိသည်။
၅။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် တစ်ရာလျှင် နှစ်ဆယ်ငါးကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်တည်း နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။
၆။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသူအရာရှိက သတ်မှတ်ထားသည့် စပေါ်ကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရရှိမည်။
၇။ လေလံဆွဲဝယ်ရရှိသူသည် အဖိုးငွေ၏ ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ရက်မြောက်နေ့တွင် အပြေအကြေ ပေးသွင်းရမည်။ယင်းနေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် ပေးသွင်းရမည်။
၈။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးသွင်းရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၀၄ခုနှစ် ဇန်နဝါရီလ ၁ ရက်တွင် ဤရုံးတံဆိပ် ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

အေးသိန်း
ဒုတိယခရိုင်တရားသူကြီး
လားရှိုးခရိုင်တရားရုံး

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

လားရှိုးမြို့၊ ရပ်ကွက် ၉၊ ကြားဖြတ်လမ်း၊ နယ်မြေ ၁၁၊ အကွက်အမှတ် (၄/ရှမ်းခါးရိုး)၊ ဦးပိုင်အမှတ် ၂၅၇/၆၄၀၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၄၀ ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် တည်ဆောက်ထားသည့် သွပ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်း၊ တစ်ထပ်တိုက်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံး။

အထက်ပါပစ္စည်း၏ ကြမ်းခင်းဈေးတန်ဖိုးမှာ ကျပ် ၂၈ သိန်းဖြစ်ပါသည်။

(၁၂)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
ဗိုလ်မင်းဆွေ
ဗိုလ်သင်တန်းအမှတ်(၇၇)

သားကြီး မိသားစုနှင့် ခွဲခွာသွားခဲ့သည်မှာ ၁၄-၁-၂၀၀၄ ရက်တွင် (၁၂)နှစ် ပြည့်ခဲ့သော်လည်း တစ်နေ့မှမမေ့ရပါ။ လွမ်းဆွတ်သတိရဆဲပါ။ သားကြီးအား ရည်စူး၍ လစဉ်နှစ်စဉ် ပြုခဲ့သမျှ အလှူဒါနတို့အား အမျှပေးဝေပါတယ်။ သားကြီး မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။ သားကြီးအား အမျှ အမျှ အမျှ ပေးဝေပါသည်။

ဖေဖေ၊မေမေ
ညီလေး-မင်းစိုး၊ဇော်မင်းထွေး

လှိုက်လှဲဝမ်းမြောက်ဂုဏ်ပြုခြင်း

သီရိသုဓမ္မမဏိဇောတဓရ ဦးထွန်းထွန်း (ဥက္ကဋ္ဌ) သိရောမဏိ ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်အား ၂၀၀၄ခုနှစ် ဇန်နဝါရီ ၄ရက် (လွတ်လပ်ရေးနေ့)အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၄)ဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ချီးမြှင့်သည့် အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ် ချီးမြှင့်ခံခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် နိုင်ငံအကျိုး၊ လူမှုအကျိုးများ ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဒေါ်တင်မေ၊ ဦးလှအောင်၊ ဦးစိုင်းလှ၊
တူများ- ဦးနောင်နောင်၊ ဦးညီညီနောင်၊ မောင်ဝေဖြိုးနောင်၊ မောင်ပြည့်ဖြိုးနောင်

ကန်ထရိုက်တာ ဦးဝင်းဇော်နှင့်အများသိစေရန် သတိပေးတားမြစ်ခြင်း

ရန်ကုန်တိုင်း တာမွေမြို့နယ် ပျားရည်ကုန်းရပ်ကွက် ဗညားဒလလမ်း အမှတ် ၃၄၉-ဘီနေ ဒေါ်စန်းစန်းဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်း တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက် သီတာလမ်း အိမ်အမှတ်(၆၇)ဟုခေါ်တွင်သောနေရာ၌ တိုက်အသစ်ဆောက်လုပ်ရာတွင် ကျွန်ုပ်အမှုသည်က ကန်ထရိုက်တာ ဦးဝင်းဇော်ထံမှ တိုက်အသစ်၏ ခြေရင်းဘက်အခြမ်း အမှတ် (၆၇) ၄လွှာ တိုက်ခန်းကို တန်ဖိုးငွေ ၇၂၅၀၀၀၀ ဖြင့် အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီခဲ့ပါသည်။ ၁-၁၀-၂၀၀၂ရက်တွင် ကြိုပွိုင့်စရန်ငွေအဖြစ် ငွေကျပ် သိန်း ၂၀ ပေးပြီး အရောင်းအဝယ်စာချုပ် ချုပ်ဆိုဝယ်ယူခဲ့ပါသည်။ အဆိုပါစာချုပ်အရတိုက်ခန်းတန်ဖိုးငွေများကို မြေကြီးတူးသည့် နေ့မှစ၍ အလီလီ ထပ်မံ၍ ပေးအပ်ခဲ့ရာ ၁၄-၉-၂၀၀၃ ရက်အထိ ငွေပေါင်း ၇၁၅၀၀၀၀ (ကျပ်ခုနစ်ဆယ့်တစ်သိန်း ငါးသောင်းတိတိ)ကို ကန်ထရိုက်တာဦးဝင်းဇော်က လက်ခံရယူထားပြီး ဖြစ်ပါသည်။ ကျန်ငွေ ၁၀၀၀၀၀ (ကျပ်တစ်သိန်းတိတိ)ကို လူနေထိုင်ခွင့် (B.C.C)ရရှိသည့် နေ့တွင် ပေးချေကြရန်လည်း သဘောတူထားပြီး ဖြစ်ပါသည်။

ကျွန်ုပ်အမှုသည် ဝယ်ယူထားသော တိုက်ခန်းနှင့်ပတ်သက်၍ တစ်ဆင့်ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ တက်ရောက်နေထိုင်ခြင်းများ မပြုလုပ်ကြပါရန် နှင့် ကျွန်ုပ်အမှုသည်အား တစ်နည်းနည်းဖြင့်ထိခိုက်နစ်နာစေသည့် ပြုလုပ်မှုများကို မပြုလုပ်ကြရန် သတိပေးတားမြစ်အပ်ပါသည်။

အကယ်၍ လိုက်နာရန် ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူတော့မည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်သိန်း B.Sc., R.L.
တရားရုံးချုပ်ရှေ့နေ
အမှတ် ၁၇၊ ဗိုလ်စိန်မှန်လမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၃၈၁၇



အမည်ပြောင်း

ဦးသိန်းမြင့်၏ သမီး **မရွှေဇင်လတ်** ၁၂/တမန(နိုင်)၁၀၁၃၀၆ အား ယနေ့မှစ၍ မအေးညိမ်းသန့်ဟုခေါ်ပါရန်။

မအေးညိမ်းသန့်

ကျေးဇူးတင်ရှိခြင်း

၆-၁-၂၀၀၄ ရက်တွင် ကွယ်လွန်သွားခဲ့သော **ဦးသိန်းညိုလွင်** (၄၁)နှစ် အကောက်ခွန်မှူး၊ အကောက်ခွန်ဦးစီးဌာန၏ဈာပနအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီလိုက်ပါ ပို့ဆောင်ပေးခဲ့ကြသော အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်ဇနီး၊ ညွှန်ကြားရေးမှူးများ၊ အရာရှိအရာခံများ၊ စစ်ဘက်နယ်ဘက်မှ ဆွေမျိုးမိတ်သင်္ဂဟများ၊ တယ်လီဖုန်းဖြင့်သော် လည်းကောင်း၊ ကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ မေးမြန်းအားပေးနှစ်သိမ့်ခဲ့ကြသည့် မိတ်ဆွေများအားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် န/၈၇၀၃ မော်တော်ယာဉ်လက်ဝယ်ရှိသူမှာ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာ ပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ရန်ကုန်တိုင်း

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်အောင်မျိုးပိုင် ၁၂/သဃက (နိုင်) ၁၅၃၁၂၄ ကိုင်ဆောင်သော 4 Ticket BST-11593/01 သည် ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါ။

ဖုန်း-၅၇၃၀၁၅

ဝမ်းနည်းကြေကွဲခြင်း
ကိုစိုးနိုင်မန်း
အသက် (၃၄)နှစ်

ဗိုလ်မှူးဆန်လင်မန်း (အငြိမ်းစား/လေ)- ဒေါ်ခင်သန်းတို့၏ သားလတ် ကိုစိုးနိုင်မန်းသည် ၁၃-၁၂-၂၀၀၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါကြောင်း။

ဒေါ်သန်းသန်းမိသားစု(ရန်ကင်း)။

ကျေးဇူးတင်ရှိခြင်း
ဦးမြင့်ငွေ (မော်လမြိုင်)
လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)
တနင်္သာရီတိုင်း၊ ဘုတ်ပြင်းလမ်းစီမံကိန်း
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်ရှေ့ရပ်ကွက်၊ ၉၄ လမ်း၊ အမှတ် ၁၀၅ (ပ)လွှာ နေ ဒေါ်တင်တင်ရီ၏ ခင်ပွန်း၊ မောင်ဇော်လတ်ဦး၊ မသီဂီမြင့်ငွေ၊ မရတနာမြင့်ငွေ၊ မောင်ကျော်ထိုက်တို့၏ဖခင်၊ ဦးမြင့်ငွေ၏ ဈာပနကိစ္စတွင် လိုလေသေး မရှိအောင် မေတ္တာ ရှေ့ထား၍ ဝိုင်းဝန်း ကူညီပေးကြသော ပြည်သူ့ ဆောက်လုပ်ရေး လုပ်ငန်း (ရုံးချုပ်)မှ ဌာနဆိုင်ရာ အကြီးအကဲများအား လည်းကောင်း၊ တနင်္သာရီတိုင်း အင်ဂျင်နီယာမှူးကြီး၊ တနင်္သာရီ ဘုတ်ပြင်းလမ်းစီမံကိန်း ဒါရိုက်တာ (ဒု အင်ဂျင်နီယာမှူးကြီး) နှင့် ဇနီး တို့အား လည်းကောင်း၊ အင်ဂျင်နီယာမှူး မဏ္ဍိုင်အား လည်းကောင်း၊ အင်ဂျင်နီယာမှူး (ဘုတ်ပြင်း)နှင့် ဝန်ထမ်းများအား လည်းကောင်း၊ ဘုတ်ပြင်း-မဏ္ဍိုင်-လေညာ ဒေသရှိ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီမှ ပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မိတ်ဆွေသင်္ဂဟများအား လည်းကောင်း၊ မိသားစုနှင့် ထပ်တူ ထပ်မျှ ဝမ်းနည်းမှု ခံစားပေးကြသော ရပ်ဝေးရပ်နီးမှ သတင်းမေးကြသူများအား လည်းကောင်း၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူး တင်ထိုက်သူအားလုံးတို့အား ကျေးဇူး တင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

ဦးထင်ကြီး(တက္ကသိုလ်ထင်ကြီး)

ညွှန်ကြားရေးမှူး(အငြိမ်းစား)၊ စာပေဗိမာန်

မြန်မာစာအဖွဲ့ဝင်(အချိန်ပြည့်)

အသက်(၈၇)နှစ်

၁၁-၁-၂၀၀၄ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားသော ဦးထင်ကြီး (တက္ကသိုလ်ထင်ကြီး)၏ ဈာပနကိစ္စတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၊ Myanmar Perspectives၊ ပညာတန်ဆောင်အဖွဲ့၊ ရပ်ဝေးရပ်နီးမှ သတင်းမေးမြန်းအားပေးကြသူများ၊ ဈာပနသို့ လိုက်ပါပို့ဆောင်ကြသောသူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဦးထင်ကြီး(တက္ကသိုလ်ထင်ကြီး)

B.A(Ygn), M.A(Joumalism)(Minnesota, U.S.A)

ညွှန်ကြားရေးမှူး(အငြိမ်းစား)၊စာပေဗိမာန်

မြန်မာစာအဖွဲ့ဝင်(အချိန်ပြည့်)

အမျိုးသားစာပေဆုရှင်(၁၉၉၂)

တစ်သက်တာစာပေဆုရှင်(၁၉၉၆)

အရှေ့တောင်အာရှစာပေဆုရှင်(၂၀၀၁)

ဝိဇ္ဇာပညာထူးချွန်တံဆိပ်(ပထမဆင့်)(၂၀၀၃)

ဦးထင်ကြီး(တက္ကသိုလ်ထင်ကြီး)သည် ၁၁-၁-၂၀၀၄ရက် နံနက် ၇ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါ၍ ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပညာရေးဝန်ကြီးဌာန။

ဒေါ်မြငြိမ်း(ခ)ဒေါ်ငြိမ်း (သုံးခွမြို့)

အသက်(၇၀)

ရန်ကုန်တိုင်း၊သဃ်္ဃန်းကျွန်းမြို့နယ်၊ အေးရတနာလမ်း၊ အမှတ် ၄၉၇ နေ (ဦးရွှေအို-ဒေါ်နု)တို့၏သမီး၊ (ဦးသောင်း)၏ဇနီး၊ ဦးတင်ရွှေ၊ ဒေါ်ကြင်ရွှေ၊ ဗိုလ်မှူးကြီးအောင်ငွေ(ကာကွယ်ရေးဝန်ကြီးဌာန)၊ ဒေါ်လှလှကျင်၊ ဦးတင်ဝင်း (ညွှန်ကြားရေးမှူး၊ မွေး/ရေဝန်ကြီးဌာန)၊ ဒေါ်ခင်မြဝေ၊ ဦးကြည်ကို (သစ်တောဦးစီးဌာန)၊ (ဒေါ်အေးသန်း)၊ ဦးခင်မောင်ဝင်း၊ ဒေါ်မြင့်မြင့်အေး၊ ဦးတင်လတ် (C.E M.T.M. Co.,Ltd.)-ဒေါ်ရီရီဝင်း(ငြိမ်း၊ အမက-၁၉၊ ဒလ)၊ အရာခံဗိုလ်မြင့်အောင်၊ ဒေါ်ဝါဝါခိုင်၊ ကိုလှမျိုးမြင့် (A.E.O RAY Shipping Co.,Ltd.)၊ မသီတာမျိုးတို့၏မိခင်၊ မြေး ၂၀ ယောက်တို့၏ ဘွားဘွားကြီးသည် ၁၃-၁-၂၀၀၄ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၀၄ရက် (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါ နေအိမ်မှ ကားများ မွန်းလွဲ ၂:၃၀ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမြင့်လွင်

(ပန်းတနော်)

တပ်ကြပ်(ငြိမ်း)

အသက်(၇၅)နှစ်

ပန်းတနော်မြို့နယ်၊ ဂရက်ကျော်ရွာနေ (ဦးဘရင်-ဒေါ်ပြောင်း)တို့၏ သားကြီး၊ ရန်ကုန် မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂)ရပ်ကွက်၊ အမှတ်၁၄၈/၂၊ ဟသ်ာလမ်းနေ ဒေါ်ခင်သိန်း၏ ခင်ပွန်း၊ ဦးကျော်တင့်-ဒေါ်နွဲ့နွဲ့၊ ဦးမွေးတင်(နိုင်ငံခြားရေးဝန်ကြီးဌာန၊ ခေတ္တ-အင်္ဂလန်နိုင်ငံ)-ဒေါ်ကြူကြူ(အထက-၂၊ဒဂုံ) တို့၏ဖခင်၊ ဦးကံလွင် -ဒေါ်သီတာဦး(ပြန်/ ဆက်ဌာန)၊ ဒေါ်ဥမ္မာထွေး (ပြန်/ဆက်ဌာန)၊ မတင်နန္ဒာခိုင်၊ မရတနာတင်နှင့် မခိုင်စန္ဒာတင်တို့၏ အဘိုးသည် ၁၃-၁-၂၀၀၄ရက် (အင်္ဂါနေ့) နံနက်၈:၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၀၄ ရက် (ကြာသပတေးနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (တောင်ဥက္ကလာပ နေအိမ်မှ ကားများ မွန်းလွဲ ၂:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်မြငြိမ်း(ခ)ဒေါ်ငြိမ်း

(သုံးခွမြို့)

အသက်(၇၀)

ရန်ကုန်တိုင်း၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ အေးရတနာလမ်း၊ အမှတ် ၄၉၇ နေ (ဦးရွှေအို-ဒေါ်နု) တို့၏သမီး၊ (ဦးသောင်း) ၏ဇနီး၊ (ဦး လှသောင်း)-ဒေါ်လှရွှေတို့၏ညီမ၊ ဦးကျော်ချွန် (ငြိမ်း၊ လ/ထ ညွှန်မှူး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန)၊ ဒေါ်တင်မြ(ခ)ဒေါ်ညို (ဦးစိန် ရ)၊ ဒေါ်ခင်ဝင်းနွဲ့တို့၏အစ်မ၊ မနွဲ့ရီ၊ မောင်စိန်မြင့်၊ မောင်သန်းမြင့်၊ မမြင့်မြင့်ရီ၊ မကြည်ကြည်ဝင်း၊ မတင်တင်အေး၊ မောင်သက်တင်၊ မောင်လှမြင့်၊ မောင်ရဲဝင်းနိုင်၊ မရွှေဇင်မြတ်၊ မဇင်ဇင်မြတ်တို့၏ ကြီးကြီးသည် ၁၃-၁-၂၀၀၄ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၀၄ရက်(စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(အထက်ပါ နေအိမ်မှ ကားများ မွန်းလွဲ ၂:၃၀ နာရီ တွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

အမည်ပြောင်း

ဦးကျော်ရှင်း၏သား အထက(၃) ဗိုလ်တထောင်၊ စတုတ္ထတန်း(B)မှ မောင်နေလင်းနိုင်(ခ)မောင်နေလင်းအား ယနေ့မှစ၍ မောင်ဟိန်းမင်းအောင် ဟု ပြောင်းလဲခေါ်ပါရန်။

ဟိန်းမင်းအောင်

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း

ဒေါ်ကြူကြူဝင်း (ခ)

Hazara Gafoor

အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဦးဂဖူး လမ်း၊ ခြံအမှတ်၅နေ (ဦးဂဖူး-ဒေါ်သိန်းဟန်) တို့၏သမီး၊ (ဦးတင်ရွှေ)-ဒေါ်ခင်ဦးမြင့်၊ (ဒေါ်ခင်ခင်ဝင်း)၊ ဒေါ်ကြည်ကြည်ဝင်းတို့၏ညီမ၊ (ဦးမင်းအောင်)-ဒေါ်ခင်ရီတို့၏အစ်မ၊ ဦးမောင်မောင်၊ ဒေါ်တင်ဦးခိုင်-ဦးမောင်မောင်၊ ဦးရဲမင်း၊ ဒေါ်လှမိုးသူ-ဦးမောင်မောင်ထွေး၊ ဒေါ်ခင်ဆွေနှင်း-ဦးဇော်လင်းထွန်း၊ ဦးဟန်ထွန်းအောင်၊ ဒေါ်သင်းသင်းထွေး-ဦးကက်နက်တို့၏အဒေါ်၊ မြေးကိုးယောက်တို့၏အဘွားသည် ၁၃-၁- ၂၀၀၄ရက်တွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ဇဟိုရ်နမားဇ်အပြီးတွင် ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ် ဒါယိကာမကြီး

ဒေါ်ညွန့်ညွန့်စိန်(မော်ကျွန်း)

(အောင်ရွှေထီး)

အသက်(၆၃)နှစ်

(ဦးသိန်းမောင်-ဒေါ်သိန်း) တို့၏သမီး၊ (ဦးကောက်ဆိုင်-ဒေါ်ကျင်ဟန်) တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ် ၆၂၊ စတုတ္ထထပ်(ဝဲ)၊ ၁၉လမ်းနေ ဦးသိန်းလွင်(ခ) ဦးဟန်ချိတ်၏ဇနီး၊ ကိုလွင်ဦး-မမိုးစန္ဒာတို့၏ မိခင်သည် ၁၂-၁-၂၀၀၄ ရက် (တနင်္လာနေ့) နံနက် ၅:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း

အာလဟာဂျီအင်ဘရာဟင်

မောင်မောင် (မောင်တော)

B.Sc˚(Botany)

အသက်(၅၉)နှစ်

ရခိုင်ပြည်နယ်၊မောင်တောမြို့နယ်နေ (ဦးအဒူအာလီ - ဒေါ်ဘော်ဒူ)တို့၏ သားထွေး၊ ဟာဂျီဦးစံဖေ(လ/ထညွှန်မှူး၊ လဝက၊ငြိမ်း)-ဟာဂျီဒေါ်ခင်နု၊ ဒေါ်ဝါဇီဖာ၊ (ဦးကျော်စိန် စခန်းမှူး၊ ပ/ရ)၊ (ဒေါ်လတီဖာ)၊ ဟာဂျီဦးလှဖေ(ရဲအုပ်၊ သတင်းတပ်ဖွဲ့၊ငြိမ်း)-ဒေါ်အေးစိန်တို့၏ မောင်/ညီငယ်၊ တူတူမ၃၀ယောက်တို့၏ ဦးလေးသည် ၉-၁-၂၀၀၄ ရက် (သောကြာနေ့)တွင် အလ္လာရှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့တွင် ဒါဖနာပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊တန်ဆောင်းဒါယိကာမကြီး

မဟာစည်သာသနာ့ရိပ်သာ ဟိတေသီအဖွဲ့ဝင်

ဒေါ်စိန်မှျင် (တောင်ကုတ်)

အသက်(၉၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ အမှတ် ၁၆၀-၁၆၄၊ သုံးလွှာ(ယာ)နေ (ဦးသာဦး-ဒေါ်ဝင်းသာခိုင်)တို့၏သမီး၊ (ဦးစံလုံး)၏ဇနီး၊ (ဦးစံသိန်း)-ဒေါ်မြသွယ်၊ ဦးစံတင် (ရွှေပန်းထိမ်ဆရာကြီး၊ တောင်ကုတ်မြို့နယ်ရာသက်ပန်အသင်းဝင်)-(ဒေါ်ခင်သန်းရွှေ)တို့၏မိခင်၊ ကိုသိန်းဇော်-မတင်မိုးကြွယ်၊ကိုမင်းဇော်ဦး-မယုယုစံတို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၁၂-၁-၂၀၀၄ ရက် (တနင်္လာနေ့) ညနေ ၃:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၀၄ ရက် ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါ နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးမြသိမ်း (B.A, B.Ed)

(မြို့နယ်ပညာရေးမှူး၊ ငြိမ်း)

အသက်(၇၈)နှစ်

ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂) ရပ်ကွက်၊ တိုက် ၂၅၆၊ အခန်း ၁၆ နေ (ဦး သာဒွန်း-ဒေါ်ဖွားစိန်)တို့၏သား၊ (ဦးသူငယ်- ဒေါ်ထင်) တို့၏သားသမက်၊ ဦးသိန်းမောင် (ကြည့်/ညချေ)-ဒေါ်အမာ၊ (ဦးကျင်မောင်-ဒေါ်နုနု)၊ ဒေါ်မြင့်ကြည်တို့၏မောင်၊ ဦးမြင့် ဆွေ-ဒေါ်မြင့်မြင့်အေးတို့၏အစ်ကို၊ ဒေါ်တင်တင်ဦး(တိမ္မွေး/ကု ငြိမ်း)၏ခင်ပွန်း၊ တူ၊ တူမ ၁၃ ယောက်တို့၏ဦးလေး၊ မြေး ၁၈ ယောက်တို့၏အဘိုးသည် ၁၂-၁-၂၀၀၄ရက် ညနေ ၆:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၀၄ရက် ညနေ ၄:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ဇရပ်ဒါယိကာမကြီး

ဒေါ်ဟန်စု (မြိတ်)

အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ပါရမီရိပ်သာ၊ မဥ္ဇူလမ်း၊ အမှတ်၆နေ(ဦးထူးရွှေ-ဒေါ်ထင်)တို့၏သမီး၊ (ဗိုလ်မှူးထွန်းရှိန်၊ငြိမ်း)၏ဇနီး၊ ဗိုလ်မှူးအုန်းစိန်(ငြိမ်း)- ဒေါ်လှလှသိန်းတို့၏ညီမ၊ ဦးတင်ထွန်း-ဒေါ်ရင်မြင့်၊ ဦးအောင်သွင်-ဒေါ်မိမိကြည်၊ (ဦးမြင့်သန်း)-ဒေါ်ခင်မာဆွေတို့၏အစ်မ၊ ဦးလှမြင့်ဆွေ-ဒေါ်ဆွေဆွေရှိန်၊ ဦးဝင်းရှိန်-ဒေါ်ခင်စန်းမြင့်၊ ဦးရဲဝင်း-ဒေါ်ချိုချိုရှိန်၊ ဒေါက်တာမောင်မောင်-ဒေါက်တာသူဇာရှိန် တို့၏မိခင်၊ ဒေါက်တာအေးဇော်သန်း-ဒေါက်တာမြကြာဖြူ၊ ကိုသက်လင်းထွန်း-ဒေါက်တာခိုင်နွယ်တင်၊ မခင်စန္ဒီ၊ မခင်ချစ် ပွင့်ဖြူ၊ မောင်ထင်လင်း၊ မဝင်းလဲ့ဖြူတို့၏ အဘွားသည် ၁၃-၁-၂၀၀၄ရက်တွင်ကွယ်လွန်ပါ၍ ၁၅-၁-၂၀၀၄ရက် (ကြာသပတေးနေ့)နံနက်၉နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးထွန်းလှိုင်(၅)

(လက်ပံတန်း)

အကြီးတန်းအကောက်ခွန်မှူး(ငြိမ်း)

အသက်(၇၆)နှစ်

လက်ပံတန်းမြို့နေ (ဦးခိုင်-ဒေါ်ဖွားသင်) တို့၏သား၊ ရန်ကုန်မြို့၊ အမှတ်၃၆၊ ၄၃ လမ်းနေ (ဒေါ်သန်းသန်းနွဲ့)၏ ခင်ပွန်း၊ ဦးသန့်ဇင်(၃)ဒုလ/ထ အကခမှူး-ဒေါ်မီးမီး၊ ဦးမင်းသိန်း-ဒေါ်ဝါဝါတင်(Australia-Perth)၊ ဦးလှသိန်း-ဒေါ်ဥမ္မာ၊ (မမို့မို့လှိုင်)၊ ဒေါ်စိုးစိုးလှိုင်၊ ဦးတိုးမောင်-ဒေါ်တင်လှတို့၏ဖခင်၊ မြေးရစ်ယောက်တို့၏ အဘိုးသည် ၁၃-၁-၂၀၀၄ ရက် (အင်္ဂါနေ့) နံနက် ၁၀:၂၅နာရီတွင် Sakuraဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ၁၂:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမြင့်ဆွေ (မော်လမြိုင်)

A.G.T.I

လ/ထ အင်ဂျင်နီယာ(မြို့ပြ)

ဆောက်လုပ်ရေး

အသက်(၅၆)နှစ်

မော်လမြိုင်မြို့နေ (ဦးပန်းအင်-ဒေါ်ခင်မြိုင်) တို့၏သား၊ မော်လမြိုင်မြို့နေ (ဦးလှအောင်-ဒေါ်ညိုအြိ)တို့၏ သားသမက်၊ (ဦးမြင့်ဆွေ)- ဒေါ်မြင့်မြင့်အေးတို့၏ညီ၊ ဦးအောင်မြင့်-ဒေါ်ခင်ခင်လှိုင်၊ ဦးလှကြည်-(ဒေါ်ကြည်ကြည်အေး)၊ ဦးအောင်စိုးတို့၏အစ်ကို၊ အမှတ် ၁၀၅၊ ၉၄ လမ်း၊ ကန်တော်လေးနေ ဒေါ်တင်တင်ရီ၏ခင်ပွန်း၊ တူတူမ ၁၂ ယောက်တို့၏ဘကြီး၊ ဦးကြီးသည် ၂၉-၁၂-၂၀၀၃ ရက်(တနင်္လာနေ့) နံနက် ၁၂:၃၀ နာရီတွင် တနင်္သာရီတိုင်း၊ ပြည်ကြီးမဏ္ဍိုင်မြို့တွင် ကွယ်လွန်သွားပါသဖြင့် ၂-၁-၂၀၀၄ ရက်(သောကြာနေ့) ပြည်ကြီးမဏ္ဍိုင်မြို့၊ ဘုတ်ပြင်းမြို့နယ်တွင် ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးစိုးညွန့်(ခ)ဦးမောင်မောင်

C.D.C-၁၁၂၉၃

အသက်(၅၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြောင်းမြလမ်းနေ(ဦးညွန့်လှ-ဒေါ်တင်တင်မြင့်)တို့၏သား ဦးစိုးညွန့် (ခ) ဦးမောင်မောင် (Lasco shipping Co.,Ltd.) သည် ၁၁-၁-၂၀၀၄ ရက် နံနက် ၁ နာရီတွင် အလ္လာရှင်မြတ်၏ အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ နံနက် ၁၁:၃၀ နာရီတွင် ရေဝေးမွတ်စလင်မ် ကဗရ်စတာန်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမောင်နှမများ။

ဘုရား၊ရဟန်း၊ကျောင်း၊မြေ ဒါယိကာမကြီး

ဒေါ်ခင်မေ (သဃ်္ဃန်းကျွန်း)

အသက်(၇၁)နှစ်

ရန်ကုန်တိုင်း၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ အမှတ်၂၇၊ အောင်ချမ်းသာလမ်းနေ (ဒေါက်တာဦးစံသိန်း-ဒေါ်နွဲ့)တို့၏သမီး၊ (ခရိုင်ရဲဝန် ဦးမောင်မောင်ကြီး-ဒေါ်တင်တင်)တို့၏ သမီးချွေးမ၊ [ဦးအောင်ကြည် တပ်မတော်(ငြိမ်း)]၏ဇနီး၊ (ဒေါ်ငွေငွေအောင်)၊ ဦးတင်အောင်(ဟိုတယ်နှင့်ခရီး)- ရဲအုပ် ဒေါ်ခင်အုန်းမြင့်(အရှေ့ပိုင်းခရိုင်ရုံး)၊ (ဦးတိုးအောင် အကောက်ခွန်)-ဒေါ်ခင်ငွေးမြင့်၊ ဒေါ်ထူးထူးအောင် (ကုန်တိုက်-၁၊ ပြည်ထဲရေးတွဲဖက်)၊ ဒေါ်သန်းသန်းအောင် (သိပ္ပံ/နည်းပညာဝန်ကြီးရုံး)၊ ဒေါ်ချိုချိုအောင် (Lion Master Co., Ltd.)၊ဦးအောင်ခင်တို့၏မိခင်၊ဟိန်းသီဟအောင် (မြနှင့်စိန်စားသောက်ဆိုင်) နှင့် မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၁၁-၁-၂၀၀၄ ရက် (တနင်္ဂနွေနေ့) နံနက် ၄:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၀၄ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမိုး

ရေကျော်မက်သဒစ်

ကျောင်းသားဟောင်း

ယခင်ဆင်ဖြူဆင်မဲရှစ်မိုင်

မော်တော်ယာဉ်ဥက္ကဋ္ဌ

အသက်(၈၅)နှစ်

ဒါးပိန်မြို့နေ(ဦးဘချစ်-ဒေါ်နှင်းအိ) တို့၏သားထွေး၊ တောင်ဥက္ကလာပနေ ဒေါ်တင်၊ မြောက်ဥက္ကလာပနေ ဒေါ်တင်တို့၏တူ၊ မြောက်ဥက္ကလာပမြို့နယ်၊ ဥက္ကလာသီရိလမ်း၊ (ဃ) ရပ်ကွက်၊ အဝိုင်းကြီး အမှတ်၁၁နေ ဒေါ်ခင်ခင်မေ (ဒါးပိန်)၏ခင်ပွန်း၊ ဦးတင်လှ (ရဲအရာရှိငြိမ်း)-ဒေါ်သီသီနွယ်တို့၏ဖခင်၊ ဦးအေးလွင် (ဒါရိုက်တာ၊မြန်မာဂရင်းတက်)-ဒေါ်ယုလွင်အေး (ဒါရိုက်တာ၊ မြန်မာဂရင်းတက်)၊ ကိုမျိုးဝေဇင်၊ ကိုကျော်ခိုင်ထွန်း (ပနှစ်၊ရက္ခ)၊ ကိုကျော်ဇေလင်း(နောက်ဆုံးနှစ်၊ES)၊ ကိုကျော်သီဟ(တနှစ်၊ ဥပဒေ)တို့၏အဘိုး၊ သူလျှံထက် (KG-J၊ILBC) ၏ ဘိုးဘိုးကြီးသည် ၁၃-၁-၂၀၀၄ရက်တွင် ကွယ်လွန်ပါသဖြင့် ၁၅-၁-၂၀၀၄ရက် မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ဒါယိကာမကြီး

ဒေါ်တင်ညွန့် (မိုးနိုင်ကြီး)

အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး (ခ)ရပ်ကွက်၊ အမှတ်၄၂၊ ၁၆၄ လမ်းနေ (ဦးဖိုးချိတ်-ဒေါ်ကျော့)တို့၏သမီး၊ (ဦးဖိုးငြိမ်း-ဒေါ်မိန်) တို့၏ ချွေးမ၊ (ဦးသိန်းမြ)၏ဇနီး၊ (ဦးစိန်ဝင်း)-ဒေါ်ခင်စိန်၊ (ဦးမြင့်သန်း)-ဒေါ်သိန်းတင်၊ (ဦးလှသောင်း-ဒေါ်မြညွန့်)တို့၏ မိခင်၊ မြေး ၁၉ ယောက်၊ မြစ် ၁၆ ယောက်တို့၏ အဘွားသည် ၁၂-၁-၂၀၀၄ ရက်(တနင်္လာနေ့) နံနက် ၅:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃:၃၀ နာရီတွင် ရေဝေးသုသာန်တွင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်သက်နှင်း

(လောင်းလုံးမြို့) (ထားဝယ်)

အသက်(၈၄)နှစ်

တနင်္သာရီတိုင်း၊ လောင်းလုံးမြို့၊ (ခ)ရပ်ကွက်၊ ကုသိုလ်တော်လမ်းနေ (ဦးဘအင်-ဒေါ်အေးဖြူ)တို့၏သမီး၊ (ဦးကံညွန့်)၏ဇနီး၊ ဦးနေဝင်း-ဒေါ်ကျင်သိန်းထွန်း၊ ဦးဘိုသိန်း-ဒေါ်ခင်ဆွေသန်း၊ ဦးစိုးမင်း-ဒေါ်ခင်မာလာသိန်း၊ မခင်မာရီတို့၏မိခင်သည် ၁၃-၁-၂၀၀၄ ရက်(တနင်္လာနေ့) နံနက် ၈:၄၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးကြင်ဦး(ခ)ဦးတင်စိုး

(ထီးလင်းမြို့)

(R.O, Wallen Shipping)

အသက်(၇၁)နှစ်

ဂန့်ဂေါမြို့နေ(ဦးပု-ဒေါ်ငွေသိန်း) တို့၏သား၊ (ဦးကျော်ဒင်-ဒေါ်သာငွေ) တို့၏သားသမက်၊ ရန်ကုန်မြို့၊ အိမ်အမှတ် ၁၃၈၊ ၄၂ လမ်းနေ ဒေါ်အုန်းကြော့၏ခင်ပွန်း၊ ဦးတင်မိုး (ညွှန်ကြားရေးမှူး-ငြိမ်း၊ ရေနံဓာတု)-ဒေါ်ရင်မြ (စာပေဌာနမှူး၊ ရန်ကင်းပညာရေးကောလိပ်)၊ ဦးထင်မျိုး (ဒု-ညွှန်ချုပ်၊ သာသနာရေးဦးစီးဌာန)-ဒေါ်သင်းသင်းလှိုင်၊ (ဦးဘိုလေး သမဝါယမ၊ဂန့်ဂေါ)-ဒေါ်အေးမုန်၊ ဦးဘိုထွေး (စေတနာ အလွတ်ပညာသင်ကျောင်း၊ ဂန့်ဂေါမြို့)- ဒေါ်ခင်အေးကြူတို့၏အစ်ကိုကြီးသည် ၁၃-၁-၂၀၀၄ရက် နံနက် ၁၁:၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅-၁-၂၀၀၄ ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ၁:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒုအရာခံဗိုလ်စိုးဝင်း

A.G.T.I (Civil)

(မန္တလေးမြို့)

အသက်(၃၇)နှစ်

ကျောက်ဆည်မြို့နေ (ဦးဘသော်)-ဒေါ်ရွှန်းတို့၏သား၊ ဦးဘိုးရှန်း-(ဒေါ်တင်အုန်း)တို့၏ သားသမက်၊ (ဦးအောင်သိန်း)-ဒေါ်ခင်သီ၊ ဦးလှမြိုင်-ဒေါ်ခင်ယုတို့၏မောင်၊ (ဦးစံအုန်း)-ဒေါ်ခင်မြင့်၊ ဦးထွန်းရီ-ဒေါ်ကြည်စိန်၊ ဦးသိန်းငွေ-ဒေါ်ခင်ဦးတို့၏အစ်ကို၊ ဒေါ်သန်းသန်းဆင့်၏ခင်ပွန်း၊ မမိုးမိုးနိုင်၊ မောင်အောင်မျိုးသူ၊ မောင်စိုးဝဏ္ဏဖြိုးတို့၏ဖခင်သည် ၁၂-၁-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၄-၁-၂၀၀၄ရက် မွန်းလွဲ ၂:၃၀နာရီတွင် မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီးမှ ကြာနီကန်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

ပုသိမ်မြို့၊ ရွှေဝတ်မှုံ ၂လမ်း၊ အမှတ် ၃၃ နေ ဗိုလ်မှူးသူရမြင့်လွင် (ငြိမ်း) အထွေထွေမန်နေဂျာ (ငြိမ်း)၏ ဈာပနကိစ္စအဝဝတွင် လိုလေသေးမရှိအောင် လိုက်ပါကူညီ ဆောင်ရွက်ပေးသူများ၊ ရပ်ဝေးရပ်နီးမှ တယ်လီဖုန်းဖြင့် သတင်းမေးမြန်း အားပေးစကား ပြောကြားခဲ့ကြသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်း၊ ဝန်ထမ်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ အားလုံးနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၆-၁-၂၀၀၄ ရက် (သောကြာနေ့) နံနက် ၇ နာရီတွင် ပုသိမ်မြို့၊ ရွှေဝတ်မှုံ၂ လမ်း၊ အမှတ် ၃၃ နေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ဝိသုဒ္ဓါစာရ (စစ်ကွင်း)

သက်တော်(၄၆)နှစ်၊သိက္ခာတော်(၂၆)ဝါ

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ဥယျာဉ်တိုက် ရေကင်းကျောင်းဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓါစာရသည် ၁၃၆၅ခုနှစ် ပြာသိုလပြည့်ကျော် ၆ ရက် (တနင်္လာနေ့) ညနေ၆နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပါသဖြင့် ကြွင်းကျန်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃-၁-၂၀၀၄ရက်(အင်္ဂါနေ့)တွင် ထိန်ပင်သုသာန်သို့ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးရှိ တပည့်ဒါယကာဒါယိကာမများအား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်ဒါယကာဒါယိကာမများ။

ဦးမောင်ငြိမ်း

အသက်(၈၈)နှစ်

ရန်ကုန်တိုင်း၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ ကျိုက္ကဆံဘုရားလမ်း၊ အမှတ် ၄၀၄ နေ(ဦးထွန်းလှိုင်-ဒေါ်အေးရင်)တို့၏သား၊ (ဦးထွန်းလှ-ဒေါ်နှင်းနွယ်)တို့၏ သားသမက်၊ ဦးတိုးအောင်-(ဒေါ်မြသွယ်)တို့၏ညီမောင်၊ ဦးဘသောင်း-(ဒေါ်ခင်ကြည်)၊ (ဦးသောင်း)-ဒေါ်သိန်း၊ ဦးညွန့်တင်-(ဒေါ်မြကြူ)၊ ဦးကံစိန်-ဒေါ်စန်း၊ ဦးခင်မောင်မြင့်-(ဒေါ်ဝင်းကြည်)၊ ဦးချစ်လှိုင်-ဒေါ်စိန်အေး၊ ဦးရင်မောင်-(ဒေါ်သန်းကြည်)၊ (ဦးမောင်သင်)-ဒေါ်သန်းရီတို့၏ အစ်ကိုကြီး၊ ဦးတင်ဝင်း (ထ/ပြ၊အထက-၄၊ သဃ်္ဃန်းကျွန်း)-(ဒေါ်မြဆွေ)၊ဦးငွေနိုင် (စက်မှု-၁၊ စက်ဘီး)-ဒေါ်အေးသိန်း (လ/ပြ၊ အမက-၃၂၊ သဃ်္ဃန်းကျွန်း) တို့၏ဖခင်၊ မောင်လှိုင်မင်း၊ မောင်သက်ဇင်တို့၏အဘိုး၊ ဒေါ်ရွှေဥ၏ ခင်ပွန်းသည် ၁၂-၁-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၀၄ ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၁၀:၁၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်သိန်းတင် (မြောင်းမြ)

အသက်(၈၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ (၂၄) ရပ်ကွက်၊ သီဂီလမ်း၊ အမှတ် ၈၀ နေ (ဦးဘိုးမြင့်-ဒေါ်ဒေါ်မိ) တို့၏သမီးကြီး၊ (ဦးလှထွန်း)၏ဇနီး၊ (ဦးမြင့်သိန်း)-ဒေါ်တူးမာ၊ ဦးမြင့်ဆန်းဦး (တိ/ကု ဌာန၊ မြို့တော်စည်ပင်)-ဒေါ်သီတာအေး (အထက-၅၊ ဗိုလ်တထောင်) တို့၏မိခင်၊ ဦးခင်မောင်လွင်-ဒေါ်မာလာမြင့်၊ ဒေါ်သင်းဆုအောင်၊ ဦးဝေဖြိုးဆွေ-ဒေါ်အိအိခင်၊ မောင်ပြည့်ဖြိုးဆွေ(အထက-၅၊ ဗိုလ်တထောင်၊VIII-A)၊ မဟန်နီစိုးတို့၏ အဘွား၊ မသီရိဖြိုး၊ မခင်ကြည်ဖြူလွင်၊ မခင်သန္တာလွင် တို့၏ဘွားဘွားကြီးသည် ၁၂-၁-၂၀၀၄ ရက်(တနင်္လာနေ့) ညနေ ၆ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၄-၁-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ် ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းမယ်တော်ကြီး

ဒေါ်သောင်းကျင်

(မုဒုံ)

အသက်(၇၉)နှစ်

မုဒုံမြို့နေ(ဦးချစ်ထွန်း-ဒေါ်လှမြိုင်) တို့၏သမီး၊ တောင်ဥက္ကလာပ၊ (၁၂) ရပ်ကွက်၊ ၁၄ လမ်း၊ အမှတ်၃၈၈/B နေ (ဦးချစ်သင်၊ ထောင်မှူး)၏ဇနီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၅၆)ရပ်ကွက်၊ ဓမ္မစက္ကျကျောင်းဆရာတော် ဦးအဂ္ဂသာရ၏ရဟန်းမယ်တော်ကြီး၊ ဒေါ်ရီရီ ညွန့် (အလက-၈၊တ/ဥက္ကလာပ)၊ ဦးစောဖရန့်စစ်-ဒေါ်ခင်ဆွေဝင်း၊ ဗိုလ်မှူးဝင်းနွယ် (အတွင်းရေးမှူး၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)-ဒေါ်တင်တင်လေး(အထက-၄၊မ/ဥက္ကလာပ)၊ ဦးသိန်းဦး-ရဲအုပ်ဒေါ်ခင်သက်ကြည် (CID)၊ ဒေါ်ခင်မေအေး (အလက-၁၊ သာကေတ)၊ ဒေါ်ခင်လေးနွယ်(သရုပ်ပြ၊ သတ္တဗေဒဌာန၊ ဒဂုံတက္ကသိုလ်)တို့၏ မိခင်ကြီး၊ မြေး၁၀ယောက်တို့၏အဘွားသည် ၁၃-၁-၂၀၀၄ရက် ၉:၄၅နာရီတွင် ရွှေဂုံတိုင်အထူးကု ဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၀၄ ရက် မွန်းတည့်၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှ ကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရားဒါယကာကြီး

ဆရာကြီးဦးဘနွယ်

(ကန့်ဘလူမြို့)

အသက်(၉၈)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရိပ်သာလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အမှတ် ၁၁၀ (က)နေ ဒေါ်အုန်းရွှေ၏ ခင်ပွန်း၊ ပါမောက္ခ ဒေါက်တာ ဒေါ်သောင်းခင်၊ ဦးတင်မောင်မြင့်၊ ဆရာမဒေါ်ခင်ထွေးမြင့်-ဆရာကြီး ဦးဇော်လင်းထင်(အလက-၅၊အင်းစိန်)၊ ဒေါက်တာဒေါ်ချိုချိုမြင့် (ဒုတိယပါမောက္ခချုပ်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်)တို့၏ဖခင်၊ ဦးသောင်းမြင့်ထင် (လ/ထအင်ဂျင်နီယာ၊ မိုက္ကရိုဝေ့ဗ်ဌာန၊ ဆက်သွယ်ရေး)-ဒေါ်နေဝင်းမင်းသက်၊ ဦးညီညီထင်-ဒေါ်မျိုးသူဇာတို့၏ အဘိုး၊ မောင်လင်းသန့်၊ မောင်ကောင်းကောင်းတို့၏ဘိုးဘိုးကြီးသည်၁၃-၁-၂၀၀၄ ရက်(အင်္ဂါနေ့)ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁- ၂၀၀၄ ရက်(ကြာသပတေးနေ့)ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကြင်ဦး(ခ)ဦးတင်စိုး

(ထီးလင်းမြို့)

(R.O, Wallen Shipping)

အသက်(၇၁)နှစ်

ဂန့်ဂေါမြို့နေ (ဦးပု-ဒေါ်ငွေသိန်း) တို့၏သား၊ (ဦးကျော်ဒင်-ဒေါ်သာငွေ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အိမ်အမှတ် ၁၃၈၊ ၄၂ လမ်းနေ ဒေါ်အုန်းကြော့၏ခင်ပွန်း၊ ကိုကြင်စိုးဦး၊ ကိုသက်ခိုင်ဦး(QSL)-ဒေါက်တာအေးသူအောင် (ကောလင်း)၊ မဝေဝေဦး (ဝါဝါဝင်း ဆောက်လုပ်ရေး)-ကိုကျော်ဇင်သန့် (HUB Shipping)၊ မနွယ်နွယ်ဦး၊ မောင်နိုင်ဝင်းဦးတို့၏ဖခင်သည် ၁၃-၁-၂၀၀၄ ရက် နံနက် ၁၁:၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅-၁-၂၀၀၄ ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးဆန်နီ(ခ)ဦးကျော်ဝင်း

အသက်(၄၅)နှစ်

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီ ၂၂လမ်း၊ အမှတ် ၂၉၁/က နေ (ဦးမောင်ကျော်)-ဒေါ်အုန်းခင်တို့၏သား၊ ဦးသန်းဦး-ဒေါ်ခင်မေဝင်း၊ ဦးရွှေဝင်းတို့၏အစ်ကို၊ မျိုးသူရဦး၊ မေသဥ္စာဦးတို့၏ ဦးလေးသည် ၁၂-၁-၂၀၀၄ ရက် (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် စံပြဆေးရုံ အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်)။

ကျန်ရစ်သူမိသားစု။

ယာယီတပ်ခွဲမှူး(ဗိုလ်မှူး)

ဗိုလ်ကြီးစိုးကျော်အောင်

တေဇ(၂၁)

အသက်(၃၁)နှစ်

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၆)ရပ်ကွက်၊ ဗိုလ်ချိုလမ်း၊ အိမ်အမှတ် ၇၈၂နေ (ဦးသောင်းညွန့်)-ဒေါ်အေးအေးသန်း (လ/ထစက်ရုံမှူး၊ ဂုန်နီစက်ရုံ၊ အုတ်ကျင်း)တို့၏သား၊ ဒေါက်တာကျော်သိန်း-ဒေါ်နီနီအေးတို့၏သားသမက်၊ ဒေါ်ထားမူမူကျော်၏ ခင်ပွန်း၊ မောင်မင်းခန့်ကျော်၏ ဖခင်၊ ဦးမင်းလွင်-ဒေါ်သက်နှင်းအေးတို့၏ မောင်၊ မောင်မျိုးမင်းသိမ်း၊ မအေးသက်သက်ထွန်းတို့၏အစ်ကို၊ မောင်အောင်ခန့်ဇင်၏ဦးလေးသည် ၁၃-၁- ၂၀၀၄ ရက်(အင်္ဂါနေ့)နံနက်၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၀၄ရက် (ကြာသပတေးနေ့)တွင် မကွေးမြို့၌ သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် သမဝါယမထုတ်ကုန်ပြပွဲနှင့်အရောင်းပွဲတော် ၂၀၀၄ ဖွင့်ပွဲတက်ရောက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များ သမဝါယမထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော် ၂၀၀၄ ဖွင့်ပွဲအခမ်းအနားတွင် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဇန်နဝါရီ ၁၁ရက်က တနင်္သာရီတိုင်း လောင်းလုံးမြို့နယ်ရှိ မောင်းမကန် ကမ်းခြေဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းများကို ကြည့်ရှုစဉ်။ (သတင်း–ရှေ့ဖုံး)(သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၁၃

သမဝါယမအသင်းများပူးပေါင်းဆောင်ရွက်ခြင်း(Co-operation Among Co-operatives)နည်းအရကုန်စည်ဈေးကွက်ဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်တွင်းထုတ်ကုန်ပစ္စည်းများ ပြည်တွင်း ဈေးကွက်ရရှိပြီး သွင်းကုန်အစားထိုးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်ပပို့ကုန် ပစ္စည်းများ၊ အမယ်သစ်(အမည်သစ်)ကုန်ပစ္စည်းများထုတ်လုပ်ပြီး ပြည်ပဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်စေရန်ဟူသော ရည်ရွယ်ချက်များဖြင့် ခင်းကျင်းပြသသည့် “သမဝါယမထုတ်ကုန်ပြပွဲနှင့်အရောင်းပွဲတော် ၂၀၀၄” ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းထောင့်ရှိ သမဝါယမကူးသန်းရောင်းဝယ်ရေးဗဟိုဌာန(ဆရာစံပလာဇာ)၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ “သမဝါယမထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်၂၀၀၄”ဖွင့်ပွဲဆိုင်းဘုတ် ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

တက်ရောက်

အခမ်းအနားသို့ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရ အဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်မြို့ရှိနိုင်ငံခြားသံရုံးများမှသံတမန်များနှင့် စီးပွားရေးသံမှူးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ “သမဝါယမထုတ်ကုန်ပြပွဲနှင့်အရောင်းပွဲတော် ၂၀၀၄” ကျင်းပရေး ဦးစီးကော်မတီနှင့် ဆပ်ကော်မတီဝင်များ၊ ပြည်နယ်နှင့်တိုင်း သမဝါယမဦးစီးဌာနနှင့် အရောင်းပြခန်းတို့မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စမ်းချောင်းမြို့နယ် အမှတ်(၂)နှင့်လသာမြို့နယ်အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတို့မှ ဘင်ခရာ၊ ပန်းဖွားနှင့် အကအဖွဲ့ဝင် ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ▼

ကမ္ဘာတစ်လွှားထူးထူးခြားခြား

ဆူမိုနပန်းသမားကြီး၏ လက်ထပ်ပွဲ

ဇန်နဝါရီ၁၂ရက်က ဂျပန်နိုင်ငံတိုကျိုဟိုတယ်၌ဆူမိုနပန်းသမားဟောင်းကိုနိရှိကီနှင့်အတူ လက်ထပ်ခဲ့သူလေးချိုင်းအိဂျီးမားတို့သည် လက်ထပ်မှုကို ကြေညာရန် သတင်းစာရှင်းလင်းပွဲသို့ ရောက်ရှိလာစဉ်။ (အောက်ပုံ)

သူသည်အသက်(၂၈)နှစ်အရွယ်ရှိ ဆေးဝန်ထမ်းဟောင်း အမျိုးသမီးတစ်ဦးကို လက်ထပ်ခဲ့ခြင်း ဖြစ်သည်။ ၎င်းသည်အိုဇီကီဒုတိယ အမြင့်ဆုံး အဆင့်ကိုရရှိခဲ့သည့် ပထမဆုံးသော နိုင်ငံခြား၌မွေးဖွားခဲ့သည့်ဆူမိုနပန်းသမားဖြစ်သည်။ ကိုနိရှိကီသည် ဟာဝိုင်ယီ၌ မွေးဖွားခဲ့သူဖြစ်သည်။

(အေပီ)

ဦးစိန်ဝင်းနှင့်ညီများ ပြည်တွင်းဖြစ် ဆန်စက် အပိုပစ္စည်းများ အရောင်းဆိုင်ကို ပြသထားစဉ်။

ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

အရည်အသွေးမြင့်မြန်မာ့ဆန်များပြည်ပပို့မိုတင်ပို့နိုင်ရေး အထောက်အကူပြုမည့်မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ

သတင်းဆောင်းပါး – စိုးစိုးနိုင်၊ ဓာတ်ပုံ – သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံ ဖြစ်သည်။ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်းဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး၊ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊ပြည်တွင်းပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေးနှင့် နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်

စာမျက်နှာ ၁၂ ကော်လံ ၁ ❁